www.burmeseclassic.com

## ကျားခံတွင်းစံအိမ်



L လင်း

www.burmeseclassic.com

www.burmeseclassic.com

**ပဥ္စ ဂုဏံ အဟံ ဝန္ဒာမိ**


ထုတ်ဝေခြင်း - ပထမအကြိမ်
၂၀၁၅ ခုနှစ်၊

အုပ်ရေ - ၅၀၀ အုပ်

တန်ဖိုး - ၁၃၀၀ ကျပ်

အဖုံးနှင့်အတွင်းပုံနှိပ်သူ - ဒေါ်ခင်ချိုချိုမြင့် (ကောင်းဆုအော့ဖ်ဆက်)
အမှတ် (၅၂/ခ)၊ ရွှေယင်းမာလမ်း၊
(၁၃)ရပ်ကွက်၊ ရန်ကင်း။

ထုတ်ဝေသူ - ဦးလှနိုင် (မြိတ်စာပေ)
အမှတ်(၆၆)၊ ဗိုလ်ဥတ္တမလမ်း၊
ကြည့်မြင်တိုင်၊ ရန်ကုန်။

ဖြန့်ချိရေး - မြိတ်စာပေ၊ ဖုန်း - ၀၉-၇၃၂၄၅၀၄၈
အမှတ်-၂၂၁၊ ၃၁-လမ်း (အထက်)၊
ရန်ကုန်။

စီစဉ်သူ - ဦးလှနိုင် (မြိတ်စာပေ)
ဖုန်း - ၀၉-၅၀ ၃၁၀၃၄




၃၉၈. ၂

မင်းစက္က
ကျားခံတွင်းစံအိမ် / မင်းစက္က ။ - ရန်ကုန်၊
မြိတ်စာပေ ၊ ၂၀၁၅ ။
၂၄၈ - စာ၊ ၁၂ × ၁၈ စင်တီ။
ကျားခံတွင်းစံအိမ်


# မင်းစက္က

ကျားခံတွင်းစံအိမ်



www.burmeseclassic.com



## အခန်း — ၁

တောက စိမ်းစိုနေသည်။ တောင်ကလည်း စိမ်းလန်း
သာ သစ်ပင်များနှင့်မြင့်မားလှသည်။ တစ်တောလုံး တစ်
တောင်လုံးသည် မြရည်လိမ်းထားသည့်နှယ် မြင်ရ၏။

ရှေ့ကကြည့်လိုက်တော့လည်း တောင်တန်းများနှင့်။
နောက်ဘက်မှာလည်း တောင်တန်းတွေနှင့်။ ဝန်းကျင်တစ်
ခုံးတွင် စိမ်းစိုနေသော တောင်တန်းများ ဝန်းရံထားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ရထားကြီးက အရှိန်ပြင်းစွာဖြင့် မှန်မှန်ခုတ်မောင်းနေ၏။ ရထားအပြင်ဘက်မှ တိုက်ခတ်နေသော လေအေးဒဏ်ကြောင့် ချမ်းစိမ့်သော အသိကို ခံစားနေရသည်။ အချို့ခရီးသည်များက မျက်စိကို စုံမှိတ်လျက် မှေးစက်နေကြသည်။

ရထားပြတင်းပေါက်ဘေးမှ ထိုင်ခုံတွင် ကျုံ့ကျုံ့ကလေးထိုင်ရင်း အပြင်ဘက်မှ ရှုခင်းများကို ငေးမောကြည့်ရှုနေသူက မေသော်။ သူမသည် အပြင်ဘက်မှ ရှုခင်းများကို ငေးမောရင်း တွေးနေလေ၏။ ပြေးနေသော ရထားအရှိန်ကြောင့် မြင်တွေ့နေရသော ရှုခင်းများသည် မြင်ကွင်းထဲမှ တစ်ခဏချင်းပင် ပျောက်သွား၏။ တောတောင်ရှုခင်းများကို မြင်တွေ့နေရသည်မှာ မေသော့်အတွက် စိတ်ချမ်းမြေ့လှသည်။

ရန်ကုန်ဘူတာမှ ညရထားစတင်ထွက်ခွာလာသည့်အချိန်မှစ၍ မေသော်သည် တခဏလေးသာ အိပ်ပျော်သွားခဲ့၏။ ရထားကြီး စတင်ထွက်ခွာလာစဉ်က ရထားတွဲပေါ်တွင် ခရီးသည်များ၏ စကားပြောသံများဖြင့် ဆူညံနေ၏။

ညဉ့်နက်ချိန်ရောက်၍ ရထားပြတင်းပေါက်မှတစ်ဆင့်





တိုးဝင်လာသည့် လေကြောင့် ရထားတွဲပေါ်တွင် အအေးဓာတ်က လွှမ်းခြုံသွားကြသည်။ ထိုင်ခုံနောက်မှီတွင် ခေါင်းမှေးကာ အိပ်စက်သွားကြ၏။ မေသော်က စာအုပ်တစ်အုပ်ကို စိတ်ဝင်စားစွာ ဖတ်ရှုရင်း အချိန်ကို ကုန်လွန်စေခဲ့သည်။ သို့ပေမယ့် ညဉ့်နှစ်နာရီကျော်တော့ မေသော်၏ မျက်ခွံတွေ လေးလာသည်။ မျက်လုံးများက ဝေဝါးလာ၏။ ဖတ်နေသည့် စာလုံးများကို မမြင်ချင်တော့။ စိတ်ဝင်စားမှုတွေ အားနည်းလာသည်။

ထို့ကြောင့် မေသော်သည် ဖတ်လက်စစာအုပ်ကို ပိတ်လိုက်၏။ နှုတ်ခမ်းတွင် လက်ဖဝါးအပ်ပြီး သန်းဝေမိ၏။ ခေါင်းဘယ်ညာယိမ်းလိုက်သည်။ မျက်နှာချင်းဆိုင်ထိုင်ခုံမှ ခရီးသည် မိန်းမနှစ်ဦးက အိပ်ပျော်နေရှာ၏။ မေသော်ဘေးမှ မိန်းမကြီးက ဟောက်သံများပင် ထွက်နေသည်။ မေသော်သည် တစ်ချက်ပြုံးလိုက်မိ၏။ မိမိကိုယ်တိုင်ကလည်း အိပ်ငိုက်နေသည် မဟုတ်လား။ မေသော်သည် ထိုင်ခုံနောက်မှီကို ခေါင်းဖြင့်မှီရင်း မျက်စိကို စုံမှိတ်ထားလိုက်မိသည်။ မှေးကနဲ အိပ်ပျော်သွားသည်။ သို့ပေမယ့်. . .။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘေးနားမှ အိပ်ပျော်နေသော မိန်းမကြီးက သူ့ပခုံးကို ခေါင်းနှင့်လာဆောင့်သဖြင့် မေသော်နိုးသွား၏။ ရုတ်တရက်မို့ ထိတ်လန့်သွားမိသဖြင့် မျက်စိကို စုံမှိတ်ထားသော်လည်း အိပ်မပျော်တော့။ မျက်နှာချင်းဆိုင်မှ ခရီးသည်မိန်းမတစ်ဦးကလည်း နိုးလာသည်။ ရထားပြတင်းပေါက်ကို ပိတ်နေသည့် အသံကို မေသော်ကြားမိ၏။ မေသော်က မျက်လုံးဖွင့်ကြည့်လိုက်မိသည်။

"ပြတင်းပေါက်က လေတစ်အားတိုးတော့ ချမ်းစိမ့်လာတယ်. . အဲဒါကြောင့် တံခါးပိတ်လိုက်တာ. . "

ခရီးသည်မိန်းမက ချိုသာသောအသံဖြင့် မေသော့်ကို ပြောသည်။ မေသော်ကလည်း ပြတင်းပေါက်တံခါးကို ပိတ်ချင်နေတာနဲ့တော့ အတော်ဖြစ်သွား၏။ အိပ်၍မရတော့မှန်း သိနေသော မေသော်က စာအုပ်ကိုဆက်ဖတ်နေမိသည်။ စာဖတ်ရင်း ပျင်းရိသွားသည့်အခါ မျက်စိကို စုံမှိတ်ထားလိုက်၏။ မျက်စိကို အနားပေးသည့် သဘောပေါ့။

သည်သို့စာဖတ်လိုက်၊ နားနေလိုက်နှင့် မိုးစင်စင်လင်း





ာသည်။ မေသော်က ပြတင်းပေါက်တံခါးကိုမ၍ ဖွင့်လိုက်
ည်။ ခရီးသည်မိန်းမကြီးများက နိုးနေကြလေပြီ။

ရထားပေါ်မှ မြင်တွေ့နေရသော ရှုခင်းအားလုံးသည်
သော့်အတွက် အသစ်အဆန်းများသာဖြစ်၏။ မြင်ပြီးသည်
င့် ပျောက်သွားကြသည်။ တကယ်တော့ မြင်ရသမျှတို့က
ာက်မှာကျန်ခဲ့တာပါလေ။

ကြည့်စမ်းပါဦး. . သာစည်သည် နောက်မှာကျန်ခဲ့
ပြီကော။ သာစည်သာမက ဆင်တောင်ဘူတာသည်လည်း
ာက်မှာကျန်ရစ်ခဲ့ပြီ။

ဟော. . ရှေ့မှာ မြင်းတိုက်။ မေသော်က ခရီးစဉ်ဘူ
တာများကို ကျက်မှတ်ထားသည်မို့ မေသော်ရောက်ချင်နေ
သည့် ကလောက ရှေ့မှာလေ။ ဘာလိုလိုနဲ့ နီးလာပြီ။ ကလော
ရောက်တော့မှာပါလားဟု မေသော်ရှုတွေးလိုက်မိ၏။ အင်း.
လောကို နီးသည်ထက် နီးလာပြီပဲ. . ။

တွေဝေနေသော မေသော့်မျက်လုံးများက တောင်
န်းကြီးများဆီသို့ ရောက်သွားပြန်၏။ မြင့်မားသော တောင်



www.burmeseclassic.com

www.burmeseclassic.com



တန်းများပေါ်တွင် ထုံးဖြူဖြူဖွေးဖွေးနှင့် စေတီတော်တစ်ဆူကို မေသော်ဖူးတွေ့နေရသည်။ ထိုထုံးဖြူဖွေးနေသော စေတီတော်ကြောင့် တောင်တန်းများသည် သာယာလှပနေသည်ဟု ထင်မိသည်။

မေသော်သည် စေတီတော်ရှိရာသို့ အာရုံပြု၍ လက်အုပ်ချီကာ ရှိခိုးလိုက်၏။ ဖြစ်များဖြစ်နိုင်မည် ဆိုပါလျှင် တောင်တန်းများပေါ်ရှိ စေတီရှိရာသို့ သွားရောက်ကာ ဖူးလိုက်ချင်မိသည်။

ရထားလမ်းက မြင့်မားနေသောကြောင့် တောင်တန်းများကို အထက်စီးမှ မြင်နေရသည်။ မြင်ကွင်းသည် တပြန့်တပြောကျယ်ဝန်းနေသလိုပင်။ မြင်ကွင်းကျယ်ကြီးကို ကြည့်နေရသည်ပင် လှပလွန်းလှသည်ဟု မေသော်ထင်နေမိသည်။

တောင်စဉ်တောင်တန်းများ၏ ရှုမောဖွယ်ရာ အလှအပသည် ကြည့်ရှုနေသူ၏ စိတ်အစဉ်ကို ဆွဲဆောင်မှုလည်း အပြည့်ရှိလှသည်။ မေသော်သည် လှပသောရှုခင်းများကို စိတ်ဝင်စားစွာ ကြည့်ရှုနေရင်းမှ ရင်ထဲသို့ ဝေဒနာတစ်ရပ်က တိုး





ဝင်ရောက်ရှိလာသည်။ ပျော်ရွှင်ကြည်နူးခြင်းတွေကို ခံစားနေရဆဲမှာပင် ရင်ထဲတွင် တဆတ်ဆတ်ခုန်လာခြင်းဖြစ်၏။ မေသော်သည် ရင်ထဲမှ ခံစားနေရမှုကို သတိထားမိရင်း သက်ပြင်းချလိုက်မိ၏။

"ဟင်း. ."

ရင်ထဲက ခံစားမှုများ သက်သာသလို ရှိသွား၏။ ခုတ်မောင်းနေသော ရထားသည် အရှိန်လျှော့ကာ ရပ်တန့်လိုက်သည်။ ပြီးမှဥသြဆွဲ၍ ရထားဘီးလှိမ့်ရုံသာ အဆင်းကို စတင်သည်။ ရထားဆင်းစတွင် ရထားတွဲသည် ငြိမ့်ငြိမ့်ကလေးနှင့်ဖြစ်နေသည်။ ထို့မှ တစ်စတစ်စမြန်လာ၏။ ဟော. . သိသိသာသာ လှုပ်ရမ်းလာပြီ။ သိမ့်သိမ့်ခါလာပါပြီ။ မေသော်မှာ တစ်ခါမှ မကြုံတွေ့ဖူးသဖြင့် မျက်လုံးအဝိုင်းသားလေးနှင့် ထိတ်လန့်နေ၏။ သည်ခရီးသို့ သွားလာနေဖူးသည့် ခရီးသည်တွေအတွက်တော့ ဘာမှမထူးဆန်းသလိုပင်။ တည်တည်ငြိမ်ငြိမ်နှင့်ရှိနေကြသည်။

မေသော်သည် အဝေးမှ ရှုခင်းများကို လှမ်း၍ကြည့်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ လှပရှုမငြီးသော ရှုခင်းများသည် ဟိုအဝေးမှာ ကျန်ခဲ့ကြပြီ။ ရထားကြီးကသာ ရှေ့သို့ဦးတည်ခုတ်မောင်းနေသည် မဟုတ်လား။ မေသော်၏ အတွေးအာရုံထဲတွင် လမ်းတစ်လျှောက်မှ မြင်တွေ့ခဲ့ရသော ရှုခင်းများကို ပြန်လည်မြင်ယောင်နေမိ၏။ သို့ပေမယ့် မြင်တွေ့ခဲ့ရသမျှ အရာအားလုံးတို့သည် မြင်ကွင်းထဲက ပျောက်သွားပြီး နောက်မှာဝေး၍ဝေး၍ ကျန်ခဲ့သည်ကို မေသော်သိခဲ့ရသည်။ သို့သော် အတွေးအာရုံထဲကတော့ ပျောက်မသွား။

"ဟင်း. ."

မေသော်သည် သက်ပြင်းရှည်ကြီးတစ်ခုကို ချလိုက်မိပြန်သည်။ ရင်ထဲတွင် ခံစားနေရမှုများ ပြေပျောက်သွားလေမည်လား အထင်နဲ့ပေါ့။ ဒါပေမယ့် တင်းကျပ်သော ဝေဒနာတစ်ရပ်ကို မေသော့်ရင်ထဲတွင် ခံစားလာရသည်။ ယင်းဝေဒနာများနှင့်အတူပင် မေ့ပျောက်ထားသော ဖြစ်ရပ်များက မေသော့်အတွေးထဲသို့ဝင်လာသည်။

ဖြစ်နိုင်မည်ဆိုလျှင် မေသော်သည် အတိတ်က ဖြစ်





ရပ်များကို မေ့ပျောက်ထားချင်သည်။ သို့သော်လည်း အတိတ်ကဖြစ်ရပ်များသည် မေ့ဖျောက်ထား၍လည်း ရသည့်အရာမဟုတ်။

အခုလည်း ကြည့်လေ. . . . အတိတ်ကဖြစ်ရပ်များကြောင့် မေသော်သည် မမျှော်လင့်ပါပဲ ခရီးထွက်လာရခြင်းဖြစ်သည်။ ငယ်စဉ်ကတည်းက ရန်ကုန်အနီးပတ်ဝန်းကျင်ကိုသာ သွားလာတတ်သော မေသော်သည် တစ်ခါမှ မရောက်ဖူးသေးသော တောင်တန်းဒေသသို့ ခရီးထွက်လာခဲ့ရ၏။ မြင်တွေ့သမျှသော အရာအားလုံးသည် အစိမ်းသက်သက်ချည်းသာ။

အတိတ်ကဖြစ်ရပ်သည် မေသော့်ဘဝအတွက် အရေးပါ အရာရောက်ဆုံးသော ဖြစ်ရပ်ဟု ဆိုချင်ပါသည်။ မေသော်၏ဘဝကို အမျိုးမျိုးအဖုံဖုံ ပြောင်းလဲစေခဲ့သော ဖြစ်ရပ်တစ်ခုလည်း ဖြစ်ပါသည်။" သည်သို့ပင် မေသော်ထင်ထားသည်ပဲလေ။



www.burmeseclassic.com

www.burmeseclassic.com



တကယ်တော့ ထိုဖြစ်ရပ်များသည် မေသော့်အတွက် ပုစ္ဆာတစ်ပုဒ်ပမာလည်း ဖြစ်၍နေသည်။ မေသော့်ဖေဖေ. . သည်နေရာ သည့်ဒေသတွင် အစပြု၍ အဆုံးမသတ်သေး သော ပုစ္ဆာတစ်ပုဒ်ဟု ဆိုချင်ပါသည်။

ထိုပုစ္ဆာကို အဖြေရှာချင်သောစိတ်သည် မေသော့်တွင် ငယ်စဉ်ကတည်းကပင် သန္ဓေတည်နေခဲ့သည်။ မေသော်၏ ဦးနှောက်ထဲတွင် နှစ်ပေါင်းများစွာ ကိန်းအောင်းနေခဲ့သည်။ ဖေဖေမရှိတော့သည့်နောက်ပိုင်းတွင် မေသော်သည် စည်းကမ်း ကြီးသော ဘိုးဘိုးနှင့်အတူ နေခဲ့ရသဖြင့် မေသော်စိတ်ဆန္ဒ တို့ကို မျိုသိပ်ထားခဲ့ရပါသည်။

အခုတော့ ဘိုးဘိုးလည်း ကွယ်လွန်သွားရှာလေပြီ။ လူ့လောကအလယ်တွင် မေသော်သည် တစ်ကောင်ကြွက်သ ဝဖြင့် ကျန်ရစ်ခဲ့ရရှာသည်။ အဖော်မဲ့ရသည့်ဘဝ။ အားကိုးရာ မဲ့သည့်ဘဝ ဖြစ်ရရှာပြီ။

ဘိုးဘိုး မရှိတော့သည့်အခါ ပထမတော့ မေသော်





ဘုန်းလှုပ်သွားမိ၏။ ဖေဖေနှင့်ဘိုးဘိုးသည် မေသော့်အတွက် မြောက်မြားစွာသော အမွေအနှစ်ပစ္စည်းများကို မထားခဲ့ပါ။ သို့သော်. . မေသော့်ကို လူတန်းစေ့နေနိုင်အောင်တော့ ဖန် တီးပေးခဲ့ရှာပါသည်။ မေသော့်ခန္ဓာကိုယ်တွင် လှပစွာဆင်မြန်း နိုင်မည့် ရွှေငွေရတနာပစ္စည်းများကို အတန်အသင့် ပေးထား ခဲ့သည်။ မေသော့်ဘဝတွင် ပင်ပင်ပန်းပန်း လုပ်ကိုင်ရှာဖွေမ စားသောက်ရအောင် ပညာအမွေများ ပေးခဲ့ပါသည်။

သို့ကြောင့်. . မေသော့်ဘဝရှေ့ရေးအတွက် စိုးရိမ် သောကဖြစ်စရာ မရှိခဲ့ပါ။ မိမိ၏ ခြေအစုံပေါ်တွင် မားမား မတ်မတ် ရပ်တည်နိုင်လိမ့်မည်ဟု မေသော်ယုံကြည်ထားသည် ။

ဘိုးဘိုးမကွယ်လွန်မီက အသိပေး ပြောကြားသွားခဲ့ သော အကြောင်းအရာတစ်ခုသည် မေသော်၏ရင်ကို လှုပ်ခါ သွားစေခဲ့သည်။ စိတ်ထဲ၌ တအုံနွေးနွေးဖြစ်နေခဲ့ရသော ဆန္ဒ အကောင်အထည်ဖော်လိုမှုများ မေသော့်တွင်ဖြစ်ပေါ်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



၏။

ထိုကိစ္စကား အခြားမဟုတ်ပါ။ ပျောက်ဆုံးနေသေ
မွေးမေမေအား ရှာဖွေရန်ဖြစ်ပါသည်။ မေသော်ကလေး
ငယ်အရွယ်ဘဝကတည်းကပင် မေမေသည်ပျောက်ခြင်းမ
ပျောက်သွားသည်ဟု မေသော်သိခဲ့ရ၏။ မေမေ့ကို မေသေ
တွေ့ချင် မြင်ချင်မိသည်။ ထိုအသိလေးကြောင့်ပင် မေမေ့
ရှာဖွေလိုစိတ်များက မေသော့်ကို အချိန်တိုင်းနှိုးဆွပေးခဲ့သ

မေမေ့ကို တမ်းတပြီး မေသော်မြင်မက်ခဲ့သော
မက်များသည် မရေတွက်နိုင်တော့။ အိပ်မက်မှနိုးထသည့်
ခါ ရင်ထဲမှခံစားရသော ဝေဒနာကြောင့် မေသော်ငိုကြွေး
သည်မှာ ကြာခဲ့ပြီ။ ရှိုက်သံကို မည်သူမှမကြားအောင် ကို
မှိတ်ခဲ့ရသည်။

ဘိုးဘိုးမသေဆုံးမီက မေမေနှင့်ပတ်သက်သော
ကြောင်းအရာများကို ဘိုးဘိုးကမေသော်အား ပြောပြခဲ့ပါ
ကြားသိရသော အကြောင်းအရာများအရ မေမေသည် အ





တန်လှသည်ဖြစ်၍ မေသော်အံ့ဩသွားရသည်။ မေမေ၏သ
ာင်းအပုပ်နံ့သည် ပျံ့လွင့်လွှန်းနေသည်။

သူစိမ်းတစ်ယောက်ကသာ သည်အကြောင်းအရာကို
ပြောပြသည်ဆိုပါလျှင် မေသော်ယုံကြည်မိမည်မဟုတ်။ လက်
ခံလိမ့်မည်မဟုတ်ပါ။ ယခု. . မေမေ၏အဖေ ဘိုးဘိုးကအ
သုံးစုံ ပြောပြလာသည့်အခါ မေသော်တုန်လှုပ်သွားမိ၏။

ဘိုးဘိုးပြောပြသလို မေမေသည် ဖေဖေ့အားစွန့်ခွာ
၍ ရင်ခွင်သစ်နောက်သို့ လိုက်သွားသည်ဆိုသည်မှာ တကယ်
ပဲလား။ မေသော် ယုံရမှာဝန်လေးနေမိသည်။ မေမေသည်
တကယ်ပဲ အကျင့်တန်ခဲ့သလား။ မေမေအား မေသော်. . မ
ောင်းထင်ရမည်ကို ဝန်လေးနေမိ၏။

မေမေ၏ အစွန့်ပစ်ခံဘဝသို့ ရောက်သွားရသည့် ဖေ
သည် အရူးတစ်ယောက်ပမာ ဖြစ်သွားသည်ဟု ဘိုးဘိုးက
ပြောသည်။ ဇနီးသည်အတွက် လွမ်းဆွေးနေသော ဖေဖေ့ကို
ဘိုးကိုယ်တိုင် အိမ်တွင်ခေါ်ထားပြီး ဆုံးမပြောဆိုကာ ကျွေး



www.burmeseclassic.com

www.burmeseclassic.com



မွေးစောင့်ရှောက်ထားခဲ့ရသည်တဲ့လေ။

ဖေဖေသည် ရှက်စိတ်၊ မေမေ့အပေါ် နာကျည်းစိ များဖြင့် ရင်ထဲမှ သောကဝေဒနာကို ကျိတ်မှိတ်ခံစားသွား ရှာသည်။ သမီးလေးမေသော် စိတ်အားမငယ်ရအောင် အ ရုပ်ကို ဟန်ဆောင်နေခဲ့၏။ မေသော်က ရွယ်တူကလေးသူငေ တွေ၏ မေမေကို မြင်ရတော့. . . ။

"ဖေဖေ. . . သမီးမေမေကောဟင်"

ဟုမေးခဲ့ဖူးသည်။ သည်တော့ ဖေဖေက သမီးဖြစ် မေသော်၏ ဆံစကလေးများကို လက်ဖြင့်ညင်သာစွာ သပ်ေ ရင်း မျက်နှာကို ပြုံးထားသည်။ သည်တုန်းက ဖေဖေ့အပြုံးမျ ဟန်ဆောင်ထားမှန်း မေသော်မသိခဲ့ရိုးအမှန်ပါ။

"သမီးမေမေက ဟိုးအဝေးကြီးကို သွားနေတယ်၊ ပြန်လာရင် သမီးအတွက် မုန့်တွေ အများကြီးဝယ်လာမှာ

မေသော်အသက်အရွယ်ကလေးရလာတော့ မေ သေဆုံးသွားပြီဟု ဖေဖေကပြောသည်။ မေမေ၏ အတိ





ဇာတ်လမ်းကို မေသော်အား မသိစေလို၍ ပြည်ဖုံးကားချလိုက် ခြင်းဖြစ်သည်။ မေမေသေဆုံးသွားပြီဆိုတော့လည်း ဘာမှမ မေးသာတော့။ ငါ့အမေ သေဆုံးသွားပြီပဲဆိုသည့် အသိကို သာ ရှိထားရတော့သည်။

ယခုတော့ ရင်ထဲက သောကတွေနဲ့ ဖေဖေသေဆုံး သွားရရှာပြီ။ ဘိုးဘိုးကလည်း ဇာတိဇရာ ဗျာဒိမရဏတရားကို လွန်ဆန်နိုင်၍ သေဆုံးသွားခဲ့ပြီ။ ဖေဖေနှင့်ဘိုးဘိုးမရှိတော့ သည့် အချိန်ကျတော့မှ မေသော်သည် မေမေ့ကိုရှာရန် ခရီး ထွက်လာခဲ့မိတော့သည်။

ဘိုးဘိုး၏ ပြောစကားအရ 'မေတ္တာစံအိမ်'သည် က လာမှာ ရှိသည်ဟု မေသော်သိထားသည်။ ဖေဖေမရှိသည့် နောက်တွင် မေတ္တာစံအိမ်ကို ဖေဖေ၏ အစ်ကိုကြီးဘဘကြီး က ထိန်းသိမ်းစောင့်ရှောက်ထားသည်။

ရထားက ဘူတာရုံအတွင်းသို့ ဝင်လာမှ မေသော်အ တွေးများ ပြတ်တောက်ကာ အသိဝင်လာသည်။ ရထားခွဲပေါ်



www.burmeseclassic.com

www.burmeseclassic.com



မှ ခရီးသည်များ လှုပ်လှုပ်ရွရွဖြစ်လာကြသည်။ ရထားက က လောဘူတာသို့ပင် ဝင်လာပြီလေ။

ကလောရောက်ပြီဆိုသည့် အသိကြောင့် မေသော်၏ ရင်ခုန်သံတွေက တစ်စထက်တစ်စ မြန်လာပါသည်။

x x x

## အခန်း- ၂

မေသော်က ရပ်တန့်သွားသော ရထားတွဲပေါ်မှ ဆင်း လာခဲ့သည်။ အထုပ်အပိုးတွေကိုဆွဲ၍ ဘူတာရုံရှေ့သို့ လာ ခဲ့သည်။ သည်မြေသည်ဒေသမှာ နေထိုင်သူ၊ ရောက်ဖူးသူတွေ အတွက်တော့ သွားလာရေးက မခက်ခဲ။ မေသော့်လို တစ်ခါ မှ မရောက်ဖူးသေးသည့် သူ့အတွက်မှာတော့ အငှားကားကို စီး၍ ကလောဟိုတယ်သို့ လာခဲ့ရသည်။

မြိုက်စာပေ

www.burmeseclassic.com

www.burmeseclassic.com



— မေသော်သည် ခရီးဝေးဝေးလံလံသို့ တစ်ခါမှပင် မရောက်ဖူးသေးသည်မဟုတ်၍ စိုးရွံ့နေမိသည်က အမှန်ပါ။ ယခုတော့ သည်ခရီးဝေးသို့ မေသော်ရောက်လာရပြီ။ မေမေ၏ ဂုဏ်သိက္ခာကို မြှင့်ချင်လွန်းသောကြောင့် သည်အရပ်ဒေသကို မေသော်လာခဲ့ရပြီ။

မေတ္တာစံအိမ်မှာ ဘာဘကြီးရှိနေမည်ကို မေသော်သိပါသည်။ သို့သော် မေတ္တာစံအိမ်သို့ မေသော်တိုက်ရိုက်မသွားချင်သေး။ လက်ရှိအခြေအနေက မည်သို့ရှိနေမည်ကို မေသော်မသိရသေး။ သည်ဟိုတယ်မှာ တည်းခိုပြီး မေတ္တာစံအိမ်နှင့်ပတ်သက်သည်များကို မေသော်လေ့လာကြည့်ချင်သေးသည်။ စူးစမ်းကြည့်ချင်သေးသည်ဆိုသည့် အကြံအစည်က မေသော့်မှာ ရှိနေသည်။ ကလောဟိုတယ်တွင် မေသော်တည်းခိုရသည်မှာ အဆင်ပြေပါသည်။ ဟိုတယ်ဝန်ထမ်းများက စကားပြောချိုသာသည်။ ပျူငှာစွာ ဆက်ဆံတတ်ကြသည်။ သည့်အတွက် မေသော်စိတ်ချမ်းသာနေမိသည်။

ကလောဟိုတယ်သည် မေသော်ထင်ထားသည်ထက်





…င် ခမ်းနားထည်ဝါလှပါသည်။ ကုန်းမြင့်ပေါ်၌ တည်ဆောက်…ားသောကြောင့် သန့်ရှင်းလတ်ဆတ်သော လေက အဆက်…ပြတ်ဆိုသလို တိုက်ခတ်နေသည်။ သည်လေကို ရှူရှိုက်နေရ…င်းကိုပင် မေသော်ကျေနပ်နေရသည်။

သည်အရပ်သည်ဒေသသို့ မိန်းကလေးတစ်ယောက်…ည်းရောက်လာပြီး တည်းခိုနေသည်ကို အထင်သေးဟန်မရှိ။ …အပ်သည့် အကူအညီကို အချိန်မရွေး တောင်းပါဟု ဟို…ယ်အုပ်ချုပ်ရေးမှူးက စကားဆိုထားသည်။

မေသော်သည် ကလောဟိုတယ်ကို နှစ်ခြိုက်သွားမိ…ည်။ ကလောမြို့ကလေးသည်လည်း သာယာလှပသဖြင့် …သက်သွားမိပါသည်။

မေသော်၏ အခန်းပြတင်းပေါက်မှကြည့်လျှင်တော့ …လောမြို့တစ်ဝက်ကို အထင်အရှား မြင်တွေ့နေရပါသည်။ …ာင်စောင်း၊ တောင်ခါးပန်းတို့တွင် တည်ဆောက်ထားသော …သပ်စွာ တည်ဆောက်ထားသည့် တိုက်ပုကလေးများသည် …ချင်စဖွယ်ကောင်းလှပါသည်။ ထိုတိုက်ပုကလေးများ၏ အ



www.burmeseclassic.com

www.burmeseclassic.com



ထက်ပိုင်း တောင်ကုန်းပေါ်တွင် မည်းမည်းထည်းထည်းကြီး အိမ်ကြီးတစ်ဆောင်ကို မြင်ရသည်။ မေသော်သည် ထိုအိမ်ကြီး ကို စိတ်ဝင်စားစွာ ငေးကြည့်နေမိပါသည်။

"ဒေါက်. . . ဒေါက်"

ထိုစဉ် တံခါးခေါက်သံကို ကြားလိုက်ရသောကြောင့် တံခါးပေါက်ရှိရာသို့ လျှောက်လာပြီး တံခါးကို ဖွင့်ပေးလိုက် မိ၏။

"ထမင်းကို အောက်ထပ်ကို ဆင်းစားမလား၊ အပေါ် ထပ်ကို လာပို့ပေးရမလားဆိုတာ လာပြီးမေးတာပါခင်ဗျာ"

ဟိုတယ်၏ စားပွဲထိုးကောင်လေးက အခန်းဝမှာရပ် နေပြီး လက်ကလေးကို နောက်ပစ်ထားရင်း မေးသည်။ ယဉ် ကျေးပျူငှာသော စရိုက်လက္ခဏာမှာ လေးစားစရာပင်ကောင်း သေးတော့သည်။

"အောက်ထပ်ကို ဆင်းစားပါ့မယ်ကွာ၊ ဒါနဲ့ မောင် လေး. . မင်းကို မေးစရာရှိလို့၊ အချိန်နည်းနည်းလေး ပေးနိုင် မလား"





မေသော်က အားနာသည့်ဟန်ဖြင့် မေးသည်။

"ဟုတ်ကဲ့၊ ပေးနိုင်ပါတယ်၊ ခိုင်းစရာရှိရင်လည်း ပြော ပါ"

စားပွဲထိုးကောင်လေးက သွက်လက်စွာပင်ပြောသည်။

"ဟိုပြတင်းပေါက်နားကို လိုက်ခဲ့ပါဦး"

မေသော်က ပြတင်းပေါက်ရှိရာသို့ လျှောက်သွား၏။ စားပွဲထိုးကောင်လေးက နောက်မှလိုက်လာသည်။

"ဟိုးကို လှမ်းကြည့်စမ်း. . . မောင်လေး"

မေသော်က သူစိတ်ဝင်စားနေသော အိမ်မည်းမည်း ကြီး လက်ညှိုးထိုးပြလိုက်သည်။ စားပွဲထိုးကောင်လေးက မေ သော်ညွှန်ပြရာသို့ လှမ်းကြည့်သည်။

"အဲဒီအိမ်ကြီးမှာ လူတွေနေသလား၊ ရှေးအိမ်ကြီးဆို တော့ စိတ်ဝင်စားလို့ မေးကြည့်တာ"

စားပွဲထိုးကောင်လေး၏ မျက်နှာမှာ တစ်မျိုးပြောင်း လဲသွားသည်ကို မေသော်မြင်လိုက်ရသည်။

"လူနေတဲ့အိမ်ပါ. . မမ၊ အင်း. . ဒါပေမယ့် အဲဒါက



www.burmeseclassic.com

www.burmeseclassic.com



မင်္ဂလာမရှိတဲ့ မေတ္တာစံအိမ်ပေါ့"

"ဘယ်လို . . ဘယ်လို . . မင်္ဂလာမရှိတဲ့ မေတ္တာစံအိမ်ဟုတ်လား"

မေသော်က ထိတ်ထိတ်ပျာပျာဖြင့် ပြန်မေးလိုက်မိ၏။ စားပွဲထိုးကောင်လေးက ခေါင်းညိတ်ပြသည်။

"ဟုတ်တယ် . . . မမ၊ ဒီအိမ်ကြီးနာမည်က 'မေတ္တာစံအိမ်'တဲ့၊ ဒါပေမယ့် မြင်တွေ့ရတာက မင်္ဂလာမရှိလိုက်တာ၊ ပြီးတော့ ဒီအိမ်ကြီးမှာ မကောင်းဆိုးဝါးတွေ ရှိတယ်လို့ပြောကြတယ်"

"မကောင်းဆိုးဝါးတွေ ရှိတယ်"

မေသော် စိတ်ဝင်စားသွားရသည်။

"တစ္ဆေ . . သရဲတွေရှိနေသလို ပြောနေကြတာပဲ"

"အို . . . ဟုတ်ရဲ့လားကွယ်"

"ဒီအနီးအနားမှာ နေထိုင်တဲ့ လူတိုင်းက အဲဒီအိမ်ကြီးအနားကိုတောင် မသွားရဲကြဘူး"

မေသော်က ခေါင်းကို ဘယ်ညာခါရမ်းနေမိသည်။





စားပွဲထိုးကောင်လေးက မေသော်၏ မျက်နှာကို အကဲခတ်နေသည်။

"အိမ်ကြီးက အိုမင်းနေပြီမဟုတ်လား၊ သက်တမ်းကလည်း ကြာမြင့်လှပြီထင်ပါတယ်၊ အိမ်ပုံစံကလည်း ရှေးလက်ရာဆိုတော့ ကြောက်စရာကောင်းနေတာပေါ့၊ အဲဒါကြောင့် လူတွေက ထင်ကြေးနဲ့ ပြောနေကြတာဖြစ်မှာပါ"

"မမက ဘာကြောင့် ဒီအိမ်ကို စိတ်ဝင်စားနေရတာလဲ"

စားပွဲထိုးကောင်လေးက မေသော့်မျက်နှာကို မော့ကြည့်နေရင်းမှ မေးသည်။ မေသော်က ခေါင်းရမ်းပြလိုက်၏။

"ဘာရယ်မဟုတ်ပါဘူးကွယ်၊ တောင်ကုန်းမြင့်မြင့်ပေါ်မှာ ဆောက်ထားတဲ့ အိမ်ကြီးမို့ ဘာလဲဆိုတာ သိချင်တာပါ"

"ဒီအိမ်နဲ့ ပတ်သက်ပြီး ဘာမှမသိသေးပဲနဲ့တော့ မဝေနဲ့ဦး၊ ဖြစ်နိုင်မယ်ဆိုရင်တော့ ဒီမြို့ခံလူတွေဆီမှာ မေးမြန်းကြည့်ပါဦး၊ ပြီးတော့မှ မမထင်မြင်ချက်တွေပေးပြီး ဝေဖန်ပါ။ မေတ္တာစံအိမ်က ဒီမြို့မှာတော့ နာမည်ကြီးပဲ၊ အဲဒီအိမ်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ကို ပိုင်ဆိုင်တဲ့သူနာမည်က ဦးသော်ကတဲ့ဗျ၊ ဦးသော်ကရဲ့ အစ်ကိုကြီးဆိုလား၊ ဦးလေးဆိုလားပဲ။ အဲဒီလူကြီးက မေတ္တာစံအိမ်မှာ နေတယ်၊ မေတ္တာစံအိမ်ကို ပြတိုက်လုပ်မယ်၊ ပြီးတော့ သက်ဆိုင်ရာကို ကမ္ဘည်းထိုးပြီး လှူဒါန်းမယ်လို့လည်း သတင်းတွေထွက်နေတယ်၊ ကျွန်တော်. . ဒီဟိုတယ်မှာ အလုပ်လုပ်နေတာ ကြာပါပြီ၊ အခုထိတော့ ဘာမှမထူးခြားသေးပါဘူး"

စားပွဲထိုးကောင်လေးက အိမ်မည်းကြီးဆီသို့ ငေးမော ကြည့်နေရင်းမှ ပြောသည်။

"အင်း. . နေပါဦးကွယ်၊ ဒီအိမ်ကြီးရဲ့ ပိုင်ရှင် ဦးသော်ကဆိုတာ ရှိသေးသတဲ့လား"

"ဟာ. . မမကလည်း ဦးသော်ကက လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာကတည်းက သေဆုံးသွားပြီလို့ သိရတယ်၊ အခု လက်ရှိနေတာက သူ့ဆွေမျိုးသားချင်းတွေတဲ့ဗျ၊ ကျွန်တော်တို့က ဒီအရပ်၊ ဒီဒေသကမဟုတ်တော့ ဒီအိမ်ကြီးနှင့်ပတ်သက်ပြီး အကြောင်းစုံတော့ မသိပါဘူး၊ ဒီဟိုတယ်က လူကြီးတွေက အဲဒီအိမ်ကြီးဘက်ကို မသွားရဘူးလို့ တားမြစ်ထားတယ်၊ ကျွန်





တော်တို့ကိုယ်တိုင်ကလည်း အဲဒီဘက်ကို မသွားရဲပါဘူး. . . မမရယ်"

မေသော်သည် စားပွဲထိုးကောင်လေး၏ စကားကို ခေါင်းတဆတ်ဆတ် ညိတ်ရင်း နားထောင်နေသည်။

"အခု အဲဒီအိမ်မှာ ဦးသော်ကရဲ့ အစ်ကိုကြီးက နေတုန်းပဲလား၊ နာမည်ကော မောင်လေးသိသလား"

"အဲဒီလူကြီးနာမည်က. . . ဦးဘက်တဲ့"

"ဦးဘက်ကို ငါ့မောင်လေး မြင်ဖူးသလား"

"တစ်ခါပဲ မြင်ဖူးပါတယ်၊ အဲဒီလူကြီးမှ ဒီအိမ်ကြီးမှာ မကြောက်မရွံ့ နေတယ်ဗျာ၊ ကျွန်တော်. . အဲဒီအိမ်ကြီးကိုမြင်ရတာနဲ့ ကြောက်တယ်"

"သူ့မှာ သားသမီးတွေဘာတွေ မရှိဘူးလား"

"မရှိဘူး. . . မမ၊ အဲဒီလူကြီးက လူပျိုကြီးလို့ ပြောနေကြတာပဲ၊ ကျွန်တော်လည်း သူများတွေပြောပြလို့ သိရတာနော်၊ ဘာလဲ. . . မမက အဲဒီအိမ်ကြီးကိုကြည့်ပြီး စိတ်ဝင်စားနေလို့လား"



www.burmeseclassic.com

www.burmeseclassic.com



စားပွဲထိုးကောင်လေးက မပွင့်မရဲပြုံးရင်း မေးသည်။

"ဟာ. . . စိတ်ဝင်စားပြီလားကွယ်၊ ညက ရထားပေါ်မှာ အိပ်ရေးဝအောင် မအိပ်စက်ခဲ့ရလို့ မမ. . ခရီးပန်းလာလို့သာပေါ့၊ ခရီးပင်ပန်းမလာရင် ဒီနေ့တောင် သွားကြည့်ချင်သေးတယ်၊ ဒီလို ရှေးလက်ရာကျတဲ့ အိမ်ကြီးတွေက အခုခေတ်မှာ သိပ်တန်ဖိုးရှိသွားပြီလေ၊ ဒါထက်နေပါဦး. . . မောင်လေးရဲ့၊ အဲဒီ ဦးဘဂ်မှာ နောက်ထပ် ညီအစ်ကိုမောင်နှမ မရှိဘူးလား"

"ရှိတော့ရှိတယ်၊ ညီတစ်ယောက်ရှိတယ်လို့ ပြောကြတယ်၊ အဲဒီ ညီကလည်း သူ့မိန်းမနောက်ယောက်ျားနောက်ပါသွားကတည်းက ဒီအိမ်ကြီးက ထွက်သွားတာ၊ ဒီနေ့အထိ ပြန်မလာတော့ဘူးလို့ သိရတာပဲ၊ ဘယ်မှာသွားနေတာလဲတော့ မသိပါဘူး"

"ဟင်"

မေသော့်နှုတ်မှ အသံထွက်သွားသည်။ ပြီးနောက်မှ သက်ပြင်းချလိုက်မိ၏။ မျက်နှာအမူအရာ ပျက်မသွားအောင် မေသော်ဟန်ဆောင်ထားရသည်။ မေမေ၏ မကောင်းသတင်း





သည် မိမိ၏ မောင်လေးအရွယ် စားပွဲထိုးကောင်လေးကပင် သိနေပါပေါ့လားဟု မေသော်တွေးလိုက်မိသည်။ ထိုသို့ရှိစဉ် မေသော်ငေးငိုင်သွားမိမှာ အမှန်ပင်။

မေမေသည် အများက ထင်မြင်နေသလို မဟုတ်ပါစေနဲ့။ မေ့မေ၏ အကျင့်တန်မှုများသည် မနာလိုသူများ၏အပြစ်တင်စကားသာ ဖြစ်ပါစေဟု မေသော်ဆုတောင်းနေမိပါသည်။

လောလောဆယ် အခြေအနေတွင် မေသော်သည် ဆုတောင်းနေရုံသာ တတ်နိုင်ပါသေး၏။ ဆုတောင်းနေရင်းနဲ့သာ သူ့ကိုယ်သူ ဖြေသိမ့်နေရသည့်သူတစ်ယောက် ဖြစ်နေပါသည်။

မေသော် လူမှန်းသိတတ်စ အရွယ်ကတည်းကပင် အမေဆိုသည်ကို မတွေ့ဖူး၊ မမြင်ဖူးခဲ့ပါ။ မေမေ၏ ရင်ငွေ့ကို ခိုလှုံခဲ့ရ။ ရင်ငွေ့ဆိုသော အရာသည် ဘယ်လိုရှိသည်ကို မေသော်မခံစားခဲ့ရပါ။ မေမေသည် မေသော့်အား နွေးထွေးသော



www.burmeseclassic.com

www.burmeseclassic.com



ကြင်နာမှုများကို ပေးမသွား။

ငယ်စဉ်ကပင် မေမေမရှိတော့ဘူးဆိုသည့် အသိဖြင့် သာနေခဲ့ရသည်။ မေမေခရီးသွားနေသည်ဟု ဖေဖေက ပြော လျှင်လည်း မသော်ယုံခဲ့ရသည်။ မမေသေသွားပြီဟု ပြော သောအခါတွင်လည်း ဝမ်းနည်းခဲ့ရရုံသာရှိသည်။ ကြာတော့ လည်း မေ့ပျောက်သွားခဲ့ရသည်။

အခုတော့ မေမေနှင့်ပတ်သက်ပြီး မေသော့ရင်ထဲတွင် ယူကျုံးမရ ဖြစ်နေရသည်။ အံ့ဩထိတ်လန့်ခဲ့ရသည်။ တကယ် တော့ မေသော်သည် မေမေ့၏ သွေးသားဖြစ်ပါသည်။ မေမေ ၏ တစ်ဦးတည်းသော သမီးလည်းဖြစ်ပါသည်။ မေမေသည် တကယ် အကျင့်ပျက်ခဲ့ရိုးမှန်ပါလျှင် သွေးခြင်းတူသော မေ သော့မှာလည်း ထိုစရိုက်မျိုးရှိတန်ရာသည်။ သို့သော် မေသော် သည် အကျင့်တန်မှုကို ရှုံမုန်းသည်။ မေမေ့ကို အကျင့်ဆိုးသည့် မိန်းမတစ်ယောက်ဟု ပြောဆိုနေကြခြင်းကို မေသော်သံသယ စိတ်ဝင်နေမိ၏။ မေသော်သည် ရက်ချည်းခေါင်းထဲသို့ ဝင်လာ





သော အတွေးစကို ဖြတ်ပစ်လိုက်သည်။

“ကဲ. . . မောင်လေး၊ မင်းမှာလည်း တာဝန်တွေရှိဦး မှာပဲ၊ အခုလို လာပြောတာ ကျေးဇူးတင်ပါတယ်၊ ထမင်းစား ချိန်ရောက်ရင် မမ. . အောက်ထပ်ကို ဆင်းပြီးစားပါ့မယ်ကွယ်၊ မောင်လေးသွားလို့ရပါပြီ”

“ဟုတ်ကဲ့ပါ. . . မမ”

စားပွဲထိုးကောင်လေးသည် မေသော့ကို ပြုံးပြနှုတ် ဆက်ပြီး အခန်းထဲမှ ထွက်သွားပါသည်။ မေသော်သည် အ ခန်းထဲကို သွား၍ ပြင်ပရှုခင်းများကို ငေးမောကြည့်ရှုနေမိ မိန်သည်။

မေတ္တာစံအိမ်ဆိုသော အိမ်ကြီးသည် ကုန်းမြင့်ပေါ် တွင် တည်ရှိသဖြင့် တစ်မြို့လုံးကို အပေါ်စီးမှ စိုးမိုးထားလေ သည့်အလား မြင်ရသည်။ အိမ်ကြီးက မည်းနက်နေခဲ့သော ကြောင့် အိမ်အို၊ အိမ်ဟောင်းကြီးတစ်လုံးဖြစ်နေသည်ကို အ ဝေးက မြင်ရုံဖြင့် သိနိုင်သည့်အနေအထား။

သည်အိမ်ကြီးကို မိမိ. . မိဘဘိုးဘွားများ ပိုင်ဆိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



သော အိမ်ကြီးပါလား။ သည်အိမ်မှာပင် မိမိ၏ ဆွေမျိုးစဉ်ဆက်တို့ နေထိုင်သွားပြီး ခေါင်းချသွားခဲ့တာပါလား။ သည်အိမ်မှာပင် မိမိကို မွေးဖွားသန့်စင်ခဲ့ပါလားဟု မေသော်တွေးနေမိပါသည်။

သည်အိမ်ကြီးကို ကြည့်ရင်းကြည့်ရင်း မေသော့်စိတ်တွေ လေးလံထိုင်းမှိုင်းလာသည်ကို မေသော်သတိပြုမိသည်။ တစ်ချိန်သောအခါက မေတ္တာစံအိမ်သည် ခမ်းနားထည်ဝါစွာ ရှိခဲ့ပေလိမ့်မည်။ မေတ္တာစံအိမ်မှ ဆွေစဉ်မျိုးဆက်များသည် ချမ်းသာကြွယ်ဝမှုကြောင့် မာနတံခွန်ထူကာ လူကို လူဟုပင် မမြင်နိုင်အောင် ရှိနေကြမည်မှာ သေချာသည်။ အမည်းစက်အစွန်းအထင်းမရှိခဲ့သော မိသားစုများသည် မေမေကြောင့် အကျည်းတန်ခဲ့ရသည်ဟု မေသော်ထင်ရလိမ့်နိုးဖြစ်ရသည်။

မေမေသည် ဂုဏ်ရှိန်မြင့်မားခဲ့သော မိသားစုကို အကျည်းတန်အောင် တကယ်ပဲ လုပ်ခဲ့လေသလား။ မေသော်အတော့ မေမေသည် သန့်ရှင်းဖြူစင်သူတစ်ဦး ဖြစ်ရလိမ့်မည်ဟု





ယုံကြည်နေမိသည်။ မေသော်၏ ယုံကြည်မှုမှာ မှားမည်မထင်။

အိမ်၏ သက်တမ်းတစ်လျှောက်လုံးတွင် အကျင့်ပျက်မိန်းမတစ်ဦးဟု စွပ်စွဲခံခဲ့ရသော မေမေ၏ သိက္ခာကို မေသော်ပြန်လည်မြှင့်တင်ပေးချင်သည်။ တကယ်ပင် မေမေသည် အကျင့်ပျက်ခဲ့သည်ပဲထားဦး။ မေမေ့ကို တွေ့အောင်ရှာရန် မေသော်ဆုံးဖြတ်ထားသည်။

မေမေနှင့်ပတ်သက်ပြီး မေသော်အံ့ဩနေမိသည့်အကြောင်း တစ်ခုတော့ရှိသည်။ မေမေသည် သူ့ရင်နှင့်လွယ်မွေးသည့် သမီးလေးကိုပင် သတိမရအောင် နေနိုင်ရက်လေလား။ ထိုသမီးလေး၏ ဘဝမည်သို့ရှိနေသည်ကို စုံစမ်းမေးမြန်းခြင်းပင် အလျဉ်းမရှိပါလား။

သို့အတွက် မေမေ့အပေါ်တွင် မေသော်နာကျည်းနေချင်မိသည်။ သို့သော် မေမေသည် မေသော့်အား လူ့လောကသို့ရောက်အောင် ရင်နှင့်လွယ်၍ မွေးဖွားခဲ့သူမို့ မနာကျည်းနိုင်ခဲ့ပါ။



www.burmeseclassic.com

www.burmeseclassic.com



မေမေ့တွင် ဖော်မပြနိုင်သော အကြောင်းတစ်ခုရှိမှာ တော့ သေချာပါသည်။ မေမေ့အနေနဲ့ မရှုသာ၊ မရှိုက်သာ သော ကိစ္စတစ်ခုကြောင့် မေသော်ကို ရင်နာနာနဲ့ ပစ်ထားရ ခြင်းပေလောဟု မေသော်အတွေးရောက်သွားသည်။

မည်သို့ပင်ဆိုစေ မေမေသည် မေသော်၏မိခင်။ တု မနိုင်းသာသော အနန္တကျေးဇူးရှင်။ မေမေ. . ဘယ်ဘ၀သို့ပင် ရောက်ရောက်။ မေမေ့ကို မေသော်ခွင့်လွှတ်သည်။ မမြင်ဖူး သော မေမေ့ကို မေသော်ချစ်ကြင်နာမိသည်။ လေးစားကြည် ညိုမိသည်။ မေမေ၏ ကျေးဇူးတရားများကို မေသော်သိတတ် နေသည်။

မေမေကိုယ်တိုင်လည်း မေသော်ဆိုသည့် သမီးလေး ကို တွေ့ချင်နေရှာမည်မှာ မလွဲ။ မေမေ့မှာရှိနေမည့် အကြောင်း တရားတစ်ခုကို မေသော်သိချင်နေမိသည်။

ဘိုးဘိုး၏ ပြောစကားအရ မေမေတစ်ပါးသူနောက် သို့ လိုက်သွားပြီးနောက် ဖေဖေသည် မေသော့်ကို ခေါ်ကာ ဘိုးဘိုးထံသို့ ရောက်လာခဲ့သည်။ ဖေဖေသည် သူ့ဆွေမျိုးအ





သိုင်းအ၀န်းများကို ကျောခိုင်းလာခဲ့သည်။ ဘိုးဘိုးသည် သမီး အရင်းဖြစ်သော မေမေ့အပေါ်တွင် အလွန်နာကျည်းခဲ့သည်။ ထိုနာကျည်းစိတ်နှင့်အတူ သမက်ဖြစ်သူ ဖေဖေအား သနား ကြင်နာခဲ့ရှာသည်။ ကိုယ်ချင်းစာစိတ်ဖြင့် ဖေဖေ့ကို စိတ်သက် သာမှုရရှိအောင် ဆုံးမခဲ့သည်။ ဖေဖေကိုယ်တိုင်ကလည်း ဘိုး ဘိုးကို ဖခင်သဖွယ် တလေးတစား ဆက်ဆံခဲ့ပါသည်။ အား ကိုးခဲ့သည်။ ဖေဖေ့အသွင်သည် သောကစိတ်ကြောင့် အရူး တစ်ယောက်ဖြစ်နေသည်။ ယခင်က အလှအပကြိုက်၍ ပြင် ပြင်ဆင်ဆင် နေတတ်သော ဖေဖေသည် နှုတ်ခမ်းမွေး၊ မုတ် ဆိတ်မွေးဗရစစ်နဲ့။ ဆံပင်ကိုပင် မဖီး။ အင်္ကျီလုံချည်ကိုပင် ဖြစ်သလို၀တ်၏။

ဖေဖေ့ကို အသနားပိုခဲ့သည်နှင့်အမျှ မေမေ့အပေါ် အပြစ်မြင်ခဲ့သော ဘိုးဘိုးသည် မေသော့်ကို မေမေနှင့်ပတ် သက်၍ ပြောပြသည့်အခါတိုင်း မျက်၀န်းအိမ်ထဲတွင် မျက်ရည် များ ရစ်ဝဲနေတတ်သည်ကို မေသော်ပြန်လည်သတိရမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"သမီးမေမေဟာ အကျင့်ဆိုးလွန်းလှပါတယ်၊ အရွယ်မရောက်သေးတဲ့ သမီးငယ်ရဲ့ မျက်နှာကိုမှမထောက် နောက်လူနောက် ပါသွားခဲ့တယ်၊ အဲဒီလူကလည်း သမီးဦးလေးဝမ်းကွဲတော်တယ်၊ သမီးဖေဖေရဲ့ ညီဝမ်းကွဲတစ်ယောက်ပေါ့၊ သမီးဖေဖေက သမီးမေမေအပေါ် မှာ နာကျည်းမယ်ဆိုရင်လည်း အပြစ်မဆိုသာပါဘူး၊ ဘိုးဘိုးသမီးကမှ ကိုယ်ကျင့်တရား မကောင်းခဲ့တာ၊ ဟင်း. . ရှက်စရာကောင်းပါတယ်ကွယ်"

ဘိုးဘိုး၏ စကားများသည် မေသော်၏ နားထဲတွင် စွဲနေခဲ့သည်။ မေသော်၏ အသည်းနှလုံးတို့ကို ဆွဲကိုင်လှုပ်ရမ်းသည့်နှယ် ခံစားရသည်။ ထိုစကားများကို ယနေ့တိုင် မေသော်ကြားယောင်နေဆဲရှိနေ၏။

သို့သော် မေမေ့ကို မေသော်မည်သို့မျှ အပြစ်မမြင်နိုင်သေးပါ။ ဒေါသလည်း မဖြစ်မိပါ။ ဘာကြောင့်ပါလိမ့်ဟု မေသော်တွေးမရခဲ့ပါ။ ဘိုးဘိုးပြောသော မေမေ့ကို ဖေဖေကွယ်လွန်၍ မေမေ့အကြောင်း သိရသည့်အချိန်ကပင် တွေ့





ချင်မြင်ချင်နေမိ၏။ ဖေဖေသက်ရှိထင်ရှားရှိစဉ်အခါက မေမေ့တတ်ပုံများ ရှိလေမလားဟု မြင်ဖူးချင်၍ မေးကြည့်မိသည်။ ဖေက ခေါင်းခါပြသဖြင့် စိတ်လျှော့သွားရသည်။ ဖေဖေကွယ်လွန်သွားသည့်အခါမှ မေမေမသေသေးဘူးဆိုသည်ကို သော်သိလိုက်ရသည်။ မေမေ့ကို တွေ့ဖူးချင်သည့် ဆန္ဒများည် ငုပ်လျှိုးနေရာမှ ပြန်ပေါ်လာသည်။ သို့သော် ဘိုးဘိုးကမေ့အကြောင်းကို မမေးရဟုပြောထားသောကြောင့် မျိုသိပ်ချပြန်သည်။

ဘိုးဘိုးကိုယ်တိုင်ပင် မေမေ့အပေါ် နာကျည်းစိတ်ဝင်သည်မဟုတ်လား။ မကောင်းမြင်နေသည်မဟုတ်ပါလား။ ခုတော့ ဖေဖေမရှိတော့သည့်နည်းတူ ဘိုးဘိုးလည်းမရှိတော့ မေသော်မှာ အထီးကျန်ဘဝ ရောက်သွားရပါသည်။

သို့သော် မေသော်စိတ်အားမငယ်မိပါ။ မေသော့်ဘဝတ်လပ်သွားပြီဟု ဆိုနိုင်ပါသည်။ မေမေပျောက်ဆုံးသွားည်ဆိုသော အရပ်ဒေသသို့ မေသော်အရဲစွန့်၍ ထွက်လာခဲ့သည်။ မေမေနှင့်ပတ်သက်၍ မေသော်စုံစမ်းရှာဖွေလိုသော



www.burmeseclassic.com

www.burmeseclassic.com



ကြောင့် ဖြစ်ပါသည်။

မမေ့ကို စုံစမ်းမည်ဟု ဆုံးဖြတ်ထားသော မေသော် သည် မည်သို့စတင်၍ စုံစမ်းရမည်ကို စဉ်းစားမရ။ စိတ်ကူး လွယ်သလောက် လက်တွေ့တွင်အခက်ကြုံနေရသည်။ မေတ္တာ စံအိမ်ကို မည်သို့ချဉ်းကပ်ရမည်ကို မသိဖြစ်နေသည်။ မိမိသည် မေတ္တာစံအိမ်၏ အဆက်အနွယ်ပါဟု ပြောဆိုပြီး ချဉ်းကပ် ရင် ကောင်းမလားဟု မေသော်စဉ်းစားကြည့်သည်။ ယခု.. မေတ္တာစံအိမ်တွင် နေထိုင်လျက်ရှိသော ဦးဘင်္ဂသည် ဖေဖေ ဦးသော်က၏ အစ်ကိုကြီးအရင်းခေါက်ခေါက်ဖြစ်ပါသည်။ မိ အနေဖြင့် ဦးနေသော်၏ သမီးပါဟု ပြောဆိုပြီး မေတ္တာစံအိ သို့ ချဉ်းကပ်ရမည်လော။

မေသော်သည် ခေါင်းကို ဘယ်ညာခါရမ်းလိုက်မိ မေသော့်ပြောစကားကို ဘကြီးဦးဘင်္ဂက လက်ခံသည်ပဲထား ဦး။ သည်လိုနည်းမျိုးဖြင့် မေသော်မချဉ်းကပ်ချင်ပါ။ ထိုသို့ လျှင် မမေနှင့်ပတ်သက်၍ ဘာမှစုံစမ်းလို့ရတော့မည်မဟုတ်





ဟု မေသော်တွေးထင်သွားမိသည်။

မမေ၏ ဇာတ်ကြောင်းအမှန်က မည်သို့နည်း။ မမေ၏ ဇာတ်ကြောင်းအမှန်ကို သိသူမည်သူရှိသနည်း။ အမှန်တရားကို မည်သူက မကွယ်မဝှက် ပြောပြနိုင်ပါမည်နည်း။

'မေသော်မသိပါ။ မမေ၏ ဇာတ်ကြောင်းအမှန်ကို ပြောပြနိုင်သူအား မေသော်သိချင်နေသည်။ မည်သို့စုံစမ်းရမည်နည်းဟု စဉ်းစား၍မရ။ အားလုံးပြောနေသလို မမေက အကျင့်တန်သည်ဟု ပြောပြရုံဖြင့် မေသော်မကျေနပ်နိုင်ပါ။ မေသော်သည် ဟိုသည်တွေးရင်း ခေါင်းထဲတွင် မူးနောက်လာ သည်။ ဘကြီးဦးဘင်္ဂက မမေ့ကို ဖေဖေအား ပစ်ခွာသွားသူ မို့ ရွံမုန်းနေသည်လား မပြောတတ်။ မမေ့အကြောင်းမေးလျှင် လက်ခံပါမည်လား။

မေသော်တွေးနေဆဲမှာပင် ဗိုက်ထဲက ဆာလောင်လာ ပါသည်။ ဟိုတယ်အောက်ထပ်သို့ ဆင်းပြီး ထမင်းစားသည်။ ဆာလောင်နေသည်မို့ တနင့်တပိုး စားလိုက်မိသည်။ ညမှောင်



www.burmeseclassic.com

www.burmeseclassic.com



စပျိုးသည်နှင့် မေသော်မျက်ခွံတွေ လေးလာသည်။ ညက အိပ်ရေးပျက်ခဲ့သော ဒဏ်က လက်စွမ်းပြပြီထင့်။

မေသော်သည် အိပ်ယာထဲတွင် လှဲနေရင်းမှ မေတ္တာစံအိမ်ကို အတွေးထဲတွင် မြင်ယောင်နေသည်။ ပြီးတော့ ဖေဖေ့မျက်နှာ၊ ဘိုးဘိုး၏ မျက်နှာတွေ အတွေးထဲမှာ ပေါ်လာသည်။ မေသော်မျက်ခွံတွေ ပိုလေးလံလာသည်။ အသိက ဝင်လာလိုက်၊ ပျောက်သွားလိုက်။ သည့်နောက်တော့ မေသော်ဘာကိုမှ မသိတော့ပါ။

x x x

## အခန်း- ၃

မေသော် နှစ်ခြိုက်စွာ အိပ်ပျော်နေသည့် အခန်းထဲသို့ မိန်းမကြီးတစ်ဦးဝင်လာသည်။ မိန်းမကြီးသည် အသက်အရွယ်နှင့်မမျှအောင်ပင် ဖီးလိမ်းပြင်ဆင်ထားသည်။ သို့ပေမယ့် ...ရုပ်ရည်က မလှပ။ ဆံပင်များက ဖရိုဖရဲ၊ နီကြောင်ကြောင် ... မျက်လုံးများက တစ်ဖက်ကျဉ်းတစ်ဖက်ကျယ်။ ပါးပြင်များ ... ချိုင့်ခွက်နေသည်။ သွားများက အပြင်သို့ ပြူးထွက်နေလ



www.burmeseclassic.com

www.burmeseclassic.com



သည်။

မိန်းမကြီးသည် အိပ်ပျော်နေသော မေသော့်အနား သို့ တိုးကပ်လာသည်။ အခန်းထဲတွင် ညအိပ်မီးသီးကလေး သာ ထွန်းထားသဖြင့် အလင်းရောင်က မပီဝိုးတဝါး။ သူ့အခန်း ထဲသို့ မိန်းမကြီးတစ်ယောက် ရောက်နေသည်ကို မေသော် မသိရှာပါ။ ခရီးပန်းလာသဖြင့် ဘာမှသတိမထားနိုင်ပဲ အိပ်ပျော် နေရှာသည်။

"သမီး. . . သမီးလေး"

မိန်းမကြီးက မေသော့်ကို ခေါ်သည်။ မေသော်သည် အိပ်ပျော်နေရာမှ လူးလွန့်လာသည်။ မျက်လုံးကို အားယူ၍ ဖွင့်ကြည့်သည်။ ရုတ်တရက်မို့ မေသော်လန့်နိုးသွားသည်။ အိပ်ယာပေါ်တွင် ဆတ်ကနဲ ထထိုင်သည်။

"ဘယ်သူလဲ. . . ဘယ်သူလဲဟင်"

မေသော်က တုန်တုန်ရီရီအသံဖြင့် မေးသည်။

"သမီးမေမေလေ၊ သမီးမေမေပါကွယ်"

မိန်းမကြီးက မေသော့်အနားသို့ တိုးကပ်လာရင်းပြော





လေ၏။

"ဟင်. . . မေမေ၊ မေမေက သမီးဆီကို ဘယ်လိုလုပ် ပြီး ရောက်လာတာလဲဟင်"

"မေမေ့ဆီကို သမီးလေး လိုက်လာတာသိလို့ သမီး ကို လာတွေ့တာ၊ မေမေကလည်း သမီးကို တွေ့ချင်နေတာ ကြာပါပြီကွယ်"

"မေမေက ဘယ်မှာနေတာလဲ"

"နောက်တော့ သမီးသိမှာပေါ့ကွယ်၊ အခု . သမီးကို မေမေလာခေါ်တာ"

"မေမေက သမီးကို ဘယ်ကိုခေါ်သွားမှာလဲ"

"သမီးဖေဖေနှင့်ဘိုးဘိုးတို့ရှိတဲ့ နေရာကိုပေါ့"

"ဟင် . . ဖေဖေနှင့်ဖိုးဖိုးက သေသွားကြပြီပဲ"

"မသေပါဘူးကွယ်၊ သူတို့က မေမေ့ကို မကျေနပ်လို့ ထွက်ရှာနေတဲ့လူတွေပဲ၊ သူတို့က မေမေ့ကို တွေ့အောင်မရှာ နိုင်ပါဘူး၊ မေမေက သူတို့ဘယ်သွားတယ်၊ ဘယ်လာတယ်က အစ သိနေတာ၊ သူတို့နေတဲ့ နေရာကို မေမေသိတယ်"



www.burmeseclassic.com

www.burmeseclassic.com



"အို. . . မဖြစ်နိုင်ပါဘူး၊ ဖေဖေနှင့်ဘိုးဘိုး သေသွား တာ မေသော့်မျက်စိရှေ့ မှာပဲဥစ္စာ၊ ဒါဆို. . ရှင်ဘယ်သူလဲ. . ပြော"

"မေမေပါကွယ်၊ သမီးမေမေပါကွယ်"

"အို. . . မဖြစ်နိုင်ဘူး၊ လုံးဝမဖြစ်နိုင်ဘူး"

"လာပါ. . . သမီးရယ်၊ လာပါကွယ်"

"ဟင်း. . . မလိုက်ဘူး၊ မလိုက်နိုင်ဘူး"

မိန်းမကြီးက မေသော့်လက်ကို အတင်းဆွဲခေါ်သည် မိန်းမကြီး၏ လက်များက ကြမ်းတမ်းနေသည်။ မေသော် အတင်းရုန်းကန်သည်။ နှစ်ယောက်သား ရုန်းရင်းဆွဲရင်းနဲ့ ကျသွား၏။

"အား"

မေသော်၏နှုတ်မှ တအား ကုန်းအော်လိုက်မိသည် အခန်းထဲတွင် ပဲ့တင်ထပ်သွားသည်ကို မေသော်မသိပါ။ သော်သည် အိပ်ပျော်နေရာမှ လန့်နိုးသွားသည်။ တစ်ကိုယ် တွင် ချွေးများပြန်နေသည်။





"ဟင်. . . ဒါအိပ်မက်ဆိုးတွေ မက်နေတာပါလား"

မေသော်သည် အိပ်မက်အကြောင်းကို ပြန်စဉ်းစားနေသည်။ အိပ်မက်ထဲတွင် သူ့အမေဆိုသော မိန်းမကြီးက သူ့ထံသို့ ရောက်လာသည်။ ပြောသောစကားနှင့်စရိုက်လက္ခဏာများအရ မေမေက မေသော့်ကို ဘိုးဘိုးနှင့်ဖေဖေရှိရာသို့ ခေါ်သွားမည်တဲ့။ လုံးဝမဖြစ်နိုင်။ မေသော်စိတ်စွဲလန်းပြီး အိပ်မက် မြင်မက်ခြင်းဟုသာ သဘောထားလိုက်သည်။

မေသော်သည် အိပ်ယာမှ ထလိုက်သည်။ အပြင်ဖက် အလင်းရောင်ကို မှန်တံခါးမှတစ်ဆင့် တွေ့လိုက်ရသော ကြောင့် ဖြစ်သည်။ မေသော်သည် ပြတင်းပေါက်အနားသို့ လျှောက်သွားပြီး ပြတင်းပေါက်တံခါးကို ဖွင့်လိုက်၏။

နံနက်ဦးက ကြည်နူးစရာပင်။ နေခြည်မပွင့်သေးခင် အတော့ နှင်းမြူတို့က သိပ်သည်းလျက်ပါပဲ။ နေရောင်ခြည် ထွက်လာသောအခါ နှင်းမြူတို့ ကွဲကွာသွားကြသည်။ သို့ပေသော် နှင်းဇာပုဝါပါးက ဖြန့်ထားဆဲပါပေ။ လိမ္မော်ရောင်နေခြည် တန်းတို့သည် အစွမ်းကုန် မပွင့်လန်းလာသေးပါ။



www.burmeseclassic.com

www.burmeseclassic.com



နံနက်ဦးဟု ခေါ်ဆိုချင်ပါသည်။ မေသော်သည် ကမန်းကတမ်း မျက်နှာသစ်လိုက်သည်။ မနေ့က ဝတ်ဆင်ထားသော အဝတ်အစားကို လဲလှယ်လိုက်ပြီး နံနက်စောစောတွင် တစ်ယောက်တည်း လမ်းလျှောက်ထွက်လာခဲ့သည်။အညောင်းအညာပြေအောင် လမ်းလျှောက်ခြင်းမျိုးလည်းမဟုတ်။ မေတ္တာစံအိမ်နှင့်အနီးပတ်ဝန်းကျင်ကို လေ့လာချင်စိတ်ကြောင့်ဖြစ်သည်။ သည့်အတွက် မေသော်လမ်းလျှောက်ထွက်လာခဲ့သည်။

လမ်းလျှောက်ထွက်လာခါစက စိတ်ထဲတွင် စိုးထိတ်နေမိသော်လည်း အတန်ငယ်လျှောက်မိတော့ သူတစ်ယောက်တည်း မဟုတ်သည်ကို သိလာသည်။ သူ့နောက်မှ ဖိနပ်သံကြားနေမိ၍ဖြစ်သည်။ မေသော်. . နောက်သို့လှည့်ကြည့်မိ ခန္ဓာကိုယ်ဖွံ့ထွားသော ယောကျ်ားပျိုတစ်ယောက်။ မေသော်နှင့်မျက်လုံးချင်းဆုံသွားသည်။ သူ့အကြည့်က စူးရဲသဖြင့် မေသော်လန့်သွားမိသည်။ ထိုသူက မေသော့်ကို ကျော်တက်သွားသည်။ သူ့ခြေလှမ်းများက သွက်လက်လှသည်။ မေသော်ရင်ခုန်နှုန်းမြန်သွားမှုများက ပုံမှန်ပြန်ဖြစ်သွားသည်။ ဆ





လျှောက်လာခဲ့မိသည်။

ဟော်တယ်မှ လှမ်းကြည့်စဉ်က မေတ္တာစံအိမ်ကို နီးနီးကလေးဟု မေသော်ထင်ထားပါသည်။ တကယ်လျှောက်လာကြည့်တော့ ခရီးက မနီးလှပါ။ မေတ္တာစံအိမ်ကို နှင်းတောထဲတွင် ဘွားကနဲ တွေ့လိုက်ရသည်။ မေသော်လမ်းလျှောက်လာသည်ကို မြင်တွေ့ရသော ယောကျ်ားသားတွေကတော့ မေသော့်အပေါ် အာရုံစိုက်မိမှာ သေချာသည်။ မေသော်လမ်းလျှောက်လာပုံက တင်သားလုံးလုံးကလေးတွေ နိမ့်တုံမြင့်တုံ။ ရွှေရင်အုံလေးက နိမ့်ချည်မြင့်ချည်နဲ့မို့ပါ။ မေတ္တာစံအိမ်အားကြည့်ပြီး မေသော့်ရင်ထဲတွင် တစ်မျိုးခံစားလိုက်ရသည်။ အိမ်ကြီးကိုမြင်တော့ ကြောက်ရွံ့ထိတ်လန့်သောစိတ်က တစ်မျိုးပဲဖြစ်နေသည်။

မေသော်က မေတ္တာစံအိမ်ကြီးကို လှည့်ပတ်ကြည့်နေသည်။ နေပွင့်လာတော့ နှင်းတွေပျောက်ချင်းမလှပျောက်သွားသည်။ သည်တော့မှ အိမ်ကြီးကို ရှင်းရှင်းလင်းလင်း မြင်နေရတော့သည်။ အိမ်ကြီးက ကုန်းမြင့်ပေါ်တွင် ထီးထီးကြီး။ ညီး



www.burmeseclassic.com

www.burmeseclassic.com



မည်းသဏ္ဍာန်တစ်ခုက ငုတ်တုတ်ထိုင်နေသလို တစ္ဆေအိမ်ကြီး
မြင်ရသည်မှာ မင်္ဂလာမရှိသလိုပဲ။ ကျက်သရေမရှိ
သော အဆောက်အဦးကြီးတစ်ခုသဖွယ် ဖြစ်နေသည်။ မေ
သော်. . ကြက်သီးဖြန်းဖြန်းထသွား၏။ ရင်ထဲမှာ တအုံနွေး
နွေး။ သည်အိမ်သည် မေသော်အဘိုးအဘွား အစဉ်အဆက်
နေလာခဲ့သော အိမ်ကြီး။ မေသော်နှင့်သက်ဆိုင်သော အိမ်
သို့ကြောင့် မေသော်ရင်ခုန်မှုများ မြန်လာရသည်။

အင်ဂျင်နီယာ(မြို့ပြ)ဘွဲ့ရထားသော မေသော်သည်
မေတ္တာစံအိမ်ကြီးကိုကြည့်ပြီး ငေးငိုင်သွားမိသည်။ အိမ်ကြီး
သည် ရှေးဆန်လွန်းနေသည်။ စုလစ်မွန်းချွန်း၊ ပြဿဒ်များဖြင့်
သေသပ်စွာ တည်ဆောက်ထား၏။ အဆောင်ဆောင်အခန်း
ခန်းက သူ့နေရာနှင့်သူ နေသားတကျရှိလှ၏။ အိမ်၏ ခမ်းနား
ခြင်းက ဆောက်လုပ်ခဲ့သည့် ပိသုကာလက်ရာကို ဖော်ပြနေ
သယောင်ရှိသည်။

ခြံအပြင်ဘက်မှ အိမ်ကြီးကိုကြည့်နေရင်း မေသော်
စိတ်ထဲတွင် မရိုးမရွဖြစ်လာသည်။ အိမ်အတွင်းသို့ဝင်၍ လေ





ကြည့်ရှုချင်နေမိသည်။ သို့သော် အိမ်အတွင်းသို့ရောက်
အောင် မည်သည့်နည်းလမ်းဖြင့် ဝင်ရမည်ကို မေသော်စဉ်း
ရနိုင်အောင်ဖြစ်နေသည်။

မေသော်သည် သက်ပြင်းကို အခါခါချရင်း အိမ်ကြီး
လှည့်ပတ်ကြည့်နေမိသည်။ တောင်မှမြောက်၊ မြောက်မှ
င်သို့ အခေါက်ခေါက်အခါခါ လျှောက်နေမိ၏။ နေခြည်
စ်စထက်တစ်စ ရင့်လာသည်။ နှင်းများကွယ်ပျောက်ကုန်
။ နေရောင်ခြည်ရင့်လာသဖြင့် နွေးနွေးထွေးထွေးဖြစ်လာ
နက်စောစောပိုင်းကကဲ့သို့ အေးစိမ့်သောဒဏ်မရှိတော့။

မေသော်သည် အိမ်ကြီးကို ငေးမောကြည့်ပြီး လျှောက်
မှ တစ်စုံတစ်ဦးနဲ့ တိုးမိမလို ဖြစ်သွား၏။

"အို"

"ဟင်"

မေသော် အံ့ဩသွားသည်။ ယောက်ျားပီသသော လူ
ာစောက မေသော့်အနားမှ ဖြတ်ကျော်လျှောက်သွား
အမျိုးသား။ သူက မေသော့်ကို ပြုံး၍ကြည့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



သွားတက်ကလေးပေါ်သွားသော ထိုအပြုံးက ချိုမြနေသ

"ဒီအိမ်ကြီးကို စိတ်ဝင်စားနေတယ်ထင်တယ်၊ 
လား. . . မိန်းကလေး"

ထိုသူက ရင်းနှီးဖော်ရွေသော အပြုံးနဲ့ မေးသ

"ဟုတ်. . . ဟုတ်ကဲ့၊ အိမ်ဆောက်ထားပုံက စိ
စားစရာပဲ၊ နန်းတော်ကြီးတစ်ခုအလား အောက်မေ့ရ
ပိသုကာလက်ရာကလည်း သိပ်ကောင်းတာပဲ"

ဘာကြောင့်မှန်းမသိပါဘူး။ မေသော်က ထိုသူ
ချေင်ငံနဲ့ပင် စကားတုန့်ပြန်နေမိသည်။ ထိုသူ့အသွင်က
တည်တည်ငြိမ်ငြိမ်၊ ရည်ရည်မွန်မွန်နဲ့ မဟုတ်လား။

"အိမ်ကို အတွင်းဘက်ကနေ လေ့လာရရင် ပိုေ
မယ်၊ ပိုပြီးပြည့်စုံမယ်လို့ တို့တော့ ထင်မိတယ်၊ ဒါပေမယ်
ထဲကို ရောက်ဖို့ကလည်း မလွယ်ဘူး. . မိန်းကလေးေ
ပိသုကာပညာရှင်ဆိုရင်လည်း အကောင်းသားပေါ့"

"ပိသုကာပညာက ဘာဖြစ်လို့လဲ"

"သြော်. . ဒီအိမ်ပိုင်ရှင် ဦးဘက်က တိုးတိုးတိ





ပြောနေတာလေ၊ ပုံဆွဲတော်တဲ့ ပိသုကာပညာရှင်တစ်ယောက်
ချင်တယ်တဲ့၊ သူ့အိမ်ထဲက ပျက်စီးနေတဲ့ အခန်းတွေကို ပုံ
ပြီး ပြန်လည်ပြုပြင်ချင်တယ်ဆိုလားပဲ ပြောနေတယ်"

ထိုသူ့စကားကြောင့် မေသော့်မျက်နှာလေး မသိမသာ
သက်သွားသည်။ မျက်လုံးတစ်စုံက အရောက်တောက်သွား

"ဒီစကားက အမှန်ပဲလား"

"အမှန်ပဲပေါ့၊ ဘာဖြစ်လို့လဲ"

"ကျွန်မက ပိသုကာဘွဲ့ရထားပြီးသူပါ၊ အလုပ်လည်း
သေးတော့ ဦးဘက်ဆီမှာ အလုပ်ဝင်လျှောက်ရင် ကောင်း
းလို့"

ထိုသူက မေသော့်မျက်နှာကို စိုက်ကြည့်နေသည်။

"မင်းက ဒီအိမ်ကြီးနဲ့ ပတ်သက်ချင်နေလို့လား"

သူ့အမေက တစ်မျိုးပါလားဟု မေသော်တွေးလိုက်မိ

"ဒီအိမ်ကြီးရဲ့ အတွင်းခန်းတွေ တည်ဆောက်ထားတာ



www.burmeseclassic.com

www.burmeseclassic.com



ကို လေ့လာချင်မိလို့ပါ”

“ဒီမြို့မှာနေတဲ့ လူတွေကတော့ ဒီအိမ်ကြီးနဲ့ မပ
သက်တာ အကောင်းဆုံးပဲလို့ ပြောနေကြတယ်”

“ဘာဖြစ်လို့လဲ”

ဒီတစ်ခါ ပြန်မေးမိသူက မေသော်ပါ။

“ဒီအိမ်ကြီးထဲမှာ မကောင်းဆိုးဝါးတွေ ရှိတယ်လို့ပြေ
ကြတယ်”

“ကိုယ်တိုင်တွေ့ကြုံဖူးသူ ရှိလို့လား”

“ဒီမြို့ကလူတွေရဲ့ ပြောစကားအရ သိရတာ”

“ဟင်း. . အဲဒါဆိုရင်တော့ ကျွန်မမယုံဘူး၊ ကျွန်မ
ဒီအိမ်ကြီးနဲ့ ပတ်သက်မှုဖြစ်မယ့် အကြောင်းတစ်ခုက ရှိ
တယ်လေ၊ ဒါပေမယ့် ကျွန်မအနေနဲ့ ဘဘဦးဘဂ်ကို ကျွန်
ဟာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ပြောပြပြီး ဝင်မတွေ့
ဘူး”

“ဘယ်. . . ဘယ်လို၊ မင်းစကားကို တို့စိတ်ဝင်စ
သွားပြီ၊ မင်းစကားအရဆိုရင် ဦးဘဂ်ဟာ မင်းနဲ့ တစ်နည်းနည်





တော်စပ်နေသလားဟင်”

ထိုလူက အလျင်စလို မေးသည်။ မေသော်အသံထွက်
အောင်ပင် ရယ်လိုက်၏။ မေသော့်အပြုံးကြောင့် ထိုလူက ဝေ
ခက်သွားပုံရ၏။

“သိပ်သိချင်သွားတယ်ပေါ့၊ တကယ်တော့ ဘဘဦး
ဘဂ်ဟာ ကျွန်မရဲ့ ဘကြီးတော်စပ်ပါတယ်”

ထိုသူ၏ အံ့ဩသွားသော အသွင်ကို မေသော်မြင်ရ
သည်။

“ဒါနဲ့များ မိန်းကလေးရယ်၊ မင်းအလုပ်ဝင်လျှောက်
ဦးဘဂ်က ရယ်မှာပေါ့”

“မဟုတ်သေးဘူး”

“ဟင်. . . ဘယ်လိုမဟုတ်သေးတာလဲ”

“ဦးဘဂ်ဟာ ကျွန်မရဲ့ ဘကြီးဆိုပေမယ့် တစ်ခါမှ မ
တွေ့ဖူးသေးပါဘူး၊ အဲဒါကြောင့် ကျွန်မက ဖွင့်မပြောသမျှ သူ
သိမှာမဟုတ်ပါဘူး”

“ဒီလိုဆိုရင်လည်း ဖွင့်ပြောလိုက်ပေါ့. . မိန်းကလေး



www.burmeseclassic.com

www.burmeseclassic.com



အနေနဲ့ အဆင်ပြေသွားတာပေါ့"

"ဟင့်အင်း၊ အဲသလို မဖြစ်ချင်သေးဘူး"

မေသော်က ခေါင်းကို သွက်သွက်ခါအောင် ရမ်းပြ ရင်း ပြောသည်။

"ဘာဖြစ်လို့လဲ. . . မိန်းကလေး"

"ဒီလိုပါ. . ."

မေသော်က စကားကို အစချီပြီးမှ ပြောသင့်၊ မပြော သင့်စဉ်းစားနေမိ၏။

မထူးပါဘူး။ ဒီလူက ရည်ရွယ်မွန်မွန်ပါ။ မေသော်က ဤသို့တွေးပြီး စကားဆက်လိုက်သည်။ သူ့ဘဝအကြောင်း ထိုလူအား အသေးစိတ် ပြောပြလိုက်သည်။

"အင်း. . . မိန်းကလေးအမေအကြောင်းကို ဒီမြို့က လူတွေ ပြောပြဖူးလို့ သိထားပါတယ်၊ မိန်းကလေးရဲ့ မေ နာမည်က ဒေါ်ညိုပြာမဟုတ်လား။ မိန်းကလေးပြောတဲ့အတိုင်း ဒေါ်ညိုပြာ့အကြောင်းကတော့ မကောင်းလှပေဘူး၊ အင်း. . . အဲသလို အကြောင်းရှိနေရင်လည်း အလုပ်ရအောင် ဝင်ပြ





လျှောက်ပေါ့၊ အဲဒီတော့မှ အနီးကပ် လေ့လာစုံစမ်းခွင့်ရတာ ပေါ့"

မေသော်က ခေါင်းညိတ်ပြလိုက်သည်။ တဆက်တည်း ဘင် ကိုလူထွားကြီးနှင့်အတူ အိမ်တံခါးပေါက်ဆီသို့ လာခဲ့ ကြသည်။

"တို့နာမည်က မိုးဟိန်းပါ၊ မဂ္ဂဇင်းဂျာနယ်တွေမှာ သု တေသနဆောင်းပါးတွေ ရေးပါတယ်၊ ရှေးဟောင်းပိသုကာ လက်ရာများဆိုတဲ့ စာအုပ်မြုစုဖို့ ဒီအိမ်ကြီးကို အသေးစိတ် လေ့လာချင်နေတာ"

"ဟုတ်လား၊ ကျွန်မနာမည်က မေသော်ပါ"

"မေသော်တဲ့လား၊ နာမည်နှင့်လူနဲ့ လိုက်ပါပေတယ်၊ ဘယ်လိုလဲ. . မေသော်၊ အလုပ်ဝင်လျှောက်ဖို့ ဆုံးဖြတ်လိုက် ပြီလား၊ ဖြစ်နိုင်ရင် တို့ပါလိုက်ခဲ့ပါရစေ၊ တို့လည်း အိမ်ထဲကို ရောက်ဖူးရင် အနည်းအကျဉ်းတော့ လေ့လာရတာပေါ့"

"လိုက်ခဲ့လေ၊ ကျွန်မအတွက် အဖော်ရတာပေါ့"

တွေ့ဆုံရသည်မှာ မိနစ်ပိုင်းမျှသာရှိပါသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



မသော်နှင့်မိုးဟိန်းတို့ ရင်းနှီးသွားကြသည်။ တစ်ယောက်နှင့် တစ်ယောက် နှစ်ရှည်လများ ခင်မင်ခဲ့ဖူးသူများပမာ ဖြစ်သွားကြသည်။ မိုးဟိန်းက ဦးဆောင်၍ ခြံတံခါးဖွင့်ပြီး ခြံဝသို့ ဝင်လိုက်၏။ မသော်က မိုးဟိန်း၏ နောက်မှ လိုက်လာသည်။ ခြံကြီးက ကျယ်ဝန်းသည်နှင့်အမျှ သစ်ပင်၊ ပန်းပင်များစုံလင်လှသည်။ မသော်က ခြံထဲမှ မြင်တွေ့နေရသမျှကို အငေးသား လိုက်ကြည့်နေမိ၏။ မသော်၏ စိတ်အစဉ်သည် တခဏအတွင်းမှာပင် တက်ကြွရွှင်လန်းသွားသလို ခံစားရသည်။ ကြည်နူးချမ်းမြေ့သွား၏။

"ခြံဝန်းကြီးက အကျယ်ကြီးပဲနော်၊ ပန်းခြံလေးလည်း သိပ်လှတာပဲ၊ ဂရုတစိုက် ပေါင်းသင်ရှင်းလင်းထားတယ်၊ ဒါပေမယ့် ခြံနောက်ပိုင်းမှာ သစ်ပင်တွေ အုပ်ဆိုင်းနေတာတော့ တောကြီးကျနေတာပဲ၊ မှောင်မည်းပြီး ကြောက်စရာကြီး။ အိမ်ရဲ့ အနေအထားနဲ့တော့ လိုက်ဖက်ပါတယ်"

မသော်သည် ခြံဝင်းနှင့်အိမ်ကိုကြည့်ပြီး ပါးစပ်မှ တတွတ်တွတ် ဖြေနေမိသည်။ မသော်၏ ပြောစကားကို ကြား





သည်လား၊ မကြားသည်လားမသိ။ မိုးဟိန်းသည် မသော်၏ ပြောစကားအားလုံးကို မကြားသော်လည်း တစ်ဖက်သား သိအောင် ခေါင်းတညိတ်ညိတ် ပြုနေသည်။

အိမ်ကြီးအနီးသို့ ရောက်သောအခါမှ ရေနံချေးဝ၍ ညီးနက်နေသော အိမ်ကြီး၏ အသွင်သဏ္ဌာန်ကို ပိုမိုပီပြင်စွာ မြင်တွေ့ရတော့သည်။ အိမ်အဝင်ဝကို ပန်းခက်ပန်းနွယ်များ ဖြင့် တန်ဆာဆင်ထားသည်။ ဘုံပြသဒ်တို့က အပေါ်မှ အုပ်မိုးထားသည့်နှယ် မြင်ရသည်။

မသော်နှင့်မိုးဟိန်းတို့သည် အိမ်ကြီး၏ ရှေ့တွင်ရပ်နေကြပြီး အိမ်ကြီးထဲသို့ နှစ်ယောက်သား ငေးကြည့်နေကြ၏။ မိုးဟိန်းက လှုပ်ရှားမှုကို ပြုလိုက်၏။ တံခါးဝတွင်ရှိသော သူခေါ် ခေါင်းလောင်းကြိုးကို ဆွဲလိုက်သည်။ အိမ်အတွင်းထဲမှ တချွင်ချွင်အသံများ ကျယ်လောင်စွာ ကြားလိုက်ရသည်။ ခဏမှာပင် တံခါးဝအနီးသို့ လူကြီးတစ်ယောက်ရောက်လာသည်။ တံခါးကို ဖွင့်ပေးရင်း မသော်နှင့်မိုးဟိန်းတို့ကို သေချာစွာကြည့်ရင်း အကဲခတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စရှိလို့လဲကွယ့်"

အိမ်အတွင်းမှ လူကြီးက မေးသည်။

"ဦးဘဂ်နဲ့ တွေ့ချင်လို့ပါ"

ထိုလူကြီးက မျက်မှောင်ကုတ်ပြီး ကြည့်သည်။

"ဦးဘဂ်မအားဘူးကွယ့်"

ထိုလူကြီး၏ မျက်နှာထားက တင်းမာနေသလို လေသံကမာနေသည်။

"ကျွန်မ. . အလုပ်လျှောက်ချင်လို့ပါ၊ တဆိတ်လောက် ဖြေပေးပါလား"

မေသော်က ကိုယ်ကို ရှေ့သို့ညွတ်ပြီး ပြောသည်။ ထိုလူကြီးသည် မေသော့်ကို မျက်မှောင်ကုတ်ပြီး ပြောနေရာမှ မျက်နှာအမူအရာ ရုတ်ချည်းပြောင်းလဲသွားသည်။ ခဏချင်းမှာပင် ထိုလူကြီး၏မျက်နှာတွင် အပြုံးယောင်သန်းလာသည်။

"မင်းက ဘယ်သူလဲကွယ့်"

သည်တစ်ခါ မေးလိုက်သည့် လူကြီးအသံက ညင်သာပျော့ပျောင်းနေသည်။





"ကျွန်မနာမည်. . . မေသော်ပါ"

ထိုလူကြီး၏မျက်နှာ ပြောင်းလဲသွားပြန်သည်။ နဖူးပြင်အနည်းငယ် တွန့်သွားသည်။ မျက်မှောင်ကျုံ့သွားခြင်းတော့မရှိ။ မေသော့်မျက်နှာကို အကဲခတ်ဟန်ဖြင့် စူးစူးဝါးဝါးကြည့်နေသည်။ ထိုလူကြီး၏ အကြည့်ကို မေသော်မခံနိုင်ပါ။ ရင်ထဲတွင် တင်းတင်းကျပ်ကျပ်ဖြစ်သွားသဖြင့် မျက်လွှာချထားလိုက်သည်။

"မေသော်. . အင်း. . . မေသော်တဲ့လား"

ထိုလူကြီး၏ မျက်နှာတွင် အရိပ်သဏ္ဍာန်တစ်ခု ဖြတ်သန်းသွားသည်ဟု မေသော်မျက်လုံးပင့်အကြည့်မှာ မြင်တွေ့လိုက်ရ၏။ မည်သို့သော အရိပ်သဏ္ဍာန်မှန်း မေသော်မခန့်မှန်းတတ်။

"အိမ်ထဲကို ဝင်ထိုင်ဖြဲဦး၊ ကျုပ်သွားပြောပေးမယ်"

ထိုလူကြီးက မျက်နှာထားပြင်လိုက်ပြီး အိမ်အတွင်းသို့ ဖိတ်ခေါ်သည်။ မိုးဟိန်းနှင့်မေသော်က အိမ်ထဲသို့ မဝံ့မရဲနှင့် ဝင်လာခဲ့သည်။ အိမ်ကြီး၏ အတွင်းခန်းသည် ရှေးဆန်လွန်း



www.burmeseclassic.com

www.burmeseclassic.com



လှသည်။ ဧည့်ခန်းထဲတွင် ပန်းနွယ်ပန်းခက်များပါသော စားပွဲ ကုလားထိုင်များ၊ ကတ္တီပါမှီအုံးများကို ချထားသည်။ ဧည့်ခန်း တစ်ခုလုံးသို့ စူးစူးဝါးဝါးကြည့်နေဟန်ရှိသော ပန်းချီကားတစ် ချပ်က ဧည့်ခန်းနံရံတွင် ရှိနေသည်။

ပန်းချီကားတစ်ချပ်သည် ခန့်ညားသော လူကြီးတစ် ယောက်၏ ကိုယ်တစ်ပိုင်းပုံဖြစ်သည်။ ပန်းချီကားချပ်ထဲမှ လူ ကြီး၏ မျက်လုံးအစုံသည် စူးရှတောက်ပနေသည်။ ထိုမျက်လုံး အစုံသည် ကြင်နာသနားဟန်၊ သဘောထားကြီးဟန်၊ သတ္တိ ပြောင်မြောက်ဟန်တို့ကို အထင်းသား ဖော်ပြနေသလိုပင်။

မျက်လုံးအစုံက စူးရှပြီး နှုတ်ခမ်းအစုံက ပါးလျပြတ် သားဟန် ပေါ်လွင်နေသည်။ နှာတံပေါ်သည်။ ကော့ထောင် နေသော နှုတ်ခမ်းမွေးက ဥပဓိရုပ်ကို ပိုမိုခန့်ညားစေလေ၏။ ထိုပန်းချီကားကို မိုးဟိန်းက အာရုံစိုက်ကြည့်နေသည်။ မေ သော်၏ အကြည့်ကတစ်မျိုး။ ထိုပန်းချီကားကိုကြည့်ရင်း စိတ် အာရုံထဲတွင် အမည်မသိသော ခံစားမှုတစ်ရပ် ဝင်နေသည်။ ရင်ထဲတွင် ခုန်နေသည်။





"ဒီပန်းချီကား အသက်ဝင်တယ်နော်"

မေသော်က မိုးဟိန်းကို တီးတိုးပြောသည်။

"ဒါ . . ဒီအိမ်ပိုင်ရှင်ရဲ့ ပုံတူပန်းချီကားဖြစ်လိမ့်မယ်"

"အေး . . ဟုတ်တယ်၊ ဒါ . . ဦးဘဂ်တို့ရဲ့ ဖခင်ဦးဘ [illegible]န်းရဲ့ ပုံတူပန်းချီကားကြီးပဲ"

တံခါးဖွင့်ပေးလိုက်သည်နှင့်လူကြီးက ပြောသည်။ မေ [illegible]သော်တို့ကို ခဏထိုင်စောင့်နေရန် လက်ဟန်ဖြင့်ပြပြီး အခန်း [illegible]သို့ ဝင်သွားသည်။ မေသော်နှင့်မိုးဟိန်းက ဧည့်ခန်းထဲမှ [illegible]န်ရစ်ခဲ့၏။ ငေါင်စင်းစင်းနဲ့ ရပ်နေမိကြသည်။

"ထိုင်လေ. . . မိန်းကလေး"

မိုးဟိန်းက ပြောသည်။ ပြောပြောဆိုဆို ကတ္တီပါမှီအုံး [illegible]ားသော ကုလားထိုင်ပေါ်သို့ ထိုင်ချလိုက်၏။ မိုးဟိန်းထိုင် [illegible]ည့်ဘေးတွင် မေသော်က ဝင်ထိုင်လိုက်သည်။ မေသော်၏ [illegible]လုံးအစုံကမူ ပန်းချီကားကို ငေးစိုက်ကြည့်နေဆဲ။

သည်ပန်းချီကားသည် အဘိုးဦးဘသိန်း၏ ပုံတူပန်း [illegible]ားဖြစ်သည်ဟု တံခါးလာဖွင့်ပေးသည့် လူကြီးက ပြောပြ



www.burmeseclassic.com

www.burmeseclassic.com



သွားသည်။ ဦးဘသိန်း၏ပုံ။ ကြည့်စမ်းပါဦး။ ဘယ်လော ကျက်သရေရှိသလဲ။ ဘယ်လောက်ခန့်ညားပါသလဲ။ မေသေ ဂုဏ်ယူနေမိသည်။ အဘိုး၏ ပုံတူပန်းချီကားကိုကြည့်ပြီး ထဲတွင် တဆတ်ဆတ်ခုန်နေသည်။ ကြက်သီးဖြန်းဖြန်းထ မိသည်။ ထိုစဉ် တံခါးဖွင့်ပေးသော လူကြီးက ဧည့်ခန်းထဲ ပြန်ရောက်လာသည်။ ထိုလူကြီး၏ မျက်နှာက ရွှင်ပြနေသ မြင်ရသည်။ မေသော်ရှိရာသို့ ဦးတည်လျှောက်လာ၏။

"မိန်းကလေးတို့ ကျုပ်နောက်က လိုက်လာခဲ့ပါ"

ထိုလူကြီးက စကားကို တိုတိုပြတ်ပြတ်ပြောပြီး မှ ဦးဆောင်ခေါ်သွားသည်။ မိုးဟိန်းနှင့်မေသော်က ထိုင် မှထပြီး ထိုလူကြီး၏နောက်မှ လိုက်လာခဲ့သည်။ ထိုလူကြီး အိမ်အောက်ထပ်ရှိ အဆောင်ဆောင်၊ အခန်းခန်းတို့ကိုကေ ဖြတ်ပြီး အပေါ်ထပ်သို့တက်သည့် လှေခါးဆီသို့ ဦးတည် နေသည်။ လှေကားကြီးက ကြီးမားခန့်ထည်လှသည်။ လူ ယောက် ရင်ဘောင်တန်းပြီး တက်နိုင်သည်။

မိုးဟိန်းနှင့်မေသော်တို့သည် ထိုလူကြီးတက်သွားေ





ကားပေါ်သို့ နောက်မှ လိုက်တက်လာခဲ့သည်။ လှေကား သောအခါ ထိုလူကြီးသည် စင်္ကြံလမ်းအတိုင်း ဆက်ပြီး လျှောက်သွားပြန်၏။ စင်္ကြံလမ်း ဘစ်ဖက်တစ်ချက်တွင် အိပ် များဖွဲ့ထားသည်။ အခန်းများကို ကျော်ဖြတ်ပြီးသည်နှင့် ကြီး၏ အစွန်ဆုံးအပိုင်းသို့ ရောက်လာသည်ကို မေသော် တိပြုမိသည်။ ထိုအပိုင်း၏ အခန်းထောင့်သို့ရောက်သော ခါ တံခါးရွက်ကို တွန်းဖွင့်ပြီး အခန်းထဲသို့ ဝင်သွားသည်။

"ဩော် . . လာကြပါကွယ်"

အခန်းထဲမှာ လူကြီးတစ်ယောက်ရှိနေသည်။ ဦးဘဂ် လိမ့်မည်ဟု မေသော်က ခန့်မှန်းပြီး တွေးလိုက်မိသည်။ လူကြီးက ဆုံလည်ကုလားထိုင်ပေါ်တွင် ထိုင်နေသည်။ အ ထဲသို့ ဝင်လာသော မိုးဟိန်းနှင့်မေသော်ကို မျက်တောင် တ် ကြည့်နေသည်။

"ကလေးမက အလုပ်လိုချင်လို့ဆို"

လူကြီးက မေးသည်။

"ဟုတ်ပါတယ်ရှင်"



www.burmeseclassic.com

www.burmeseclassic.com



မေသော်က ခေါင်းညိတ်ပြရင်း ဖြေသည်။

"ဘာအလုပ်လိုချင်တာလဲ၊ ဒီမှာ ပေးစရာဘာအလုပ်မှ မရှိဘူး"

"ကျွန်မက ပိသုကာဘွဲ့ရထားပြီးသားပါ၊ ပုံဆွဲအတွက်ကို တတ်ကျွမ်းပါတယ်"

"ဟင်. . . ဟုတ်လား"

ဦးဘက်၏ မျက်လုံးအရောင် တောက်သွားသည်။ မေသော့်ကို ကြည့်ပြီး အထင်ကြီးလေးစားသွားပုံရသည်။

"အင်း. . . ထိုင်ကြပါဦး၊ ဦးအတွမ်. . ခင်ဗျားသွား… ပါပြီ၊ ဧည့်သည်တွေအတွက် ကော်ဖီတော့ စီစဉ်ပေးဦး"

တံခါးလာဖွင့်သူမှာ ဦးအတွမ်ဟု မေသော်နှင့်စိုးဟိန်းတို့ သိလိုက်ရသည်။ ဦးအတွမ်သည် အခန်းထဲမှ ချာကနဲလှည့်ထွက်သွားလေ၏။ မေသော်က ဆိုဖာတစ်လုံးပေါ်တွင် ထိုင်ရင်း ဦးဘက်၏ မျက်နှာကို စေ့စေ့စပ်စပ်ကြည့်နေမိသည်။ ဦးဘက်သည် အိုမင်းနေပြီး နားထင်ရင်းမှ ဆံပင်များပင် ဖြူ… ပါပြီ။ မျက်နှာပေါက်ကမူ မေသော့်ဖေဖေ ဦးသော်ကနှင့်…





…တော်ဆင်သည်။ ဦးဘက်က မေသော့်ကိုကြည့်ပြီး ခေါင်းတဆတ်ဆတ် ညိတ်နေ၏။ ဦးဘက်၏ မျက်နှာက ပြုံးနေသည်။ ဦးဘက်အပြုံးကြောင့် မေသော့်ရင်ထဲမှာ နွေးကနဲဖြစ်သွားသည်။

"ကလေးမက ပိသုကာဘွဲ့ရထားတယ်ဟုတ်လားကွဲ့"

"ဟုတ်ပါတယ်. . . ဘဘကြီး၊ ကျွန်မက ပိသုကာဘွဲ့ရထားတာ သုံးနှစ်ကျော်ပြီ၊ ဘယ်မှာမှ အလုပ်မဝင်ရသေးပါဘူး၊ ဒီမြို့ကို လာလည်ရင်း ဒီအိမ်ကြီးကိုမြင်တော့ ခြံပြင်ကနေပြီး ငေးကြည့်နေတာ၊ ဒီအိမ်ကြီး တည်ဆောက်ထားပုံက ပိသုကာလက်ရာကောင်းလွန်းလို့ ဒီက ကိုစိုးဟိန်းက ဒီအိမ်မှာ ပုံဆွဲတတ်တဲ့ ပိသုကာတစ်ယောက်လိုတယ်ဆိုလို့ ဝင်ပြီးအလုပ်လုပ်ရလိုငြား ဝင်လျှောက်ကြည့်တာပါ"

ဦးဘက်က ဘာစကားမှ ပြန်မပြောသေးပဲ မေသော့်မျက်နှာကို တွေဝေစွာ ကြည့်နေသည်။ အတန်ကြာကြည့်ပြီးမှ ဆတ်ကနဲ ခေါင်းညိတ်လိုက်သည်။

"ကလေးမှာ အောင်လက်မှတ်တွေဘာတွေ ပါလာခဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



ဦးဘင်္ဂအမေးကြောင့် မေသော်အံ့အားသင့်သွားမိ မျက်တောင်ပုတ်ခတ်ပုတ်ခတ်နဲ့ ဦးဘင်္ဂကို ကြည့်နေသည်။

"အလည်အပတ်သဘောမျိုးနဲ့ ထွက်လာတာဆိုတော ပါမလာခဲ့ပါဘူး၊ ဒါပေမယ့် ကျွန်မမှာ အင်ဂျင်နီယာနောက်ဆုံ နှစ် ကျောင်းသူကဒ်တော့ ရှိပါတယ်၊ ဒါဆိုရင် လုံလောက်မယ် လို့ ထင်ပါတယ်"

ဦးဘင်္ဂက ခေါင်းညိတ်နေပြန်သည်။

"အင်း. . လုံလောက်ပါတယ်၊ အင်း. . ဒါနဲ့ မိန်းက လေး. . . ဒီအိမ်ကြီးကို ပုံစံထုတ်နိုင်ပါ့မလား"

"ဟုတ်ကဲ့. . ဘဘကြီး၊ ထုတ်နိုင်ပါတယ်"

"အေး. . ဒါဆို ပုံစံရေးဆွဲပြပါလား"

မေသော်က ပြုံးနေသည်။

"အိမ်ပုံစံဆွဲတာက ပန်းချီဆွဲသလို ခုချက်ချင်း ပုံထွ လာတာမျိုး မဟုတ်ပါဘူး၊ သူ့အချိုးအဆနဲ့သူ အပြင်ပုံ၊ အတွင် ပုံ၊ ဘေးတိုက်ပုံ၊ စသည်ဖြင့် သူ့အတိုင်းအဆနဲ့သူ ဆွဲရတာ ခုချက်ချင်းထပြီး တောင်ခြစ်မြောက်ခြစ်လုပ်လို့ မရပါဘူး"





"ဪ. . ဒီလိုလား၊ ဘဘက မသိပါဘူးကွယ်၊ အခု ချက်ချင်းပုံစံရေးဆွဲလို့ရသလား အောက်မေ့တာ၊ အေးလေ. . ကလေးမလုပ်တတ်၊ ကိုင်တတ်တယ်ဆိုရင် ပြီးတာပါပဲ၊ ဘဘ လိုချင်တာက ပျက်နေတဲ့ အခန်းတွေကို ပထမဆောက်ခဲ့တဲ့ ပုံအတိုင်းဖြစ်ချင်တာ၊ အရင်ပုံစံထုတ်ရတယ်ဆိုလို့ ပိသုကာ ပညာရှင်ကို ရှာနေတာကွယ့်၊ ကောင်းပြီလေ၊ ကလေးမကို ဘဘအလုပ်ခန့်ပါတယ်၊ ကလေးမက ဘယ်မှာနေတာလဲ၊ မိဘ တွေကကောကွယ့်"

"လောလောဆယ်တော့ ကလောဟိုတယ်မှာ တည်း နေပါတယ်၊ မိဘတွေက ရန်ကုန်မှာရှိပါတယ်ရှင့်"

"ကလောဟိုတယ်မှာ တည်းခိုနေတယ်. . . ဟုတ်စ၊ ခြင့် တူမကြီးတစ်ယောက်တည်းပေါ့"

"ဟုတ်ပါတယ်၊ ကလောကို မရောက်ဖူးသေးလို့ အ မ်းဖြေခရီးထွက်လာတာပါ၊ ကိုမိုးဟိန်းက. . အလုပ်ကိစ္စအ ကြောင်းသတင်းပေးလို့ ခရီးသွားဟန်လွှဲ အလုပ်ဝင်မေးတာပါ"

ဦးဘင်္ဂက မိုးဟိန်းကို အကဲခတ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနာမည်က မိုးဟိန်းတဲ့လား"

"ဟုတ်ပါတယ်. . . ဘကြီး"

"မင်းကကော ပိသုကာအလုပ်လာလျှောက်တာလား"

"မ. . မဟုတ်ပါဘူးဘကြီး"

"ဒါဆို. . ."

ဦးဘက်က မေသော်ကို လှမ်းကြည့်သည်။ မေသော်ကို စူးစမ်းသောအကြည့်ဟု မေသော်တွေးမိပြီး မျက်နှာတွင် ပန်းနုရောင်သန်းသွားသည်။

"ကျွန်တော်က. . ."

"သူက စာရေးဆရာ၊ သုတေသနသမားတစ်ယောက်ပါ"

မေသော်က ကြားဖြတ်ဝင်ဖြေလိုက်ရသည်။

"ကျွန်မက ဘဘကြီးအိမ်ကို ပိသုကာလက်ရာမြော... လွန်းလို့ ငေးကြည့်နေတုန်း ကိုမိုးဟိန်းက အလုပ်ကိစ္စပြော... တယ်၊ ကျွန်မက အလုပ်ဝင်လျှောက်ကြည့်ချင်တယ်ပြောေ... သူ့စာအုပ်ရေးဖို့အတွက် ပိသုကာလက်ရာတွေကို အနီးက...





...လာခွင့်ရအောင် လိုက်လာတာပါ၊ ကျွန်မကလည်း မိန်းက... ...းတစ်ယောက်ဆိုတော့ အားကိုးအဖြစ် ခေါ်လာတာပါ"

မေသော်က ရှင်းပြလိုက်သည်။

"ဟင်. . . ဟုတ်လား၊ မောင်ရင့်စာအုပ်က ဘာစာ...ပ်လဲကွယ့်"

"ရှေးဟောင်းပိသုကာလက်ရာဆိုတဲ့ စာအုပ်ပါ. . . ဘကြီး"

"အင်း. . . တော်တော်တန်ဖိုးရှိမယ့် စာအုပ်ပဲ၊ မောင် ...ရဲ့ ကလောင်နာမည်က ဘယ်သူလဲကွယ့်"

"မိုးဟိန်း(သုတေသန)ပါ. . ဘဘကြီး"

"အင်း. . မိုးဟိန်း၊ သုတေသနဆောင်းပါးတွေရေးတာ ...ဖူးတယ်၊ ဘကြီးရဲ့ မေတ္တာစံအိမ်အကြောင်းကို စိတ်တိုင်း... လေ့လာပါ၊ သိချင်တာကို မေးပါ၊ ဪ. . ကလေးမအ... ...ဆင်းဖို့က ဘယ်လိုလုပ်မှာလဲ၊ အလုပ်က လစာနဲ့ယူမလား ...ဖြတ်လုပ်ချင်တာလားဆိုတာ ဖြေပါဦး"

"ကျွန်မကတော့ လစာနဲ့ပဲ ကြိုက်ပါတယ်၊ ဒါမှ တစ်



www.burmeseclassic.com

www.burmeseclassic.com

မျိုးမကြိုက်ရင် တစ်မျိုးပြောင်းလုပ်နိုင်တာပေါ့၊ ပြီးတော့ ဒီကိ
က အချိန်ယူလေ့လာပြီးမှ ဆောင်ရွက်ရမယ့် ကိစ္စမဟုတ်လာ

"ကောင်းပြီလေ၊ ဒါဆိုရင်လည်း တစ်လကို လစာလေ
သောင်းပေးမယ်၊ အစမ်းခန့်ကာလသဘောမျိုးပေါ့၊ မနည်း
ဘူးနော်၊ မနက်စာ၊ နေ့လည်စာ၊ ညစာကို ဒီမှာပဲ စားသော
ပါ၊ အင်း. . နေရေးထိုင်ရေး အပြင်မှာ အဆင်မပြေဘူးဆိုရ
ဒီမှာ တည်းခိုနိုင်ပါတယ်၊ ဘကြီးအိမ်က အကျယ်ကြီးပဲဥ
ပြီးတော့ ကလေးမအတွက်လည်း အလုပ်နဲ့ နီးစပ်သွားတာ

"ဟုတ်. . ဟုတ်ကဲ့၊ ကောင်းပါတယ်. . ဘကြီး"

မေသော်နှင့်ဦးဘင်္ဂတို့ သဘောတူညီချက်ရသွားေ
မှာပင် အခန်းထဲသို့ မိန်းမကြီးတစ်ယောက် ဝင်လာလေသည်
ကော်ဖီနှင့်မုန့်ပန်းကန်ကို လင်ပန်းဖြင့်ထည့်၍ ယူလာသည်

"သူက မသိန်းတဲ့၊ ဒီအိမ်ရဲ့ စားဖိုမှူးပေါ့၊ အစစအ
ရာကို သူ့စိတ်တိုင်းကျလုပ်ဖို့ တာဝန်ပေးထားတယ်"

မေသော်က ခေါင်းညိတ်ပြလိုက်သည်။ ဦးဘင်္ဂသ
တစ်ဘက်သို့လှည့်ပြီး. . .။





"ဟဲ့. . . မသိန်း၊ သူက ဒီအိမ်ပုံစံဆွဲဖို့ အလုပ်ခန့်လိုက်
တဲ့ ပိသုကာဆရာမလေး၊ ကိုသော်ကတို့နေတဲ့အခန်းကို ပြင်
ဆင်ပေးထားပါ"

"ဟို. . ဟို. . ."

"ကျုပ်ပြောတဲ့အတိုင်းသာ ဆောင်ရွက်ပေးပါ၊ အဲဒီ
အခန်းထဲမှာ ကလေးမစိတ်လွတ်ကိုယ်လွတ် နေပါစေ"

ဒေါ်သိန်းက စကားကို အထွန့်တက်ရန် ပြင်သည်။
ဦးဘင်္ဂက လက်ကာပြပြီး ပိတ်ပြောလိုက်သောကြောင့် ငြိမ်ကျ
သွားသည်။ ကော်ဖီ၊ ပန်းကန်နှင့်မုန့်ပန်းကန်များကို မေသော်
တို့ ရှေ့မှစားပွဲပေါ်သို့ ချပေးသည်။

"ကလေးမ. . မိဘတွေက ဘာစီးပွားရေးလုပ်ကိုင်ကြ
သလဲ"

"ကျွန်မမိဘနှစ်ပါးစလုံး ကွယ်လွန်ကုန်ကြပါပြီ၊ လော
သာဆယ်မှာတော့ အဘိုးတို့၊ အဖေတို့လက်ထက်ကတည်း
က ကျွန်မကို ထိန်းကျောင်းလာတဲ့ အဒေါ်လိုနေသူနဲ့ အတူ
နေပါတယ်၊ ကျွန်မ. . ဒီကို ထွက်လာတော့ အဲဒီအဒေါ်က


www.burmeseclassic.com

www.burmeseclassic.com



အိမ်စောင့်အဖြစ် ကျန်ခဲ့ပါတယ်"

"ဆွေမျိုးသားချင်းတွေ မရှိဘူးလား"

"ကျွန်မက တစ်ကောင်ကြွက်ပါ. . . ဘဘကြီး"

"ဪ. . ဒါကြောင့် စိတ်လွတ်ကိုယ်လွတ် ထွက်လာတာကိုး၊ အင်းလေ. . ဘကြီးအိမ်မှာနေသ၍တော့ အားလုံးကို ဆွေမျိုးသားချင်းလို သဘောထားပါ၊ ပြီးတော့ ဘကြီးအိမ်က အလုပ်တွေကိုလည်း ကူညီဆောင်ရွက်ပေးစေချင်ပါတယ်၊ အခုလည်း ဒီအိမ်က ပစ္စည်းဟောင်းစာရင်းတွေကို စဉ်းစားပြီး မှတ်တမ်းရေးထားတယ်၊ ဒီအိမ်ကြီးကို အားလုံးပြင်ဆင်ပြီးရင် ပြတိုက်လုပ်ရကောင်းမလား၊ စာသင်ကျောင်းအဖြစ် လှူရရင်ကောင်းမလားဆိုပြီး စဉ်းစားနေတယ်၊ အင်းလေ. . ဒါက အခုမဟုတ်သေးပါဘူး၊ နောက်ဆောင်ရွက်မယ့် စိတ်ကူးတွေပါ"

"ဘကြီးက ဒီအိမ်ကြီးကို အခုလိုလုပ်မယ်ဆိုတော့ ဒီအိမ်နှင့်ပတ်သက်ပြီး အမွေဆက်ခံမယ့်သူရှိနေရင် မကန့်ကွက်တော့ဘူးလား။ အဲဒီအရေးကို ဘကြီးထည့်စဉ်းစားမထားဘူးလား၊ စဉ်းစားထားသင့်တယ်နော်"





မိုးဟိန်းက ပြောသည်။

"အမွေဆက်ခံမယ့် အခြားသူ မရှိတော့ဘူးကွယ့်၊ ဒါကြောင့် ဘကြီးက ခုလိုစိတ်ကူးပေါ်လာတာပေါ့၊ နို့မဟုတ်ရင် ဒီတော့စံအိမ်ဟာ ပျောက်ပျက်သွားမှာပေါ့၊ ဘကြီးတို့ မျိုးရိုးဆက် ထိန်းသိမ်းစောင့်ရှောက်လာခဲ့ပြီးမှ အခုလိုဖြစ်သွားရင် ယူကျုံးမရဖြစ်စရာ ကောင်းသွားမှာပေါ့၊ ဒါကြောင့် ထိန်းသိမ်းထားနိုင်တဲ့ နည်းလမ်းကို ကျွန်တော်စဉ်းစားထားတာပါ"

"ဟာ. . ဒါဆိုရင် ကောင်းတာပေါ့၊ တန်ဖိုးရှိတဲ့ စိတ်ကူးပဲ"

မိုးဟိန်းက အားရဝမ်းသာပြောလိုက်၏။

"ဘကြီးကလည်း အဲသလို တွေးထင်ထားတယ်၊ ကိုယ်တတ်နိုင်တာ လုပ်တာလေ၊ နောင်လာနောင်သားတွေအတွက် အကျိုးရှိမယ်ဆိုရင် ဘကြီးကျေနပ်ပါတယ်"

ဦးဘဂ်က စကားဆုံးသည်နှင့် စီးကရက်တစ်လိပ်ကို ညှိဖွာရှိုက်နေသည်။

"ဪ. . ဒီကမောင်ရင် စီးကရက်သောက်တတ်ရင်



www.burmeseclassic.com

www.burmeseclassic.com



သုံးဆောင်ပါ၊ မိန်းကလေးက စီးကရက်အနံ့ခံနိုင်ရဲ့လား"

"ရပါတယ် . . ဘကြီး၊ ကျွန်မအဖေရှိစဉ်ကလည်း စီးကရက်သောက်တတ်တာမို့ အနံ့ကို နှာခေါင်းက ယဉ်နေပါပြီ"

"အင်း . . . မိန်းကလေးက ဘကြီးအိမ်ကို ဘယ့်တော့ ပြောင်းလာချင်သလဲ၊ ဘကြီးရဲ့ ကားဒရိုင်ဘာကို ကြိုခိုင်းလိုက်မယ်"

ဦးဘင်က ရုတ်တရက်မေးလိုက်သဖြင့် မေသော်အဖြေရခက်သွားသည်။

"ဟုတ်တယ် . . ညီမ၊ ဘကြီးက ညီမအတွက် နေထိုင်စရာ စီစဉ်ပေးထားပြီပဲ၊ ညီမ . . ဘယ်တော့လောက်ပြောင်းမလဲ"

မိုးဟိန်းက ဝင်ပြောသည်။

"အင်း . . မနက်ဖြန်မှ ပြောင်းလာပါတော့မယ် ဘကြီး တစ်ခါတည်း အလုပ်ဝင်ရင်းပေါ့"

"အင်း . . . ကောင်းပါတယ်လေ၊ မိန်းကလေးသဘောပါပဲ"





ဦးဘင်က စားပွဲပေါ်မှ ခေါင်းလောင်းလေးကို လှုပ်လိုက်သည်။ တချွင်ချွင်ဆိုသည့် အသံလေး ထွက်ပေါ်လာ၏။ ဦးအတွမ်ဆိုသည့်လူကြီး အခန်းထဲသို့ ဝင်လာသည်။

"ဦးအတွမ် . . ဒီက ကလေးနှစ်ယောက်ကို လိုက်ပို့ပေးလိုက်ပါ၊ မောင်မိုးဟိန်းလည်း ဘကြီးအိမ်ကို အချိန်မရွေးလာသည်လို့ရပါတယ်၊ မေတ္တာစံအိမ်အကြောင်း လူသိလာအောင်ရေးပေးပါ၊ တစ်နေ့ကျရင် ဘကြီးတို့အဖေ ဦးဘသိန်းရဲ့ အကြောင်းကို မောင်ရင်တို့သိရအောင် ပြောပြမယ်"

မိုးဟိန်းနှင့်မေသော်တို့က ဦးဘင်ကို နှုတ်ဆက်သည်။ ဦးအတွမ်နောက်မှ လိုက်လာခဲ့သည်။ ဦးအတွမ်၏ မိုးဟိန်းနှင့်မေသော်တို့ကို ခြံဝအထိ လိုက်ပို့ပေးသည်။ မိုးဟိန်းနှင့်မေသော် ခြံအပြင်သို့ရောက်သည်နှင့် ခြံတံခါးကို ပိတ်လိုက်သည်။ မေသော်က နောက်သို့ လှည့်အကြည့်တွင် ခြံထဲတွင် စိုက်ထားသော နှင်းဆီပန်းကို မြင်သွားသဖြင့် ရပ်ကြည့်နေမိသည်။

"ဘာလဲ . . မိန်းကလေး၊ အိမ်ပေါ်မှာ ဘာကျန်ခဲ့လို့



www.burmeseclassic.com

www.burmeseclassic.com



"ဟို . . နှင်းဆီပန်းကို ကြည့်နေတာပါ"

"ဩော်"

ဦးအတွမ်က နှင်းဆီပန်းပွင့်အနီကို သွားခူးပြီး မေ
သော်အား လှမ်းပေးသည်။

"မိန်းကလေးတွေက ပန်းကိုမြင်ရင် နှစ်သက်တတ်
တာ အတူတူပါပဲ"

ဦးအတွမ်က တည်ငြိမ်စွာပြောသည်။ ဦးအတွမ်စကား
များက မေသော့်အတွက် စဉ်းစားစရာဖြစ်သွားသည်။ မေသော်
သည် အတွေးကိုဖြတ်ကာ မိုးဟိန်းနှင့်အတူ မေတ္တာစံအိမ်
မှ ထွက်ခွာလာခဲ့သည်။

x x x



## အခန်း -- ၅

မေတ္တာစံအိမ်သို့ မေသော်ပြောင်းရွှေ့နေထိုင်ခဲ့သည်
ရက်အတော်ကြာခဲ့ပေပြီ။ မေတ္တာစံအိမ်တွင် မေသော်နေ
တကျ ဖြစ်နေပါပြီ။ ဦးဘဂ်က မေသော်အတွက် နေထိုင်
ပေးထားသော အခန်းမှာ ကျယ်ဝန်းသည်။ ဦးဘဂ်နဲ့လည်း
တော်ပင် ခင်မင်ရင်းနှီးလာသည်။ အိမ်ဖော်ဒေါ်သိန်းသည်
တိအေးစက် နေတတ်သော်လည်း ခင်မင်စရာကောင်း



www.burmeseclassic.com

www.burmeseclassic.com



သည်ဟု မေသော်ယူဆမိသည်။ မေသော့်ကိုလည်း စေတနာထား၍ ဆောင်ရွက်ပေးသည်။

ဦးအတွမ်၏ စိတ်ဓာတ်ကိုတော့ မေသော်စဉ်းစားရခက်လှသည်။ ဦးအတွမ်က မေသော့်ကို ခင်မင်သည့် အမူအရာတော့ ရှိသည်။ မေသော်ပန်းကြိုက်တတ်မှန်းသိသဖြင့် တစ်နေ့လျှင် ပန်းတစ်ပွင့်ကျ လက်ဆောင်ပေးသည်။ သို့သော် ဦးအတွမ်နှင့်ပတ်သက်၍ မေသော့်မှာ တွေးစရာများဖြစ်နေ

မေသော်ကိုတွေ့လျှင် ဦးအတွမ်က စူးစူးဝါးဝါး ကြည့်နေတတ်သည်ကို မေသော်သတိထားမိလာသည်။ ဦးအတွမ်၏ အကြည့်ကို မေသော်ရင်မဆိုင်ရဲ။ သူ့ကိုကြည့်မှန်းသိသည်နှင့်မေသော့်ရင်ထဲတွင် တဒိန်းဒိန်းခုန်နေမိသည်။

"မင်း. . ဒီကိုရောက်လာတဲ့အတွက် ငါဝမ်းသာနေတယ်၊ မင်း. . ဒီအိမ်ကြီးကို အလုပ်လာလျှောက်တဲ့နေ့ကစ မင်းကို ငါသိနေတယ်၊ အင်း. . . မင်းကို ငါသိနေတယ်"

"ရှင်"

ဦးအတွမ်၏ စကားကြောင့် မေသော်အံ့ဩသွားရ





ဦးအတွမ်၏ စကားများက ပဟေဠိဆန်နေသည်မဟုတ်လား။ ထိုစကားနှင့်ပတ်သက်၍ မေသော့်စိတ်ထဲတွင် မရှင်းမလင်းဖြစ်နေရသည်။ ဦးအတွမ် ဘာကိုဆိုလိုပြီးပြောမှန်း မေသော်မသိပါ။ မေသော်. . ခေါင်းပူအောင် စဉ်းစားကြည့်ပေမယ့်မရ။

မည်သို့ပင်ဖြစ်စေ။ မေတ္တာစံအိမ်တွင် အဆင်ပြေစွာ နေထိုင်လို့ရအောင် မေသော်ကြိုးစားရသည်။ မေတ္တာစံအိမ်တွင်ရှိနေသော လူအားလုံးနှင့်ခင်မင်ရင်းနှီးရအောင် ကြိုးစား၏။ ဒါမှ မေမေနှင့်ပတ်သက်သော အကြောင်းအရာများကို မေသော်သိခွင့်ရလာလိမ့်မည်ဟု ထင်ထားသည်။ လောလောဆယ်မှာတော့ မေမေနှင့်ပတ်သက်ပြီး မည်သည့်သတင်းစကားမျှ မကြားရသေးပါ။ မေမေနှင့်ပတ်သက်သည့်အကြောင်းကို မပြောဆိုရန် ဦးဘဂ်က ပိတ်ပင်ထားသည်လားမသိ။ ယင်းအတွက် မေသော့်စိတ်ထဲတွင် မကျေမနပ်ဖြစ်နေမိသည်။ စိတ်ထဲ၌ မခံချိမခံသာ ခံစားနေရသည်။

မေမေသည် ဤမျှအကျင့်ဆိုးဝါးလိမ့်မည်။ ယုတ်ညံ့မည်ဟု မေသော်မထင်မိပါ။ မယုံကြည်နိုင်ပါ။ ဒါကလည်း



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အပေါ်ထားမိသော ယုံကြည်စိတ်၊ ချစ်စိတ်ကြောင့်ဟု ထင်ပါသည်။ တကယ်တမ်း ပြောရမည်ဆိုလျှင် မေမေသည် အကျင့်စရိုက်ဆိုးသူဖြစ်ပါစေ၊ မေမေသည် မေသော်၏ မွေ မိခင်ကျေးဇူးရှင်မဟုတ်ပါလော။

မေမေနှင့်ပတ်သက်ပြီး မေသော်စုံစမ်းနေလေသည် မေတ္တာစံအိမ်၏ အနီးပတ်ဝန်းကျင်တွင် ဟိုစပ်စပ်သည်စပ် စုံစမ်းကြည့်သည်။ သို့သော် သေချာရေရာသော အဖြေကို သိရသေးပါ။ ထင်မြင်ချက်စကားလုံးများကိုသာ ကြားခဲ့ရသည် မေမေနှင့်ပတ်သက်ပြီး အဆိုးသတင်းများကိုသာ ကြားရသည် မေမေ. . မည်သည့်အရပ်တွင်ရှိသည်။ အဘယ်နေရာသို့ထွ သွားသည်ကို အတိအကျ မပြောနိုင်ကြပါ။ ထင်ကြေးဖြင့်သ ပြောဆိုနေကြခြင်းဖြစ်သည်။ ပတ်ဝန်းကျင်ဟူသည် ထင်ကြေ ဖြင့် တစ်ဖက်သားဂုဏ်သိက္ခာကျအောင် ပြောဆိုနေတတ်သည် မှာ ခမ္မတာလားမသိဘူး။

မေသော်က သူ့ကိုယ်သူ အားတင်းထားသည်။ တ နေ့နေ့တွင် မေမေနှင့်တွေ့ဆုံရလိမ့်မည်ဟု တွေးထင်ထား





သည်နေ့တွင်လည်း ခါတိုင်းနေ့များကဲ့သို့ပင် မေသော် မ်းလျှောက်ထွက်လာခဲ့သည်။ မေတ္တာစံအိမ်၏ အနောက် က်ထင်းရှူးတောထဲသို့ တစ်ယောက်တည်း ထွက်လာမိခြင်း ဖြစ်သည်။ ထင်းရှူးတောထဲတွင် လျှောက်နေမိရင်းမှ သချိုင်း ဂူကျောက်များကို တွေ့ရသည်။ မှတ်တိုင်ငုတ်တိုဟောင်းများမှာ ရှိနေသည်။ ဆွေးမြေ့ပျက်စီးနေသည်လည်းရှိသည်။ ထိုအ ကြားမှ အုတ်ဂူတစ်လုံးကို အမှတ်ထင်ထင် မြင်လိုက်ရသည်။

အုတ်ဂူခေါင်းရင်းတွင် ရေးထွင်းထားသော စာတန်း ကြောင့် မေသော့်ရင်ထဲတွင် တဒိန်းဒိန်းခုန်သွားသည်။

"မညိုပြာ. . . အသက်(၁၅)နှစ်တဲ့"

ဒါ. . မေသော်၏ မေမေနာမည်။ ဒီအုတ်ဂူက မေမေ့ ဂူများလား။ မေသော့်ရင်သည် ခုန်နေဆဲ။ မေသော်စိတ် ားသွားသည်။ အုတ်ဂူအနီးသို့ ခုလျှောက်သွားသည်။ အုတ် ပေါ်မှ သစ်ရွက်ခြောက်များကို ဖယ်ရှားပစ်လိုက်သည်။ အုတ် ပေါ်တွင် သန့်ရှင်းသွားသည်။ မေသော်သည် သေဆုံးသူ၏ ည်ကိုဖတ်ပြီး တွေးတောစရာဖြစ်သွားသည်။ နာမည်က



www.burmeseclassic.com

www.burmeseclassic.com



မေမေ့အမည်ကားမှန်၏။ သို့သော် အသက်ချင်းက ကွာခြား လွန်းနေသည်။ မေမေနှင့်အမည်တူသော မိန်းကလေးကို မြှု နှံထားသည့် အုတ်ဂူပါလား။ မေသော်စိတ်ပျက်လက်ပျက်ဖြင့် တစ်ဖက်သို့ လှည့်လိုက်စဉ် အုတ်ဂူတစ်လုံးပေါ်မှ စာတန်းတ ခုကို မြင်မိပြန်သည်။ မေသော်သည် အုတ်ဂူအနားသို့လျှောက် လာပြီး စာတန်းကို ဖတ်လိုက်၏။

"ကျွန်ုပ်တို့ရှိရာသို့ သင်လာသည်။ သို့သော် ကျွန်ုပ်ကို မမြင်။ ကျွန်ုပ်အဖြစ်ကို မဆင်ခြင်။ သည်လမ်းကို ကျွန်ုပ်ဖြ သန်းခဲ့သည်။ သင်တို့လည်း တစ်နေ့ဖြတ်သန်းရမည်။ သေခြ ဖြင့် ဘဝကြွေးကို ပေးဆပ်ကြရမည်"

ထိုစာတန်းကို မေသော်စိတ်ဝင်စားသွားသည်။ ဖ ရင်းမှတ်သားထားမိသည်။

"သေခြင်းသည် ဘဝကြွေးကို ပေးဆပ်ခြင်း"တဲ့

တရားရလေသည်မဟုတ်သော်လည်း မေသော့်ရင် တွင် နင့်ကနဲ ခံစားလိုက်ရသည်။ လူသားတိုင်း ရင်ဆိုင်ရ ဖြစ်သော တရားပါတကား။ သည်တရားကို မည်သူကမှ မ





ဆန်နိုင်ကြပါ။

အတွေးတွေ ပလုံစီအောင် ထနေလျက်က မေသော် သည် ညင်သာစွာဖြင့် တောတန်းလေးတစ်ခုအတွင်းသို့ လှမ်း င်လာခဲ့သည်။ တောတန်းလေးသည် အရိပ်ကောင်း၍ တိတ် ဆိတ်ငြိမ်သက်နေ၏။ အမှောင်ရိပ်သန်းနေသည်။ ထိုတော န်းလေးထဲသို့ လှမ်းဝင်မိလိုက်စဉ် မေသော်သည် လူတစ် ယောက်နှင့်ဝင်တိုက်မိမလိုဖြစ်သွား၏။ လူပြတ်သောနေရာမို့ မေသော်ထိတ်လန့်သွားသည်။ အထိတ်တလန့်နဲ့မို့ မေသော် ၏ မျက်လုံးအစုံ ဝိုင်းကျယ်သွား၏။ အလိုလိုခြေလှမ်းတုန့်သွား ပြီး နောက်သို့ဆုတ်မိမလိုဖြစ်သွားသည်။ တစ်ဖက်လူကလည်း မေသော့်ကို တအံ့တသြကြည့်နေ၏။ မျက်နှာတွင် အပြုံးပေါ် လာသည်။

"ဟင်. . ကြည့်စမ်း၊ ဘယ်သူလဲလို့. . . မေသော်"

"ဟာ. . . ကိုမိုးဟိန်းကိုး"

မေသော်က အပြုံးကလေးဝင့်ပြလိုက်၏။

"ကိုမိုးဟိန်းက ဒီဘက်ကို ဘာလာလုပ်တာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်း . . မေသော်က တို့ကိုသာ မေးနေတယ်၊ မေ
သော်ကော တစ်ယောက်တည်း ဒီဘက်ကို ဘာလာလုပ်
တာလဲ"

"ပျင်းလို့ လမ်းလျှောက်လာမိတာ"

မိုးဟိန်းက ခေါင်းတဆတ်ဆတ်ညိတ်ရင်း မေသေ
မျက်နှာကို ပြုံးပြုံးကြီးကြည့်နေ၏။

"အပျင်းပြေ လမ်းလျှောက်တာကလည်း သချိုင်းဘ
ကိုလား၊ လမ်းလျှောက်လာရင်း သေပြီးတဲ့သူတွေနဲ့ စကားပြေ
ချင်လို့လား"

မိုးဟိန်းစကားကြောင့် မေသော်က ရယ်နေသည်။

"ဟာ . . ကိုမိုးဟိန်းကလည်း ကြံကြံဖန်ဖန်၊ ဒီဘ
မှာ သချိုင်းရှိတာ မေသော်မသိပါဘူး၊ အနားရောက်မှသိ
ထိတ်လန့်သွားမိတယ်၊ ကိုမိုးဟိန်း . . ဘယ်သွားမလဲ၊ မေသော်
ကတော့ နောက်ကြောင်းပြန်လှည့်တော့မယ်"

"တို့ . . အောက်ဘက်ဆင်းတော့မယ်၊ သွားလေ
လိုက်ပို့ပေးမယ်"



မိုးဟိန်းနှင့်မေသော်တို့ တောတန်းလေးထဲမှ ထွက်လာခဲ့ကြသည်။ သချိုင်းမြေထဲမှ ဖြတ်လာကြသည်။ သချိုင်းမြေကို ဖြတ်လာမိသည့်အထိ တစ်ဦးနှင့်တစ်ဦး စကားမပြောမိကြ။ အတွေးကိုယ်စီနဲ့ ငြိမ်သက်နေမိကြသည်။ အချိန်အတန်ကြာတော့မှ မေသော်က တိတ်ဆိတ်မှုကို စကားစလိုက်သည်။

"ကိုမိုးဟိန်း"

"ဗျာ"

"သချိုင်းမြေထဲမှာ အုတ်ဂူတစ်လုံးကို တွေ့ခဲ့တယ်"

"ဟာ . . သချိုင်းထဲမှာ အုတ်ဂူတွေ၊ မြေပုံတွေရှိတာပေါ့"

"နေဦး၊ ပြောတာနားထောင်ပါဦး၊ အုတ်ဂူပေါ်မှာ ရေးထားတာက မေမေ့နာမည် . . . သိလား"

မိုးဟိန်းသည် လျှောက်နေရင်းမှ ခြေလှမ်းတုန့်ကနဲရပ်သွားသည်။ အံ့အားသင့်သွားဟန်ကို မိုးဟိန်း၏ မျက်နှာပြင် မဖုံးကွယ်နိုင်ပဲ အထင်းသားတွေ့ရသည်။

"ဟင် . . . ဟုတ်သလား"

www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်းအံ့အားသင့်သွားဟန်ကို ကြည့်ပြီး မေသော်က ပြုံးနေသည်။

"ကျွန်မလည်း တွေ့တွေ့ချင်းတော့ အံ့အားသင့်သွားတာပေါ့၊ ဒါပေမယ့် နာမည်ကသာ မေ့မေ့နာမည်၊ အသက်က (၁၅)နှစ်ဆိုတော့. . ."

"ဟာ. . မေသော်ကလည်း တို့က တကယ်မှတ်လို့"

နှစ်ဦးသား ပြိုင်တူရယ်မိကြသည်။ နှစ်ဦးသား၏ ရယ်မောသံများ စီလွင်လွင်ထွက်ပေါ်လာသည်။

"ကျွန်မစကားမဆုံးခင် ကိုမိုးဟိန်းက အံ့အားသင့်သွားတာကိုး၊ တကယ်ပြောတာ. . ကိုမိုးဟိန်းရဲ့၊ ကျွန်မလည်း အုတ်ဂူကို ရုတ်တရက်မြင်လိုက်တော့ ရင်ထဲမှာ ဒိန်းကနဲခုန်သွားတာပေါ့၊ အသက်ကြည့်မိတော့မှ သက်ပြင်းချမိတယ်၊ ဒီဘက်ကို ထွက်လာမိတာ ဒီအုတ်ဂူကို တွေ့ရတယ်လို့"

မိုးဟိန်းသည် ရယ်မောပျော်ရွှင်စွာပြောနေသော မေသော့်ကို ငေးစိုက်ကြည့်နေသည်။ နုနယ်လှပသော မေသော်မျက်နှာကိုကြည့်ပြီး မိုးဟိန်းရင်ထဲတွင် လှုပ်ခတ်သွားရသည်





မိုးဟိန်း၏ မျက်လုံးအစုံ အရောင်တဖျတ်ဖျတ်လက်သွားသည်သို့ရှိ၏။

မေသော်သည် မိုးဟိန်း၏ အကြည့်ရဲရဲကြောင့် အနေခက်သွားပုံရသည်။ မျက်လွှာချလိုက်ပြီး မြေနီလမ်းကလေးပေါ်သို့ စူးစိုက်ကြည့်ရင်း လျှောက်လာသည်။ မေသော်အနေခက်သွားသည့် အမူအရာကြောင့် သူ့အကြည့်ရိုင်းသွားမှန်း မိုးဟိန်းသတိပြုလိုက်မိ၏။ မေသော့်ကိုကြည့်နေသော အကြည့်ကို လွှဲလိုက်၏။

မိုးဟိန်းထံမှ လေးလေးပင်ပင် သက်ပြင်းချသံပေါ်လာသည်။ နှစ်ဦးစလုံး ရင်ခုန်နွေးနွေးဖြစ်ကာ စကားမဆက်တော့ဘဲ ခြေလှမ်းမှန်မှန် လျှောက်လာကြသည်။

မေတ္တာစံအိမ်ကြီးသို့ လှမ်းမြင်ရသည့် အချိုးအကွေ့သို့ရောက်သောအခါ မိုးဟိန်းက လျှောက်နေရာမှ ရပ်လိုက်၏။ နားမှ ယှဉ်တွဲလျှောက်လာသော မေသော်သည်လည်း မိုးဟိန်းရပ်သွားသည်ကို သတိပြုမိသဖြင့် ရပ်တန့်လိုက်၏။

"ကဲ. . ဒီလောက်ဆိုရင် ညီမဘာသာ သွားလို့ရပြီ



www.burmeseclassic.com

www.burmeseclassic.com



တို့. . ဒီကပဲ လှည့်ပြန်တော့မယ်"

"အိမ်ကို မလိုက်တော့ဘူးလား. . ကိုမိုးဟိန်း"

မိုးဟိန်းကို ဖိတ်ခေါ်နေသော မေသော့အသံသည် အနည်းငယ်တုန်ရီနေသည်။

"မလိုက်တော့ပါဘူး၊ နောက်မှပဲ လာလည်တော့မယ်"

မိုးဟိန်းသည် ဟန်မဆောင်နိုင်အောင် ဖြစ်နေသော အမူအရာဖြင့် လှည့်ထွက်သွားသည်။ မိုးဟိန်းထွက်သွားသည် မိုးဟိန်းထွက်သွားသည်နှင့် မေသော်သည် ခေါင်းငိုက်စိုက်ချပြီး မေတ္တာစံအိမ်ရှိရာသို့ လျှောက်လာခဲ့သည်။ အိုမင်းနေပြီဖြစ် သော်လည်း ခန့်ညားထည်ဝါသော အသွင်ကိုဆောင်နေသည့် မေတ္တာစံအိမ်ကြီးသည် မေသော့ကို စိုးမိုးငုံ့ကြည့်နေသည့်နှယ် ရှိသည်။ စိတ်ဆိုးနေသည့် မျက်နှာထားဆိုးဆိုးနဲ့ လူကြီးတစ် ယောက် မျက်မှောင်ကြုတ်ကြည့်နေသည့်နှယ်။

မေသော်သည် ခေါင်းကိုငိုက်စိုက်ချလျက် လျှောက် လာရင်း အိမ်ကြီးနှင့်မလှမ်းမကမ်းသို့ရောက်လာသည်။ အိမ် ကြီး၏ မြင့်မားသော ဝင်းထရံကိုပတ်၍ လျှောက်လာနေစဉ်





မှာပင် အေးစက်သော လက်တစ်ဖက်ဖြင့် သူ့ပခုံးကို လာ၍ ဆုပ်ကိုင်ခြင်းခံလိုက်ရသည်။ မေသော့ရင်ထဲတွင် ထိတ်ကနဲ ဖြစ်သွားပြီး နောက်သို့လှည့်ကြည့်လိုက်မိသည်။

"ဟင်"

ဝါကျင်သော သွားများပေါ်အောင်ပြုံးနေသော မိန်းမ ကြီးတစ်ယောက်ကို တွေ့လိုက်ရသည်။ မေသော်. . ကြောက် နဲ့ တုန်လှုပ်သွား၏။ ရင်ထဲတွင် တဒိတ်ဒိတ်နဲ့ ခုန်လာသည်။ ဆံပင်ဖားလျားချပြီး ပြုံးကျယ်ဝိုင်းစက်သည့် မျက်လုံးအစုံဖြင့် ကြည့်နေသော မိန်းမကြီးကို ကြောင်အမ်းအမ်းနဲ့ ကြည့်နေမိ ၏။

"မင်း. . . ပြန်လာတယ် ဟုတ်လား၊ ပြန်လာတယ်"

ရုပ်ရည်က ကြောက်စရာကောင်းဖေမယ့် မိန်းမကြီး အသံက သာယာကြည်လင်နေသည်။ မေသော်က ထိတ်လန့် စွာ ကြည့်နေစဉ်မှာပင် မိန်းမကြီးက သဘောကျစွာဖြင့် ရယ် နေသည်။

"ဟင်း. . မဟုတ်နိုင်ဘူး၊ မင်းအဟုတ်နိုင်ဘူး၊ မင်း. .



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူလဲဟင်၊ မင်း. . ဘယ်သူလဲ. . . . ပြောစမ်း"

ပြောင်းလဲသွားသော မိန်းမကြီး၏ အမူအယာကြောင့် မေသော်နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်မိ၏။ ထိုမိန်းမကြီး၏ မျက်နှာကိုလည်း သေချာစွာ အကဲခတ်နေမိသည်။

"ငါမေးနေတယ်၊ ဖြေလေ. . မင်းဘယ်သူလဲ"

"ကျွန်. . ကျွန်မ. . မေ. . . သော်ပါ"

"သြော်. . . ဟား. . ဟား. . ဟား"

မိန်းမကြီးက ကျယ်လောင်စွာ ရယ်မောလိုက်သည်။ ထိုကျယ်လောင်သော ရယ်သံကြောင့် မေသော်ကြက်သီးဖြန်း ဖြန်းထသွားမိသည်။

"မင်း. . ဘယ်ကလာတာလဲ၊ ဘာလာလုပ်တာလဲ၊ ဒီအိမ်ကြီးကလားဟင်၊ မင်း. . ဒီအိမ်က မဟုတ်လား"

မေသော်က ကြောက်ကြောက်လန့်လန့်နဲ့ ခေါင်းညိတ်ပြလိုက်မိသည်။

"မိန်းကလေးရယ်. . မင်း. . ဒီအိမ်က ဟုတ်တယ် သနားစရာပါလားကွယ်၊ မနေနဲ့ -ပြန်တော့၊ ဒီအိမ်မှာမနေ





သိလား"

ပါးစပ်မှ စိတ်ထင်ရာကို ပြောနေသော မိန်းမကြီးကို ကြည့်ပြီး မေသော်သဘောပေါက်လာသည်။ ထိုမိန်းမကြီး၏ မျက်နှာအသွင်အပြင်နှင့် စုတ်ပြဲနေသော အဝတ်အစားများ ကြောင့် စိတ်ဝေဒနာသည်တစ်ဦးမှန်း သတိထားမိလာသည်။ မေသော်သည် နောက်သို့ ခြေတစ်လှမ်းထပ်ဆုတ်လိုက်သည်။ ထိတ်လန့်ပြူးစက်နေသော မျက်လုံးအစုံဖြင့် မိန်းမကြီး၏မျက်နှာကို ကြည့်နေမိသည်။

"ဒီကနေ ထွက်သွားပြီးမှ မင်းဘာဖြစ်လို့ ပြန်လာရတာလဲဟင်. . ပြောစမ်း၊ ငါ့ကိုပြောစမ်း၊ ဒီအိမ်က မကောင်းဘူး၊ မေတ္တာစံအိမ်မဟုတ်ဘူး၊ ဒီအိမ်အကြောင်းတွေကို ငါကောင်းကောင်းသိတယ်၊ မကောင်းဆိုးဝါးတွေနေတဲ့အိမ်"

ထိုမိန်းမကြီးက တည်ငြိမ်စွာ ပြောနေသော်လည်း မေသော်က ကြောက်ရွံ့စိတ်ဖြင့် ကြောင်ငေးငေးကြည့်နေဆဲပင် ဖြစ်သည်။

"ငါပြောတာကို နားထောင်ပါ. . မိန်းကလေး၊ ဒီအိမ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာ မနေနဲ့ မကောင်းဘူး၊ ထွက်သွား၊ ဒီအိမ်ကြီးက အမြန်ဆုံးထွက်သွားတာ အကောင်းဆုံးပဲ၊ ကြားလား”

မိန်းမကြီးက မေသော့်ကို တိုးတိုးသာသာလေး ပြောသည်။ ပြီးမှ မေသော့်မျက်နှာကို စူးစူးစိုက်စိုက်ကြည့်ပြီး ချာကနဲလှည့်ထွက်သွား၏။

မေသော့်မှာ ကြောင်အန်းအန်းနဲ့ ရပ်နေပြီး ကျန်ခဲ့၏။ မေသော်၏ မျက်နှာတွင် အံ့အားသင့်ဟန်၊ စိတ်ပျက်ဟန်၊ သံသယဖြစ်ဟန်များ ယှက်သန်းသွားသည်။

မေသော်၏ စိတ်ထဲမှာ သံသယဖြစ်သွားမိလေသည်
သည်မိန်းမကြီးသည် မေတ္တာစံအိမ်နှင့်ပတ်သက်ပြီး တစ်စုံတစ်
ရာကို ပြောဆိုပြချင်နေဟန်ရှိ၏။ မေတ္တာစံအိမ်နှင့်ရင်းနှီးကျွမ်း
ကျင်ခဲ့ဟန်ရှိသည်။ မေတ္တာစံအိမ်ကို မုန်းတီးနေပုံလည်းရ

ကလေးစကား၊ သဘင်သည်စကား၊ အရူးစကားမျ
တတ်သည်ဟု မေသော်ကြားဖူးသည်။ ထိုမိန်းမကြီး၏ စကာ
သည် ဟိုရောက်ဒီရောက် ပြောနေသည်မှန်ပေမယ့် တစ်စုံတစ်
ခုကို ရည်ညွှန်းနေမှန်း သိသာလှ၏။ တစ်စုံတစ်ခု အဓိပ္ပါယ်





ကို ဆောင်နေသလိုပင်။ ထိုအဓိပ္ပါယ်ကို မေသော်မသိပါ။ သိ
ချင်နေပါ၏။

မေသော့်ခေါင်းထဲတွင် နောက်သွားသည်။ မေသော်
ကိုယ်တိုင်ကလည်း မေတ္တာစံအိမ်တွင် လူသူမသိခဲ့လေသော
ဿနာတစ်ခုရှိခဲ့မည်ဟု ထင်ခဲ့သည်။ မေတ္တာစံအိမ်သည်
ဝှက်မှုများဖြင့် ဖွဲ့စည်းထားသည်ဟု တွက်ဆထားမိ၏။

မေသော်သည် သူ့အနားမှ ထွက်ခွာသွားသော စိတ္တဇ
ဒနာသည် မိန်းမကြီးကို လိုက်ကြည့်နေမိသည်။ ယင်းသို့
ကြည့်ရင်း စိတ်ထဲတွင် လှုပ်ရှားနေသည်။

“ဟဲ့. . . မိန်းကလေး၊ ဒီမှာ ဘာလုပ်နေတာလဲ”

နောက်ဘက်မှ အသံကြောင့် မေသော်လန့်သွား၏။
တ္တာစံအိမ်မှ ဒေါ်သိန်းဖြစ်နေသဖြင့် စိတ်သက်သာရာ ရ
ား၏။

“ဒေါ်လေး. . ဟိုမှာကြည့်စမ်း”

“ဘာများလဲ. . . မိန်းကလေး”

“ဟိုမှာတွေ့လား. . စိတ္တဇဝေဒနာသည်မိန်းမကြီး”



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . တွေ့တယ်"

"အဒေါ်. . . သူ့ကို သိသလားဟင်"

"သူ့နာမည်. . မြစိမ်းတဲ့၊ မိန်းကလေးက ဘာစိတ်ဝင်
စားစရာ တွေ့လာလို့လဲ"

"စောစောက သူ မေသော့်ကို စကားလာပြောတယ်"

"ဘာတွေပြောသွားသလဲကွယ့်"

"သူက မေသော့်ကို သိတယ်တဲ့၊ ဒီကို ပြန်လာတ
လားတဲ့၊ သူဖြေတာက စုံနေတာပဲ၊ မေသော်တော့ အဲဒါပဲမှ
မိလိုက်တယ်၊ မေသော်က အခုမှ မြင်ဖူးတာဆိုတော့ သူပြေ
ဆိုသွားတာတွေကို အံ့ဩမိနေမိလို့ပါ"

ဒေါ်သိန်းက မေသော်မျက်နှာလေး ငယ်နေသည်ကို
ကြည့်ပြီး အားပါးတရရယ်နေသည်။ သနားစရာသဖွယ်ကြည့်
နေလေ၏။ မေသော့်စိတ်ထဲတွင် မကျေမနပ်ဖြစ်သွားသည်
ဒေါ်သိန်းအကြည့်နှင့်ပတ်သက်ပြီး မခံမရပ်နိုင်အောင် ဖြစ်သွာ
သည်။ မေသော့်မျက်နှာ တင်းမာသွားသည်။

"ဒေါ်လေးက ကျွန်မပြောတာကို ဘာလို့ရယ်နေ





သဲ"

မေသော့်အသံက မာကျောနေသည်။ ထိုအသံမာမာ
ကြောင့် ဒေါ်သိန်း၏ ရယ်နေသော မျက်နှာမှာ အသွင်ပြောင်း
သွားသည်။

"ဪ. . ကလေးမရယ်၊ စိတ်မနှံ့သူရဲ့ စကားကို က
လေးမက အထူးအဆန်းဖြစ်နေလို့ပါ၊ ဒေါ်လေးရယ်မိတာဟာ
ကလေးမအတွက် စိတ်အနှောက်အယှက်ဖြစ်သွားတယ်ဆိုရင်
တောင်းပန်ပါတယ်၊ ဒေါ်လေးက ကလေးမကို လှောင်ပြောင်
ချင်လို့ မဟုတ်ရပါဘူး"

ဒေါ်သိန်းက တောင်းပန်သည့်နှယ် လေသံပျော့ပျော့
လေးနဲ့ ပြောသောအခါ မေသော်အားနာသွားသည်။ သူ့စကား
ခက်ထန်သွားသဖြင့် ဒေါ်သိန်းကို အားနာသွားမိသည်။

"မေသော့်စိတ်ထဲမှာ အနှောက်အယှက် ဖြစ်သွားလို့
လို မေးလိုက်မိတာပါ. . ဒေါ်လေး၊ အဲဒီ ဒေါ်မြစိမ်းက
ဝေဒနာသည်ဖြစ်နေတာ ကြာပြီလားဟင်"

ဒေါ်သိန်းက ဘာမှပြန်မပြောသေးပဲ စဉ်းစားနေ၏။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . ကြာပြီဆိုပါတော့၊ ဘယ်လိုကြောင့် မြစိမ်း စိတ္တဇဝေဒနာသည်ဖြစ်သွားတယ်ဆိုတာ ဘယ်သူမှ မသိကြ ဘူး၊ ကြာတော့ကြာလှပြီ၊ အရင်က မြစိမ်းဟာ မေတ္တာစံအိမ် မှာ အဝင်အထွက်ရှိခဲ့တာပေါ့၊ မညိုပြာရဲ့ အချစ်ဆုံးသူငယ် ချင်းလို့ ပြောရမှာပဲ၊ တချို့ ပြောနေကြတာကတော့ မညိုပြာ ဟာ မြစိမ်းချစ်နေတဲ့သူနောက် လိုက်သွားတာကြောင့် စိတ္တဇ ဖြစ်ပြီး အခုလိုဘဝမျိုးရောက်သွားတာတဲ့လေ"

မေသော်နှင့်ဒေါ်သိန်းတို့သည် တိုင်ပင်ထားခြင်းမ ပါပဲ မေတ္တာစံအိမ်ကို လှည့်ကြည့်လိုက်မိကြသည်။

"လာလေ. . ကလေးမ၊ သွားကြရအောင်"

နှစ်ဦးသား ခြံဝင်းထဲသို့ ဝင်လာခဲ့ကြသည်။ မေသော် နှင့်ဒေါ်သိန်းတို့ ခြံဝင်းထဲသို့ရောက်လျှင် မေတ္တာစံအိမ်ကြီး မှ ပန်းခြံထဲတွင် ဦးဘက်နှင့်ဦးအတွမ်တို့ စကားပြောနေကြသည် ကို တွေ့မြင်ရသည်။ မေသော်တို့ ဝင်လာမှန်းသိလျှင် ဦးဘ သည် ဦးအတွမ်ကို စကားပြောသည်အားရပ်ပြီး လှမ်းကြ လေသည်။





"ဟာ. . မိန်းကလေး၊ လမ်းလျှောက်ပြီးပြန်လာတာ ား၊ ဒေါ်သိန်းနဲ့ ဘယ်မှာတွေ့တာလဲ"

ဦးဘက်က မေသော့်ကို နှုတ်ဆက်ဟန်ဖြင့် လှမ်း၍မေး သသည်။

"ဒေါ်လေးနှင့်ခြံဝမှာတွေ့တာပါ၊ မေသော်က စိတ္တဇ ဒနာသည် မိန်းမကြီးကို ရပ်ကြည့်နေတုန်း တွေ့တာပါ"

"စိတ္တဇဝေဒနာသည် မိန်းမကြီး. . . ဟုတ်လား"

ဦးဘက်က မျက်မှောင်ကျုံ့ပြီး မေးသည်။

"မြစိမ်းကို ပြောတာလေ. . ဆရာရဲ့"

ဒေါ်သိန်းက ဝင်ပြောသည်။ ဦးဘက်က ခေါင်းတဆတ် ဆ်ညိတ်ရင်း မေသော့်မျက်နှာကို ကြည့်နေသည်။

"နေပါဦး၊ ကလေးမက မြစိမ်းကို ဘာလို့ရပ်ကြည့်နေ လဲ၊ ဘာများစိတ်ဝင်စားစရာ တွေ့လို့လဲ"

"မေသော့်ကို သူပြောသွားတဲ့ စကားကြောင့်ပါ၊ သူက သော့်ကို မြင်ဖူးတယ်တဲ့၊ ဒီကို ပြန်လာတာလားလို့ မေးလိုက်



www.burmeseclassic.com

www.burmeseclassic.com



မေသော့်စကားကြောင့် ဦးဘက်၏ မျက်နှာအသွင်မှ ပြောင်းလဲသွားပြီးမှ ဟက်ဟက်ပက်ပက် ရယ်မောလိုက်သည်

"ဩော်. . . ဘာများလဲလို့ကွယ်၊ သူက စိတ်မှမနှံ့တာ သူပြောချင်တာ ပြောသွားမှာပေါ့၊ ဒါများ အထူးအဆန်းလု လို့ ကလေးမရယ်"

ဦးဘက်၏ ပြက်ရယ်ပြုသော စကားကြောင့် မေသော် ခံပြင်းစိတ်ဖြစ်သွားသည်။ ဦးဘက်ကို လှမ်းကြည့်နေရာမှ မျ နှာလွှဲလိုက်၏။ ပန်းခြံထဲတွင် ပေါင်းသင်နေသော ဦးအတွ ကို လှမ်းကြည့်လိုက်သည်။ ဦးအတွမ်က ဦးဘက်နှင့်မေသော် တို့ပြောနေသော စကားများကို စိတ်ဝင်စားဟန်မပြသည် မေသော်သတိထားမိသည်။

"ဟုတ်တယ်. . ဘကြီးရဲ့၊ စိတ္တဇဝေဒနာသည် ကားဆိုပေမယ့် အဲဒီမိန်းမကြီးက သူသိထားတဲ့ အကြောင်း ရာတစ်ခုကို ကျွန်မကို ပြောပြချင်နေပုံရတယ်"

"သူသိထားတာ တစ်ခုခု. . ဟုတ်လားကလေးမ တစ်ခုခုဆိုတာ ဘာများလဲ"





ဦးဘက်က စိတ်ဝင်စားစွာဖြင့် မေးလေ၏။ မေသော် သည် ဦးဘက်၏ အမေးစကားကို မဖြေပဲ ပန်းခြံထဲမှ နှင်းဆီ န်းများကို စိတ်ဝင်စားစွာကြည့်နေသည့်ဟန်ဖြင့် နေလိုက်၏။

"အို. . ကြည့်စမ်းပါဦး ဒေါ်လေးရယ်၊ နှင်းဆီပန်း ကြီးတွေက လှလိုက်တာ၊ မြေသြဇာအကျွေးကောင်းလို့ထင်ပါ ။ ပွင့်နေလိုက်တာ အစွမ်းကုန်ပဲ"

မေသော်က သိသိသာသာပင် စကားလွှဲလိုက်သည်။ သို့ မေသော်စကားလွှဲလိုက်သည်ကြောင့် ဦးဘက်က စကား ဆက်တော့ပဲ မိမိဘာသာ စဉ်းစားနေသလို တွေဝေသွား၏။ သော့်စိတ်ထဲတွင် မကျေနပ်သလိုဖြစ်သွားသည်။ ဦးဘက်၏ က်နှာကို မသိမသာကြည့်ရင်း အကဲခတ်နေမိ၏။ ဦးဘက်၏ က်နှာတွင် အလိုမကျဖြစ်သွားသည့်ဟန် ပေါ်လွင်နေသည်၊ ခံပုံတစ်ရာကို မသိချင်ယောင်ဆောင်ပြီး လျှို့ဝှက်ထားသည့် သွင်ကို မြင်ရသည်။ မေသော်ကြိတ်၍ ပြုံးမိသည်။

အမှန်တကယ်တော့ ဦးဘက်သည် စိတ္တဇဝေဒနာသည် ကြီးအပေါ်တွင် အလေးအနက်ထားပါက မည်သို့မှတုန်



www.burmeseclassic.com

www.burmeseclassic.com



.လှုပ်စရာမရှိချေ။ ယခုတော့ ဦးဘင်္ဂသည် သိသိသာသာ မျက်
နှာပျက်နေ၏။ မေသော်ရင်ထဲမှာတော့ တဆတ်ဆတ်လှုပ်ရှား
နေသည်။ အရှုးမကြီးအပေါ် မေသော်အာရုံစိုက်လာမိသည်

× × ×

## အခန်း – ၅

မေတ္တာစံအိမ်သည် လျှပ်စစ်မီးအလင်းရောင်များ၏
အောက်တွင် စီစီညံညံဖြင့် လှုပ်ရှားနေသည်။ ဘုရားကိုးဆူ
ရာကြီး၏ ရွတ်ဖတ်သံများသည် တိတ်ဆိတ်သွားပြီဖြစ်၏။
စီစီညံညံ လှုပ်ရှားနေသည်မှာ ဘုရားကိုးဆူသို့ လာရောက်
သည့် ဧည့်ပရိသတ်များ၏ ဆူညံသံ၊ စကားပြောသံများဖြစ်
သည်။



www.burmeseclassic.com

www.burmeseclassic.com



မသော်သည် ခေါက်ဆွဲကြော်စားနေကြသူများ၊ သ

ဟောင်းကျွမ်းဟောင်းခြင်းတွေ့ဆုံ၍ ဝမ်းသာအားရ နှုတ်ဆက်

နေကြသူများ၊ စိန်ထည်ရွှေထည်၊ တဝင်းဝင်းတလက်လက်ဖြင့်

တစ်ယောက်နှင့်တစ်ယောက် ပြိုင်ဆိုင်ပြီး စကားထင်းဆိုနေ

ကြသူများကို စိတ်ပျက်စွာဖြင့် လှမ်းကြည့်နေမိ၏။

အထက်တန်းလွှာတဲ့လား. . .။

သည်လိုလူစားမျိုးတွေကို အထက်တန်းလွှာဟု သ

မှတ်ကြသည်လား။ မသော်ကတော့ နားမလည်နိုင်ပါ။ အ

ထက်တန်းလွှာဟူသည် မည်သို့ပါလဲ။ ငွေကြေးဥစ္စာ တော

တင်းတိုင်း အထက်တန်းလွှာဟု မသော်မထင်။ စိန်ရောင်

ရွှေရောင် တောက်ပြောင်တိုင်း အထက်တန်းလွှာဟု မမြင်

မသော်သည် စိတ်ပျက်စွာဖြင့် ခေါင်းခါလိုက်မိ၏။ ပြီး. . .

ည်စွာ စားသောက်နေသူများအား လှမ်းကြည့်လိုက်သည်။

မတ္တာစံအိမ်၏ ညေ့ခန်းထဲတွင် ပျားပန်းခတ်မျှ လူ

ရှားနေလျက် ဆူဆူညံညံ ရှိနေသူများသည် လူကုံထံအသိုင်း

အဝိုင်းက အထက်တန်းလွှာများတဲ့လား။





ထိုသူများကို မသော်တစ်ခါမှ မမြင်ဖူးပါ။ သိကျွမ်း

ခင်မင်ဖို့ဝေးစွ။ မျက်နှာစိမ်းများချည်းဖြစ်၏။ သည်လူများထဲ

တွင် မသော်နှင့်ခင်မင်ရင်းနှီးသူတစ်ယောက်တော့ ရှိပါ၏။

သူကား ကိုမိုးဟိန်း။

ကိုမိုးဟိန်းသည် ဆူညံနေသော ညေ့ပရိသတ်များနှင့်

ရောယှက်ပဲ စားပွဲတစ်လုံးတွင် သီးခြားထိုင်နေသည်။ မ

သော်သည် တည်ကြည်ခန့်ညားပြီး နှစ်လိုဖွယ်ကောင်းသော

ဟိန်းကို တစ်ချက်ငေးကြည့်ပြီး အပေါ်ထပ်မှ ဆင်းလာခဲ့

သည်။ ညင်သာသော ခြေလှမ်းများဖြင့် ဖြည်းဖြည်းနှင့်မှန်မှန်

ဆင်းလာခြင်းဖြစ်သည်။

မသော်. . အပေါ်ထပ်မှ ဆင်းလာရင်း လှေကား

တစ်ဝက်သို့အရောက်တွင် မီးလင်းဖိုအနီးတွင် ထိုင်နေသော

ဟိန်းက မြင်သွားသည်။ မသော့်ကို လှမ်းမြင်လိုက်သည်

နှင့် မိုးဟိန်းက နှစ်လိုဖွယ်ပြုံးပြ၏။ မိုးဟိန်း၏ စူးရှသော အ

ကြည့်ကြောင့် မသော်ရင်ခုန်သွားမိသည်။ လှမ်းလာသော

ခြေလှမ်းပင် တုန့်သယောင်ယောင်ဖြစ်သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



စီစီညံညံရှိနေသော ဧည့်သည်များကမူ မေသော့်ကို အလျင်းသတိမူမိဟန်မရှိ။ ၎င်းတို့ အချင်းချင်းသာ ဆူညံစွာ ပြောဆိုနေကြသည်။ အချို့ဧည့်သည်များက စားသောက်နေကြဆဲ။

လှေကားမှအဆင်းတွင် ခြေလှမ်းတန့်သွားသော မေသော်သည် မိုးဟိန်းအား ပြန်လည်ပြုံးပြမိပြီး ညင်သာသော ခြေလှမ်းများဖြင့် လျှောက်လာသည်။ မေသော့်ကို မိုးဟိန်းတစ်ယောက်တည်းက စိတ်ဝင်စားစွာ ကြည့်နေခြင်းမဟုတ်ပါ။ မိုးဟိန်းအနီးမှ စားပွဲတွင်ထိုင်နေသော လူရွယ်တစ်ယောက်ကလည်း မေသော့်ကို အရောင်တောက်သော မျက်လုံးများဖြင့် ကြည့်နေသည်ကို မေသော်မသိ။ ဂရုပင်ပြုမိဟန်မပေါ်ပါ။

မေသော်သည် မွေးပွကော်ဇောရှည်ကြီးခင်းထားသော အခန်းကျယ်ကြီးအတိုင်း တရွေ့ရွေ့ လျှောက်လာပြီး ဧည့်ခန်းသို့ ခြေချမိသည်နှင့်မိုးဟိန်းရှိရာ မီးလင်းဖိုကြီးအနီးသို့ လာခဲ့သည်။ စားပွဲဝိုင်းတွင် ထိုင်နေသော လူရွယ်သည် မေသော့်ကို စူးရှသော မျက်လုံးများဖြင့် ကြည့်မြဲကြည့်နေသည်။ ထိုလူ





ရွယ်သည် သေသပ်စွာ ဝတ်ဆင်ထားပြီး ပျိုမျစ်နုနယ်သောအသွင်ကို ဆောင်နေသည်။

"တစ်ညလုံး ပျောက်နေပါလား . . မေသော်၊ ဘာလို့ အောက်ဆင်းမလာတာလဲ"

မေသော်သူ့အနားသို့ရောက်သည်နှင့် မိုးဟိန်းက လှမ်းပြောလိုက်သည်။

"မေသော် . . လူများများကြားမှာ မနေချင်လို့ပါ . . . ကိုမိုးဟိန်း၊ အပေါ်ထပ်မှာရှိနေပါတယ်၊ အခုတော့ ကိုမိုးဟိန်းကို လှမ်းမြင်လို့ ဆင်းလာတာ"

"အင်း . . . ဟုတ်လား"

မိုးဟိန်းက အံ့ဩသွားသည့် အမူအရာနှင့်အတူ သူ့မျက်လုံးအစုံက အရောင်တဝင်းဝင်း လက်သွားသည်။ ရွှန်းရွှန်း
သွားသည်သို့ရှိ၏။

"ကိုမိုးဟိန်းရောက်နေတာ ကြာပြီလားဟင်"

"ဪ . . အင်း . . သိပ်တော့ မကြာသေးပါဘူး၊ တို့လည်း ရောက်ကတည်းက မေသော့်ကို တွေ့မလားကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



တာ၊ ဧည့်သည်ဆိုတာ အိမ်ရှင်ကို မတွေ့ရသေးမချင်း အခုလို မျက်နှာစိမ်းတွေကြားမှာ အနေရခက်တာပဲမဟုတ်လား"

"မေသော်က အိမ်ရှင်မဟုတ်ပါဘူး. . ကိုမိုးဟိန်းရယ် မေသော်ကိုယ်တိုင်လည်း ဧည့်သည်ပါ"

မိုးဟိန်းက တွေဝေစွာ စဉ်းစားနေ၏။

"ကိုမိုးဟိန်း. . ဘာငိုင်နေတာလဲ"

မေသော်၏ အမေးကြောင့် မိုးဟိန်းက ဖျတ်ကနဲ မေသော့်ကို မော့ကြည့်လိုက်၏။ မိုးဟိန်း၏ မျက်လုံးအစုံတွင် ဝေခွဲမရသော အရိပ်သဏ္ဍာန်များ လွှမ်းမိုးနေပါ၏။

"အင်း. . . ဘာမှမငိုင်ပါဘူး၊ တို့စဉ်းစားနေတာပါ"

"ဘာများစဉ်းစားနေတာလဲ"

"ဒီလိုပေါ့. . . မေသော်ရယ်၊ မေသော်တစ်ယောက် ဒီလို တအုံနွေးနွေး အဖြစ်မျိုးနဲ့ ဘယ်လောက်ကြာကြာ နေနေမလဲလို့ပေါ့၊ အမှန်အတိုင်းဆိုရင် မေသော်ဖွင့်ပြောလိုက်သင့်တယ်၊ ဒါမှ အားလုံးဟာ လွတ်လွတ်လပ်လပ်ရမှာမဟုတ်ဘူး အနှောက်အယှက်တွေပဲတွေ့မှာ"





မိုးဟိန်းက ခေါင်းကို ခါရမ်းရင်း သက်ပြင်းရှည်ကြီးကို ချလိုက်သည်။ မေသော့်အခြေအနေက သူ့ကို စိတ်မောလူမော ဖြစ်သွားစေပါသည်။ မေသော်နှင့်မိုးဟိန်းတို့ စကားပြောနေကြစဉ် ဦးဘင်က လူရွယ်တစ်ဦးကိုခေါ်ကာ အနားသို့ ရောက်လာပါသည်။

မေသော့်ကို အရောင်လက်သော မျက်လုံးများဖြင့် စိုက်ကြည့်နေသော လူရွယ်ဖြစ်ပါသည်။ မေသော်နှင့်မိုးဟိန်းတို့သည် ဦးဘင်အနားသို့ ရောက်လာမှန်းသိသဖြင့် စကားစ ဖြတ်လိုက်ကြ၏။

"ကလေးမရေ. . . ဟောဒီမှာ ကလေးမနဲ့ မိတ်ဆက်ပေးရဦးမယ်၊ ဟောဒါက ဘကြီးရဲ့ သားပဲကွယ်၊ နာမည်က ပီတာတဲ့"

ဦးဘင်က သူ့ဘေးနားမှ လူရွယ်၏ပခုံးကို ဖက်ထားရင်း ပြောသည်။ ထိုလူရွယ်က မေသော့်ကို ကြည့်နေသည်။ ပီတာ၏ အကြည့်ကြောင့် မေသော့်ရင်ထဲတွင် ရှိန်းရှိန်းမြမြ ဖြစ်သွား၏။ ရင်ခုန်နေသည်။ ရင်ခုန်သံက တဒိန်းဒိန်း။

www.burmeseclassic.com

www.burmeseclassic.com



"ပီတာရေ. . . ဒါက မေသော်တဲ့၊ သူက မောင်မိုး ဟိန်း၊ သူက မေတ္တာစံအိမ်နဲ့ ပတ်သက်လာကြမယ့်သူတွေ"

ပီတာက မိုးဟိန်းနှင့်မေသော်ကို နှစ်လိုဖွယ်ပြုံးပြ၏။ သည့်နောက် ဦးဘင်္ဂကို ဖြည်းညှင်းစွာ လှည့်ကြည့်သည်။

"မေတ္တာစံအိမ်နှင့်ပတ်သက်မယ့်လူတွေ၊ ဘယ်လိုပတ် သက်မှာလဲ"

ဦးဘင်္ဂသည် ပီတာ၏စကားကို သဘောကျပြီး အား ရပါးရ ရယ်မောလိုက်၏။ ဦးဘင်္ဂ၏ ရယ်မောသံက လွတ်လပ် ပွင့်လင်းလှချေ၏။

"မေတ္တာစံအိမ်နဲ့ ပတ်သက်နေတယ်ဆိုလို့ အံ့သြသွား သလား"

ပီတာ၏ မျက်နှာက တည်နေသည်။

"ဟောဒီ မေသော်က မေတ္တာစံအိမ်ရဲ့ ပိသုကာလက် ရာတွေကို ပုံဆွဲဖို့ဌားထားတာ၊ မောင်မိုးဟိန်းကတော့ သူပြုစု နေတဲ့ စာအုပ်မှာ မေတ္တာစံအိမ်အကြောင်း ထည့်ရေးလိမ့်မယ် လေ"





"ဩော်. . . ဒီလိုလား"

ပီတာ၏ မျက်နှာတွင် အံ့အားသင့်ဟန်ပေါ်သွား၏။ ...သော် ချက်ချင်းပင် ထိုအမူအရာ ပျောက်သွားပြီး ပြုံးရွှင် ...ည်လင်လာ၏။ မိုးဟိန်းကို စူးစူးစိုက်စိုက်ကြည့်နေပြန်သည်။ ...သော့်ကို စူးစိုက်သောအကြည့်ဖြင့် ကြည့်နေ၏။ မေသော် ...က်နှာ ရှက်သွေးဖြန်းသွားသည်။ ရင်ထဲတွင် တလှပ်လှပ်ဖို ...ားသည်။ ထူးဆန်းသော ဝေဒနာတစ်ရပ်သဖွယ် ရင်ထဲမှာ ...ပ်ခါနေသလိုရှိသည်။ သိသိသာသာ လှုပ်ခါနေသည်။

မေသော်က ပီတာကို လူမှုရေးအရ ကြည့်နေရသော် ...ည်း ကြောင်စီစီဖြစ်နေသည်။

"ကျွန်တော့်ကို ညီတစ်ယောက်လိုသတ်မှတ်ပါ. . ကို ...ဟိန်း၊ မေသော်ကလည်း အစ်ကိုတစ်ယောက်ပမာ ဆက်ဆံ ...ခင်မင်ပါ၊ ဘကြီးသားလို့ပြောပြီး မိတ်ဆက်ပေးပေမယ့် ...ဘယ်တော့ ကျွန်တော်က မေတ္တာစံအိမ်နဲ့ ပတ်သက်လှတာ ...တ်ပါဘူး၊ ဒါပေမယ့် ဘကြီးရဲ့ သားပါပဲ၊ ကျွန်တော်ငယ် ...ာတည်းက ဘကြီးက ကျွေးမွေးစောင့်ရှောက်လာခဲ့တာပါ"



www.burmeseclassic.com

www.burmeseclassic.com



ပညာရေးကအစ တာဝန်ယူခဲ့သူပါ"

ပီတာ၏ အသံသည် ကြေကွဲဟန်ပါနေသည်ဟု မေ
သော်ထင်သွားမိသည်။ ထိုအထင် မည်မျှမှန်ကန်မည်ကို မေ
သော်မသိတတ်သေး။ ပီတာ၏ စကားအရဆိုလျှင် သူသ
ဦးဘဂ်၏ မွေးစားသားလေလား။ ထိုအတွက် ပီတာသည်
ကျေမနပ်ဖြစ်နေသည်လားဟု မေသော်တွေးကြည့်သည်။ မ
သို့ပင်ဖြစ်စေ မိမိသည် မေတ္တာစံအိမ်မှာ နေထိုင်နေစဉ်အတွ
ပီတာနဲ့ ပတ်သက်ရင်ဆိုင်နေရဦးမည်ဖြစ်သည်။ မျက်နှာ
ဆိုင်နေရဦးမည်ဖြစ်သည်။

မေသော်သည် မွေးစားသားဟုဆိုစေကာမူ မေတ္တာ
အိမ်တွင် မည်မျှအရေးပါမည်ကို မေသော်မသိရသေး။ လေ
လောဆယ်တွင် မိမိနှင့်နှိုင်းစာလျှင် မေသော်သည် အရေး
နေသည်ကတော့ အမှန်။ မည်သို့ပင်ဖြစ်စေ မေတ္တာစံအိမ်တွ
အရေးထားဆက်ဆံရမည့် လူတစ်ယောက်ဟု သဘောထာ
မည်။ မိမိအနေဖြင့် ရှောင်လွှဲမနေသာတော့ပဲ ပြောဆိုဆက်
ရတော့မည်ဟု မေသော်တွေးလိုက်မိ၏။



## အခန်း — ၆

ငှက်ကလေးများ၏ စိုးစိစိနဲ့ တေးသီဖွဲ့နေသံကို ကြား
ရသည်။ အိမ်အပြင်ဘက်၌ ရောင်နီလာ၍ အလင်းရောင်
းလာပြီထင်သည်။ မှုန်ပျသော အလင်းရောင်တို့သည် မှန်
င်းမှတဆင့် အခန်းတွင်းသို့ ဝင်ရောက်လာကြသည်။ ထို
ပျအလင်းရောင်ကြောင့် အပြင်ဘက်တွင် နှင်းအကျထူ
နေမည်ဟု မေသော်ခန့်မှန်းကြည့်သည်။ နေခြည်နုတို့



www.burmeseclassic.com

www.burmeseclassic.com



မပွင့်နိုင်သေး။ အင်အားကောင်းသော နှင်းထုက ကြီးစိုးနေ
ကာလဖြစ်သည်။

မေသော်သည် အိပ်ယာမှမထသေးပဲ မှန်ပြတင်းမှ
ဆင့် အပြင်သို့ ငေးကြည့်နေမိသည်။ မှန်ပြတင်းအပြင်ဘ
တွင် မှုန်ပျပျအလင်းရောင်တို့ ဖြန့်ကျက်နေသည်။ မှန်ပြတ
ပေါက်အပြင်မှ လှုပ်ရှားနေသော နှင်းမှုန်များကို မြင်ရသည်

သည်အခန်းသည် မေမေနေခဲ့သော အခန်းဟု မေ
သော်သိထားသည်။ တစ်ချိန်တစ်ခါက မေမေသည်လည်း မိ
ကဲ့သို့ပင် ယခုလို အပြင်ဘက်သို့ ငေးကြည့်ခဲ့ဖူးမည်မှာ
ချာ၏။ ယခုလို နှင်းမှုန်များ ဝေ့ဝဲကျနေသည့်အချိန်တွင်
နေမည်လား။ ယင်းသို့မဟုတ်ပဲ လေရူးဖြူးဖြူးတွင် ရွက်
တို့ စိမ်းနေစဉ်လားတော့မသိ။ မေသော်မသိနိုင်ပါ။

မေသော့်ရင်ထဲတွင် ဆွတ်ပျံ့သော ဝေဒနာတစ်
ပေါ်လာသည်။ ထိုဝေဒနာက ကြေကွဲခြင်းကို ဖြစ်ပေါ်စေ
သည်။ သိမ့်သိမ့်တုန်အောင် လှုပ်ခါနေသည်။ မေသော်သ
သက်ပြင်းဖွဖွလေး ချလိုက်မိ၏။ ပျံ့လွင့်သွားသော စိတ်





ထိန်းကာ မေသော်အိပ်ယာမှ ထလိုက်သည်။ ပထမဦးစွာ မေ
သော်သည် ပြေလျော့နေသော ဆံပင်ကို တစ်ပတ်လျှိုခပ်လျော့
လျော့လေး ထုံးလိုက်၏။ ပြီးလျှင် တွန့်ကြေနေသော အကျီလုံ
ချည်တို့ကို ဆွဲဆန့်ပြီး မှန်ပြတင်းပေါက်ရှိရာသို့ လာခဲ့သည်။
ပြတင်းတံခါးကို ဖွင့်၍ နှင်းကျနေသော အပြင်ဘက်သို့ ကြည့်
လိုက်သည်။ နံနက်ဦးသည် ရှင်လန်းခြင်း၊ ကြည်နူးခြင်းတို့ဖြင့်
သာယာလှပနေသည်။ သာတောင့်သာယာရှိလှ၏။ မေသော်
အခန်းပြတင်းပေါက်မှ နှင်းမှုန်ဖွေးဖွေးတို့အောက်တွင် ကွေး
ကွေးလေးအိပ်မောကျနေဟန်ရှိသော ကလောမြို့ကို လှမ်း
ကြည့်နေမိသည်။ အဖြူထည်ဝတ်ရုံကို အလွှမ်းခံထားသော
ကလောမြို့သည် အေးချမ်းသော အသွင်ကို ဆောင်နေသည်။
သို့သော် မေသော့်ရင်ထဲမှာတော့ မအေးချမ်းပါ။ ရင်ခုန်နွေး
နေ၏။

မိမိအနေဖြင့် မိန်းကလေးတန်မဲ့ စွန့်စားနေရခြင်းဖြစ်
သည်။ သည်မေတ္တာစံအိမ်သည် မိမိနှင့်ပတ်သက်နေသည်ပဲ
ဦး။ မေတ္တာစံအိမ်၏ အရှင်သခင်ဖြစ်သော ဦးဘက်သည်



www.burmeseclassic.com

www.burmeseclassic.com



မိမိအပေါ် မည်သို့သဘောထားမည်ကို မသိရသေး။ မမေနှ
ပတ်သက်ပြီး တစ်စုံတစ်ရာကိုမှ မသိရသေးခင် မသော်အ
ဖြင့် မပွင့်လင်းရဲသေးပါ။ မိမိသည် မည်သူမည်ဝါဖြစ်ကြောင်
ထုတ်ဖော်မပြောရဲသေးပါ။

ပြတင်းပေါက်မှ အပြင်သို့ ငေးကြည့်နေရင်းမှ မ
သော်သည် အခန်းထဲသို့ ပြန်လှည့်ကြည့်မိသည်။ ကုတင်
မှ စားပွဲပေါ်ရှိ ပန်းအိုးထဲတွင် နှင်းဆီပန်းတစ်ပွင့် ထိုးစိုက်ထ
သည်ကို တွေ့မြင်လိုက်ရသည်။

"ဟင်"

မသော်နှုတ်မှ အာမေဍိတ်သံလေး ထွက်သွားသည
ပန်းအိုးထဲတွင် မည်သူလာထိုးသွားမှန်းမသိသော နှင်းဆီ
အနီပွင့်ကြီးကို စူးစိုက်စွာကြည့်နေမိသည်။ တောက်ပ
အဆင်းကို ဆောင်နေသည့် နှင်းဆီပန်းပွင့်ကို မသော်
သက်သွားမိသည်။ သို့သော် မည်သူလာထားသွားမှန်း
သည့်အတွက် စိတ်ထဲတွင် စနောင့်စနင်းဖြစ်သွားရလေသ
မသော်သည် စားပွဲလေးရှိရာသို့ လျှောက်လာခဲ့သည်။





အိုးထဲမှ နှင်းဆီပန်းနီကို နှုတ်ယူ၍ အားပါးတရ မွှေးရှိုက်လိုက်
သည်။ သင်းပျံ့ပျံ့ ရနံ့ကလေးသည် နှာခေါင်းထဲသို့သာမဟုတ်
အသည်းထဲသို့တိုင်အောင် စွဲဝင်သွားသည့်နှယ်ရှိသည်။

မသော်သည် နှင်းဆီပန်းကို ပန်းအိုးထဲသို့ ပြန်လည်
ထိုးစိုက်လိုက်သည်။ ပြီးလျှင် ဝတ်ထားသော ဘလောက်အင်္ကျီ
ကို ချွတ်လျက် ထဘီကို ရင်လျားလိုက်သည်။ ရေချိုးခန်းက
အိပ်ခန်းနှင့်ဆက်လျက်အခန်းတွင်ရှိသည်။ မသော်သည် တ
ဘက်တစ်ထည်ကိုခြုံပြီး ရေချိုးခန်းထဲသို့ ဝင်လာခဲ့လေသည်။
မသော်က အိပ်ယာထသည်နှင့်ရေချိုးတတ်မြဲဖြစ်သည်။ ည
အိပ်ရေသည် အေးစက်နေ၏။ အေးစက်နေသောရေက ကိုယ်
တွင်းမှ သွေးများကို ခဲသွားလေမလားဟု မသော်တွေးမိသွား
သေး၏။

မသော်သည် ချေးညှော်သန့်ရှုံသာ ရေကို ကမန်းက
တန်းချိုးလိုက်သည်။ ရေချိုးပြီးသောအခါ အေးမြသွားသော
ကြောင့် တဆတ်ဆတ်တုန်နေသော ကိုယ်ကို သဘက်ဖြင့် ခပ်
ကြမ်းကြမ်း ပွတ်သုတ်မိသည်။ ကိုယ်မှရေတို့ ကင်းစင်သွားမှ



www.burmeseclassic.com

www.burmeseclassic.com



နေသာထိုင်သာ ရှိသွားသည်။

ရေချိုးပြီးသည်နှင့်မေသော်သည် အိပ်ခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။ သန့်ပြန့်သော အဝတ်အစားများကို လဲလှယ်ပြီး သနပ်ခါးကျဲကျဲလိမ်းလိုက်သည်။ ဆံပင်ကို သေသပ်စွာဖီးသည်။ နှင်းဆီပန်းနီလေးကို ဆံမြိတ်မှာ ပန်ဆင်ထားလိုက်၏။ မျက်နှာပေါ်တွင် ပေါင်ဒါပါးပါးရိုက်ပြီး မေသော်သည် သူ့မျက်နှာကိုသူ မှန်ထဲကြည့်လိုက်မိ၏။

သည်လိုဆိုတော့လည်း မေသော်သည် ရတနာရွှေစင်လေးနှင့်မတူပေဘူးလား။ မဲနက်သောဆံပင်။ ဖြူစင်သောအသား၊ ဝိုင်းလည်နေသော မျက်လုံး၊ သွေးရောင်လွှမ်းနေသော ပါးမို့မို့၊ ဆေးမကူရပဲရဲနေသော နှုတ်ခမ်းပြည့်ပြည့်၊ ထူထဲသော မျက်လုံး၊ ပေါ်လွင်သောနှာတံ၊ ဒါက မျက်နှာအလှပဲရှိသေးသည်။

ခန္ဓာကိုယ်အလှမှာလည်း မိန်းကလေးပီသစွာဖြင့် သူ့နေရာနှင့်သူ အနိမ့်အမြင့်၊ အချိုင့်အဝှမ်းတို့နဲ့ ပြီးပြည့်စုံနေသည်ပဲလေ။ မေသော်သည် မြင်ရသူ ဘဝင်ဆူစေမည့် အလှပိုင်ရှင်





လေးပါ။

မေသော်သည် ထဘီကို တင်းတင်းပြင်ဝတ်ပြီး မှန်ထဲ
င် ကိုယ်တစ်ပတ်လှည့်ကြည့်လိုက်သည်။ ကြွားကြွားဝင့်ဝင့်
ါလာသော မိမိခန္ဓာအလှကို မိမိဘာသာ ကျေနပ်နှစ်သိမ့်
မိသည်။ မေသော်သည် မှန်ထဲတွင်ပေါ်နေသော သူ့အလှ
ကြည့်ရင်း ကျောင်းတုန်းက မျက်လုံးကျွတ်မတတ် ရှေ့မှ
မျိုး၊ နောက်မှတစ်ဖုံ အာသာငမ်းငမ်းနဲ့ ကြည့်နေသည့်
ျောင်းသားများကို အတွေးထဲတွင် ပြန်လည်မြင်ယောင်နေ
သည်။ မေသော် ကျေကျေနပ်နပ်လေးပဲ ပြုံးလိုက်သည်။
မတို့၏ ရတနာသည် အလှပေပဲမဟုတ်လား။ ထိုအလှတွေ
သော့်မှာ ပြည့်စုံနေသည်မဟုတ်လား။

မေသော်သည် ညင်သာသော ခြေလှမ်းများဖြင့် မှန်
မှ ခွာလာခဲ့သည်။ အခန်းတံခါးပေါက်ရှိရာသို့ တင်းအိ
သော တင်သားများကို တနွဲ့နွဲ့ လှုပ်ရမ်းပြီး လျှောက်လာခဲ့၏။
းစွင့်သော တင်သားများက ရမ်းခါနေသည်။ ခါးသိမ်သိမ်
ကလည်း နွဲ့နေသည်။ မေသော်သည် အခန်းထဲမှ ထွက်လာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့ပြီး စကြိုးဖြင့် ဆက်သွယ်ထားသော လှေကားမှ အောက်ထပ်သို့ ဆင်းလာခဲ့သည်။ လှေကားအတိုင်း နွဲ့နှောင်းစွာ ဆင်းလာခဲ့ခြင်းပါ။

အောက်ထပ်တွင် လူရှင်းနေသည်။ လှေကားကျယ်ကြီးမှ အောက်ထပ်သို့ရောက်သည်အထိ မည်သူ့ကိုမှ မတွေ့ရပါ။ မေသော်သည် စာကြည့်ခန်းကိုဖြတ်ပြီး ထမင်းစားခန်းဆီသို့လာခဲ့သည်။ သေသပ်သားနားစွာ ဝတ်ဆင်ထားသော လူရွယ်က ထမင်းစားခန်းထဲမှ ထိုင်ခုံတွင်ထိုင်ရင်း မေသော်လျှောက်လာသည်ကို ကြည့်နေ၏။ မေသော်က ပီတာမှန်းသိပေမယ့် မျက်လွှာချထားသဖြင့် မသိသလိုနေလိုက်သည်။ ပြီးမှ ခေါင်းမော့လိုက်သည်။

“ဟာ. . . ပီတာပါလား”

မေသော်က ရွှင်လန်းသော အပြုံးကလေးနဲ့ နှုတ်ဆက်လိုက်သည်။ သူက ထိုင်နေရင်းမှ မေသော့်ကို ရွှန်းရွှန်းစားစား ကြည့်နေသည်။ မေသော်က ပီတာနှင့်မျက်နှာချင်းဆိုင်မှ ထိုင်ခုံတွင် ဝင်ထိုင်လိုက်သည်။ ပီတာ၏ မျက်နှာမလွှဲသော အ





ကြည့်ကြောင့် မေသော့်ရင်ထဲတွင် နွေးသလို၊ အေးသလိုခံစားလိုက်ရ၏။ အမည်မဖော်ပြတတ်သော ဝေဒနာတစ်ရပ်ဟုဆိုရပေမည်။

မေသော်သည် လက်ချောင်းကလေးများ တဆတ်ဆတ်တုန်နေလျက်က လက်ဖက်ရည်ပန်းကန်ကို မှောက်ထားရာမှ လှန်လိုက်သည်။ ထိုနောက် ကရားထဲမှ လက်ဖက်ရည်ကို လောင်းထည့်လိုက်သည်။

တစ်ယောက်နှင့်တစ်ယောက် ပြုံးကြည့်နေမိကြသော်သည်း စကားမဆိုမိသေး။ တိတ်ဆိတ်စွာဖြင့် ထိုင်နေမိကြရင်း လက်ဖက်ရည်နှင့်ပေါင်မုန့်ထောပတ်သုတ် စားနေကြသည်။

မေသော်သည် လက်ဖက်ရည်သောက်နေရင်းမှ ပီတာကို တစ်ချက်တစ်ချက် မော့ကြည့်မိသည်။ ထိုအခါ သူ့ကို စူးစူးရဲရဲကြည့်နေသော ပီတာအကြည့်နဲ့ ဆုံမိတတ်သည်။ မေသော့်ရင်မှာ ဒိန်းကနဲလှုပ်ရှားသွားရ၏။

မေသော့်ရင်ထဲမှာ လှိုက်ဖိုမောနေသည်။ သည်မျက်လုံးများကို မေသော်ကြောက်ပါသည်။ သည်မျက်လုံးများနှင့်



www.burmeseclassic.com

www.burmeseclassic.com



ဆုံတွေ့တိုင်း မေသော့်ရင်မှာ လှုပ်ရှားသွားရသည်။

"မေသော်. . ဒီအိမ်ကြီးကို ရောက်နေတာ ကြာပြီလား ဟင်"

ပီတာက မေးသည်။ ပီတာ့မျက်လုံးများက မိန်းမသားတို့ တုန်ဖိုးထားသော နေရာသို့ ကြည့်နေသဖြင့် မေသော့်မျက်နှာ ပန်းနုရောင်သန်းသွားသည်။ ကပျာကယာ မျက်လွှာချမိလိုက်၏။

ရိုင်းလိုက်တာ။ သူ့အကြည့်က ရိုင်းပျသည်ဟု မေသော်ထင်သည်။

"ကိုယ်မေးနေတာကို ဖြေဦးလေ. . မေသော်"

ပီတာ့အသံက မူမမှန်ဖြစ်နေသည်ကို မေသော်သိပါသည်။ အသံတွေက တုန်ရီနေသည်။

"မကြာသေးပါဘူး. . ကိုပီတာ၊ မေသော်က ကလောကို အလည်အပတ်သဘောမျိုး လာခဲ့တာ၊ ကလောဟိုတယ်မှာ တည်းခိုနေရင်း မေတ္တာစံအိမ်ကိုတွေ့ပြီး ခြံအပြင်ကလာပြီး လေ့လာကြည့်ရှုနေတုန်း ကိုမိုးဟိန်းနဲ့တွေ့တယ်လေ၊ ကိုမိုး





ဟိန်းက သတင်းပေးလို့ ဘကြီးဆီမှာ အလုပ်လာလျှောက်တာ၊ ဘကြီးက အလုပ်ခန့်ပြီး ဒီအိမ်မှာ လာနေပါဆိုလို့ မေသော် ရောက်လာရတာပါ"

မေသော်က စားပွဲကြမ်းပြင်ကို ငုံ့ကြည့်နေရင်းမှဖြေ၏။ ပီတာက ခေါင်းတဆတ်ဆတ်ညိတ်နေမည်ကို မေသော်သိနေ၏။ မေသော်ခေါင်းမော့လိုက်၏။ ပီတာက ပြုံးနေကျ မဆိုးနိုင်လွန်းသော အပြုံးဖြင့် မေသော့်ကို ပြုံးကြည့်နေသည်။

မေသော်က မျက်နှာလွှဲလိုက်ချင်မိသည်။ တကယ်မျက်နှာလွှဲရန် အင်အားကမရှိသလိုဖြစ်နေသည်။ လှုပ်ရှားလွန်းလှသော ရင်ခုန်နှုန်းသည် ထိန်းမနိုင်သိမ်းမရ။ မေသော်မှာ ခက်ကြုံနေရပြီ။ မေသော်သည် သက်ပြင်းရှည်ကြီးကို မသိသာ ချလိုက်၏။ ပီတာ၏အကြည့်ကိုလည်း ရှောင်လွှဲနိုင်ရန် ကြိုးစားနေမိသည်။

"မေသော်. . . ဒီကိုရောက်နေတာ ကိုယ်ဝမ်းသာမိတယ်"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



"အလှအပဆိုတာ အသည်းနှလုံးရဲ့ ဓာတ်စာတဲ့ . . မေသော်ရဲ့"

"ရှင်"

"မေသော်က သိပ်လှတာပဲ"

"ရှင်"

ပီတာက မေသော့်ကို ရွှန်းရွှန်းစားစား စီးကြည့်နေ၏

"မေသော့်ကို ကိုယ်တွေ့ရတာ မကြာသေးဘူး၊ ဒါပေ မယ့် စိတ်ထဲမှာ သိပ်ရင်းနှီးနေသလိုပဲ . . မေသော်၊ ကိုယ်မျ သိပ်မထားနိုင်လို့ ဖွင့်ပြောပါရစေ၊ မေသော့်ကို ကိုယ်ချစ်တယ်"

"အို . . ."

မေသော့်မျက်နှာ နီရဲသွားသည်။ ဒေါသစိတ်ဖြင့် ထိုး နေရာမှ ဆတ်ကနဲထ၏။ ထမင်းစားခန်းထဲမှ အပေါ်ထပ်သို့ ပြန်တက်လာခဲ့၏။ ပီတာ၏ ရယ်မောသံသဲ့သဲ့ကို မေသော် ကြားလိုက်ရသည်။

"တောက် . . ."

x x x



## အခန်း - ၇

ပီတာ့ကိုတော့ အတတ်နိုင်ဆုံး ရှောင်ရမည်ဟု မေ သော်ဆုံးဖြတ်ထားသည်။ ပီတာက ရဲတင်းလွန်းလှသည်။ အ ကြည့်လည်းရဲ၊ အပြောလည်းရဲ၊ လက်ရဲဇက်ရဲသမား။ သည် လိုလူမျိုးကိုတော့ မေသော်ကြောက်မိသည်။ လန့်မိပါသည်။

ပီတာသည် မေတ္တာစံအိမ်တွင် အမြဲနေသူမဟုတ်၍ သာ တော်သေးတော့၏။ ပီတာကို ရှောင်တိမ်းရင်း မေသော်



www.burmeseclassic.com

www.burmeseclassic.com



လမ်းလျှောက်ထွက်လာခဲ့သည်။ ခါတိုင်းလျှောက်နေကျ လမ်း
အတိုင်းမဟုတ်ပဲ မိုင်းလုံးတောင်ဘက်သို့ လျှောက်လာခဲ့သည်

အမှန်စင်စစ် သည်လမ်းခရီးသည် မိန်းကလေးတ
ယောက်တည်း သင့်တော်လှသော လမ်းမဟုတ်ပါချေ။ သည
လမ်းက လူသူကင်းပြတ်လွန်းလှသည်။ ဒါကိုပင် မေသော်
နှစ်သက်နေမိ၏။ ဒါကပင် စိတ်အေးချမ်းသာသည်ဟု အထ
ရောက်မိသည်။

ကလောမြို့ ချိုင့်ဝှမ်းကို ဖြတ်တိုက်လာသော လေ
အေးချမ်းလှပါ၏။ ညနေစောင်း နေမကွယ်သေးချိန်မို့ နှင်းမှု
တို့ မကျသေး။ သို့သော် တောင်ပေါ်လေကြောင့် အေးအေ
မြမြရှိနေသည်။ မေသော်က ဂျာကင်နီနီရဲရဲကြီးကို ဝတ်ဆ
လာခဲ့သည်။ မေသော် ဝတ်လာသော စကပ်ပုံစံက ပုံစံတ
ချုပ်ထားသဖြင့် မာန်တဝင့်ဝင့်ရှိနေသော တင်သားများက ဝ
ကြွားနေသည်။

စိတ်အေးချမ်းသာစွာ ထွက်လာသော မေသော်သ
မြင်ရသူတို့ အသက်ရှူမှားအောင် လှပနေသည်။ အချိုးအ





ပြေပြစ်လှသော မိန်းမလှလေးသည် မြင်သူရှုချင်စဖွယ် လှနေ
သည်ကို မေသော်သည် ညနေ၏ ကျနေရောင်အောက်တွင်
မ်းစိုလှပနေသော ပတ်ဝန်းကျင်ကို ရွှန်းရွှန်းစားစားကြည့်ရင်း
လျှောက်လာသည်။ ညှင်းလေတသွေးသွေး၊ နေရှိန်အေးအေး
အောက်တွင် လမ်းလျှောက်ရသည်မှာ စိတ်လက်လွတ်လပ်လှ
ဘိတော့သည်။ ငှက်ကလေးများသည် တစာစာအော်ရင်း ဖို
သံ မသံပေးနေကြသည်။ သည်မှာဘက်ပိုင်းတွင် လူနေအိမ်
ခြ နည်းပါးလာပြီး သစ်ပင်တောပင်တို့သာ ထူထပ်လာသည်။
နေရောင်ဝင်းဝင်းသည် သစ်ပင်ထိပ်ဖျားမှ အောက်သို့တ
ည်းဖြည်း ဆင်းလာသည်ကို မြင်ရသည်။

မြေနီလမ်းကလေးအတိုင်း လျှောက်နေရင်း သစ်ပင်
ကွယ်တစ်ခုမှ လူရိပ်တစ်ခု ဘွားကနဲထွက်လာသည်ကို မေ
သော်လှမ်းမြင်လိုက်သည်။ ဘွားကနဲပေါ်လာသော လူရိပ်
ဏ္ဍာန်ကြောင့် ခြေလှမ်းတုန့်သွားမိသည်။ ပြူးကျယ်ဝိုင်းစက်
သော မျက်လုံးအစုံဖြင့် ထိုသဏ္ဍာန်ကို ကြည့်မိသွားသည်။



www.burmeseclassic.com

www.burmeseclassic.com



ရင်မှာလည်း တုန်တုန်လှုပ်လှုပ်ဖြစ်သွားသည်။

တခဏချင်းမှာပင် ထိုစိတ်တို့ ပြေပျောက်သွားရသည် မေသော်တွေ့လိုက်ရသည်က စိတ္တဇဝေဒနာသည် မိန်းမကြီး ဒေါ်မြစိမ်း။ ဒေါ်မြစိမ်းသည် မေသော့်ကို မှတ်မိနေပုံရသည် အဝေးမှပင် မေသော့်ကို ပြုံးပြသည်။ မေသော်ရှိနေသည့် ရာသို့ သွက်လက်သော ခြေလှမ်းတို့ဖြင့် လျှောက်လာသည်

"မင်း. . ဘာလာလုပ်တာလဲ၊ ဒီဘက်ကို ဘာလာလု တာလဲ"

မျက်နှာက ပြုံးနေသော်လည်း ဒေါ်မြစိမ်းအသံက ကြောနေသည်။ မေသော့်ကို ရန်မူတော့မည့်ပုံသွင်။

"ဘာဖြစ်လို့လဲ. . ဒေါ်ဒေါ်၊ မေသော်လမ်းလျှော ထွက်လာတာပါ"

"လမ်းလျှောက်စရာ နေရာရှားလို့လား၊ မလာရဘူး ဒီဘက်ကို မလာရဘူး ဒီဘက်မှာ အန္တရာယ်ရှိတယ်၊ နားလည် လား၊ ဟင်း. . ဒီဘက်မှာ အန္တရာယ်ရှိတယ်"





မေသော်သည် ဒေါ်မြစိမ်းကို မျက်မှောင်ကျုံ့ပြီးကြည့် ခဲ့သည်။ သည်စိတ္တဇဝေဒနာသည် မိန်းမကြီး နှောက်ယှက် ပြန်ပြီဟု စိတ်အထင်ရောက်သွားသည်။

"ကျွန်မဘာသာလာတာ ဘာဖြစ်လို့လဲ. . . ဒေါ်ဒေါ်"

မေသော်သည် စိတ်မရှည်စွာဖြင့် လေသံမာမာဖြင့် လိုက်သည်။ ထိုအဖြေကြောင့် ဒေါ်မြစိမ်းက ဟားတိုက်ပြီး မောနေသည်။ ဒေါ်မြစိမ်း၏ ရယ်သံက တောအုပ်ကလေး သွပ်ခါသွားသည်သို့ရှိသည်။ မေသော်ကိုယ်တိုင်ပင် ထိတ် တကြား ဖြစ်သွားမိသည်။ ဝိုင်းစက်သော မျက်လုံးအစုံဖြင့် မြစိမ်းကို ကြည့်နေမိသည်။

"မင်းက ငါ့ကို ဒီလိုပြောသလား၊ ဒီနေရာက မကောင်း မင်းက သိပ်လှတယ်၊ လှလွန်းတာဟာ အန္တရာယ်ပဲ၊ နား လား၊ ဒီဘက်ကိုလာရင် နင်ဒုက္ခရောက်သွားမယ်၊ သိရဲ့ ဒုက္ခရောက်သွားမယ်"

ဒေါ်မြစိမ်း၏ မျက်နှာမှာ အပြုံးတို့ ပျောက်ကွယ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ ခက်ထန်ကြမ်းတမ်းသော အသွင်သည် မျက်နှာတွ
ပေါ်လာသည်။ ဒေါ်မြစိမ်းကိုကြည့်ပြီး မေသော်တုန်လှုပ်သွာ
သည်။ နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်မိသည်။

“ဒေါ်ဒေါ် . . ကျွန်မကို သိတယ်မဟုတ်လား၊ ကျွ
ဒေါ်ညိုပြာရဲ့ သမီးပါ၊ ဒေါ်ညိုပြာလေ . . ဒေါ်ညိုပြာ”

ဒေါ်မြစိမ်း၏ ခက်ထန်နေသော မျက်နှာမှာ ပြေလျော့
သွားသည်။ မေသော်ကို ကြောင်ငေးငေးနဲ့ ကြည့်နေသည
ပြီး ခေါင်းတဆတ်ဆတ်ညိတ်နေ၏။

“ညိုပြာ . . . နင် . . ညိုပြာ့သမီးဟုတ်လား၊ ညိုပြာ
မီး၊ သွား . . . သွား . . . ဒီမှာမနေနဲ့၊ သူလာလိမ့်မယ်၊ နင့်
သတ်လိမ့်မယ်၊ သတ်ပစ်လိမ့်မယ်”

ဒေါ်မြစိမ်း၏ မျက်နှာတွင် တုန်လှုပ်ချောက်ချားသ
အမူအရာများ ရုတ်ချည်းပေါ်လာသည်။ ဒေါ်မြစိမ်း၏ မျ
လုံးများသည် ဝိုင်းဝိုင်းလည်နေသည်။

“သွား . . သွား . . မြန်မြန်သွား၊ သူလာလိမ့်မယ်”





ဒေါ်မြစိမ်းသည် မေသော့်ရှေ့မှ ဖျတ်ကနဲ ပြေးထွက်
သွားသည်။ မေသော်မှာ ငေးငိုင်ပြီး ကျန်ခဲ့၏။ အံ့သြတုန်လှုပ်
တ်ဖြင့် ဒေါ်မြစိမ်းပြေးထွက်သွားရာသို့ ငေးကြည့်နေမိသည်။
မြစိမ်းသည် တောဆင်းလမ်းအတိုင်း အပြေးကလေးဆင်း
ားသည်။ မေသော့်ကိုလည်း မေ့သွားဟန်ရှိသည်။ ဒေါ်ညို
ကိုလည်း မေ့သွားဟန်ရှိသည်။ သူ့ကိုယ်သူပင် မေ့သွား
ည်လား မပြောတတ်ပါ။

မေသော့်ကို တစ်စုံတစ်ရာသော ကြောက်လန့်ခြင်းက
မိုးလျက်ရှိသည်။ ချောက်ချားခြင်းက ဖိစီးနေသည်။ ဒေါ်
မ်း၏ ဟန်ပန်ကြောင့် မေသော်တုန်လှုပ်နေမိသည်။ မေ
သည် ပတ်ဝန်းကျင်ကို ချောက်ချားစွာဖြင့် ကြည့်မိသွား
၏။

မေသော် ရှေ့ဆက်မသွားရဲတော့ပါ။ မသွားဝံ့တော့
ထိုနေရာမှာပင် နောက်ကြောင်းသို့ ပြန်လှည့်လာမိသည်။
မြန်သော ခြေလှမ်းတို့ဖြင့် တောင်ဆင်းလမ်းအတိုင်း



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာခဲ့သည်။ ယခုလို ပြန်ဆင်းလာမိမှပင် သူမသည် ခရီး အတော်ဝေးဝေးသို့ လျှောက်လာမိကြောင်း မေသော်သတိ ထားမိသည်။ ကလောမြို့သည် ဟိုးအဝေးတွင် မှုန်ပျပျရှိနေ သည်။ နေမဝင်သေးသော်လည်း ဖြန့်ကျက်လွှမ်းမိုးလာဟန်ရှိ သော နှင်းမြူများအောက်တွင် ပြားပြားဝပ်နေသည်။ ကလော မြို့အစွန်အဖျားတွင်ရှိသော မေတ္တာစံအိမ်ကမူ တောင်ကုန်း ပေါ်တွင် ထီးထီးမားမားကြီးရှိနေသည်။ ကလောမြို့ကို စိုးမိုး ကြည့်နေဟန်ရှိသည်။

မေသော်သည် ခြေလှမ်းသွက်သွက်ဖြင့် လျှောက်နေ ရင်းမှ ဒေါ်မြစိမ်း၏ မျက်နှာအမူအရာ၊ ဒေါ်မြစိမ်း၏ ပြော စကားများနှင့်ပတ်သက်၍ အလေးအနက်ထား စဉ်းစားမိ အပြန်ပြန်အလှန်လှန် တွေးနေမိသည်။

ဒေါ်မြစိမ်းသည် တစ်စုံတစ်ယောက်ကို ကြောက်လ နေဟန်ရှိသည်။ သူ့ကို အရိပ်မည်းကြီးတစ်ခုက လွှမ်းမိုးနေ လို ထင်ရသည်။ ဒေါ်မြစိမ်း တုန်လှုပ်ကြောက်ရွံ့နေခြင်း





ဒေါ်ညိုပြာနှင့်တစ်နည်းနည်း ပတ်သက်နေမည်မှာတော့ သေချာသည်။ မည်သို့ ပတ်သက်နေမှန်းတော့ မေသော်မသိ။ ဒေါ်မြစိမ်းသည် သဲလွန်စကောင်းတစ်ခုဖြစ်သည်ကိုတော့ မေသော် ထင်မြင်ထားသည်။

မေမေနှင့်ပတ်သက်၍ အတွေးဝင်လာသည်နှင့် မေသော့်ရင်ထဲမှာ နာကျင်သော ဝေဒနာတစ်ရပ် ပေါ်လာသည်။ မေမေ့ကို တမ်းတသော စိတ်ပေါ်လာသည်။ မေမေ့ကို လွမ်းသော စိတ်ဖြစ်ရသည်။ တွေ့ချင်မြင်ချင်စိတ်များက လွှမ်းမိုးလာသည်။

"ဘယ်မှာလဲ"

မေမေတစ်ယောက် ဘယ်များရောက်နေပါသလဲ။ သူမွေးခဲ့သော သမီးလေးကိုပင် သတိမရတော့ဘူးတဲ့လား။ မေသော့်ရင်ထဲတွင် နာကျင်စွာ ခံစားလာရသည်။ လှိုက်လှိုက်ဖိုဖို ခံလာသည်။ မေသော်၏ မျက်ဝန်းအိမ်ထဲတွင် မျက်ရည်တွေ ဝဲလာသည်။ တစ်ဆက်တည်းမှာပင် မေမေသည် အကျပ်အ



www.burmeseclassic.com

www.burmeseclassic.com

တည်းနှင့်ရင်ဆိုင်နေရသည့်အတွက်ကြောင့်လားဟု မေသော်

တွေးမိလာသည်။ မေမေပျောက်ဆုံးနေခြင်းသည် ဘယ်သူ

ပယောဂကြောင့်ပါလဲ။ သွေးရိုးသားရိုးမှ ဟုတ်ပါလေစ။

"ဪ. . . မေမေရယ်"

မေသော်. . တီးတိုးရေရွတ်လိုက်မိ၏။ အသံက

နစ်နေ၏။

x x x

BURMESE CLASSIC

## အခန်း — ၈

တယ်လီဖုန်းခေါင်းလောင်းသံသည် စူးရှကျယ်လောင်

စွာ မြည်လာသည်။ ဧည့်ခန်းတွင် ထိုင်နေသော မေသော်မှာ

တယ်လီဖုန်းခေါင်းလောင်းသံကြောင့် ဆတ်ကနဲ လှမ်းကြည့်

လိုက်သည်။ ဧည့်ခန်းထဲတွင် မိမိတစ်ယောက်တည်းရှိနေ

သောအဖြစ်ကို သတိရပြီး တယ်လီဖုန်းစင်ရှိရာသို့ လျှောက်

လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com


တယ်လီဖုန်းခေါင်းလောင်းသံသည် တတီတီနဲ့ ...
ချက်ပေးနေဆဲဖြစ်သည်။ မေသော်က စကားပြောခွက်အ...
ကောက်ယူလိုက်မှ တယ်လီဖုန်းအချက်ပေးသံက တိတ်သွ...
၏။ မေသော်သည် စကားပြောခွက်ကို ကောက်ယူနားထော...
ကြည့်လိုက်သည်။

"အမိန့်ရှိပါရှင်၊ မေတ္တာစံအိမ်ကပါ"

တစ်ဖက်မှ စကားသံပေါ်မလာပါ။ အသက်ရှူသံပြ...
ပြင်းကို မေသော့်နားထဲတွင် ကြားနေရသည်။

"ဟဲလို. . . အမိန့်ရှိပါရှင်"

"မေတ္တာစံအိမ်ကလား"

"ဟုတ်ပါတယ်"

"ကျွန်တော်. . မေသော်ဆိုတဲ့ မိန်းကလေးနဲ့ စကား...
ပြောချင်လို့ပါခင်ဗျာ"

"မေသော်နဲ့"

"ဟုတ်ပါတယ်ခင်ဗျာ"

"ရှင်. . ဘယ်သူလဲဟင်"

"မေသော့်ရဲ့ မိတ်ဆွေပါ"

"မိတ်ဆွေ. . ဟုတ်လား၊ ဘယ်သူလဲ၊ ကျွန်မ. . . မေ...
သော်ပါ"

"ဪ. . . ဟုတ်လား၊ ဒါဖြင့် သေချာနားထောင်ပါ"

"နေပါဦး၊ ရှင်. . . ဘယ်သူလဲ"

မေသော်မေးသံက ခက်ထန်နေသည်။

"ကျွန်တော်ဘယ်သူဆိုတာ အရေးမကြီးပါဘူး၊ ပြော...
ယ့်စကားကိုသာ နားထောင်ပေးပါ၊ ဒီမှာ. . ခင်ဗျားဟာခင်...
ား အမေ့ကိုရှာဖို့ ထွက်လာတာမဟုတ်လား"

"ဟင်. . ဒါကို ရှင်ဘယ်လိုလုပ်သိသလဲ၊ ရှင်. . ဘယ်...
သူလဲ"

"ကျွန်တော်ဘယ်သူဆိုတာကို မမေးနဲ့၊ ပြောတာကို...
...းထောင်၊ ခင်ဗျားအမေက ကျွန်တော်တို့လက်ထဲမှာ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



တုန်လှုပ်သွားသည့် စိတ်ကြောင့်လား။ ဝမ်းသာသွား
သည့်စိတ်ကြောင့်လားမသိ။ မေသော်ရင်ထဲတွင် တဒိန်းဒိန်း
ခုန်သွားသည်။

“မေမေက ရှင်တို့လက်ထဲမှာ ဟုတ်လား၊ ရှင်တို့ မေ
မေ့ကို ဘာလုပ်ထားလဲ၊ ဘာလုပ်ထားလဲ”

တစ်ဖက်မှ ရယ်သံသဲ့သဲ့ပေါ်လာသည်။

“ဘာလုပ်ထားလဲဆိုတော့ လောလောဆယ်မှာ ဘာ
မလုပ်ပါဘူး၊ သူ့ကို အခန်းတစ်ခုထဲမှာ လှောင်ပိတ်ထားရုံပဲ
အဲ.. တကယ်လို့ ခင်ဗျားသာ ကျွန်တော်ပြောတာကို မလိုက်
လျှောနိုင်ရင်တော့ သူတစ်ခုခုမဖြစ်နိုင်ဘူးလို့ အာမမခံနိုင်ဘူး
ပေါ့”

“ဘာလဲဟင်၊ ရှင်ဘာကို ဆိုလိုတာလဲ”

တစ်ဖက်မှ ရယ်သံသဲ့သဲ့ ကြားရပြန်သည်။ ထိုရယ်
မောနေသံက မေသော်၏ရင်ကို မချိအောင် နာကျင်စေ

“ခင်ဗျားစိုးရိမ်နေသလား”





“ဘာကိုလဲ”

“ခင်ဗျားအမေ တစ်ခုခုဖြစ်မှာကိုလေ”

“အို... ဘယ်နှယ်ပြောပါလိမ့်၊ စိုးရိမ်တာပေါ့ရှင်”

တစ်ဖက်မှ ရယ်သံက အသံကျယ်လာသည်။

“အဲဒါဆိုရင် ခင်ဗျားတစ်ခုလုပ်ပေးပါ”

“ကျွန်မ.. ဘာလုပ်ပေးရမလဲ”

“ဦးဘက် ရတနာပစ္စည်းတွေထားတဲ့ လျှို့ဝှက်ခန်းမြေ
ကို ရှာပေးပါ”

“ဘာ.. မဖြစ်နိုင်တာပဲ၊ ကျွန်မမှမသိတာ”

တစ်ဖက်မှ ရယ်သံက လှောင်ပြောင်နေသလိုပင်။

“မသိဘူး.. ဟုတ်လား၊ ကောင်းပြီလေ၊ ဒီလိုဆိုရင်
ည်း ခင်ဗျားဟာ ခင်ဗျားအမေဘာပဲဖြစ်ဖြစ် ဂရုမစိုက်ဘူး
ဆိုတဲ့သဘောပေါ့.. ဟုတ်လား၊ ကျွန်တော်တို့က ဒီလိုယူဆရ
ယ်ပေါ့”

တယ်လီဖုန်းကိုင်ထားသော မေသော့်လက်ကလေး



www.burmeseclassic.com

www.burmeseclassic.com



သည် တဆတ်ဆတ်တုန်လာသည်။ မေသော့်နဖူးပြင်တွင် ချွေး ကလေးများ စို့လာသည်။ ရင်ထဲတွင် တလှုပ်လှုပ်နဲ့။ ခေါင်း တွင် အတွေးတွေ ဗလောင်ဆူနေသည်။

"အို. . နေပါဦး၊ ဖုန်းမချလိုက်ပါနဲ့ဦး"

"ဘာလဲ၊ ခင်ဗျား. . ကျွန်တော်တို့ခိုင်းတာကို ဆော ရွက်ပေးမယ်ဆိုတဲ့ သဘောလား"

"ကျွန်မကို စဉ်းစားခွင့်ပေးပါဦး"

"ဘယ်လို၊ စဉ်းစားဦးမယ်. . ဟုတ်လား၊ ကျွန်တော် တို့က လိုချင်တာကိုသာ တောင်းတတ်တယ်၊ လိုက်လျောတ တဲ့ လူစားမျိုးတွေတော့ မဟုတ်ဘူး၊ ဒါကို ခင်ဗျားသဘော ပေါက်ထားစမ်းပါ၊ ခင်ဗျားအမေကို တစ်ခုခုအဖြစ်ခံမလား ဒါမှမဟုတ် ကျွန်တော်တို့ခိုင်းတာကို လုပ်မလား"

မေသော်သည် တယ်လီဖုန်းခွက်ကို ကိုင်ထားရင်း ငိုင် တွေသွားမိသည်။ အတန်ကြာအောင်ပင် ငိုင်သွားမိပါသည်

"ဒီမှာ. . . မေသော်"





"ကျွန်. . ကျွန်မ ရှင်တို့ခိုင်းတာကို လုပ်ပေးပါ့မယ်"

တစ်ဖက်မှ ခံပြင်းစရာကောင်းလှသည့် ရယ်သံကို မေသော်ကြားရပြန်သည်။ မေသော်သည် တယ်လီဖုန်းခွက်ကို ကိုင်ပေါက်မိမတတ် ဒေါသဖြစ်သွားသည်။

"ကောင်းပြီ၊ ဒီလိုဆိုရင် ခင်ဗျားဘက်က အဆင်သင့် လုပ်ထားပါ"

"ဟင်. . . မနက်ဖြန် ဟုတ်လား"

"ဟုတ်တယ်လေ၊ ကျွန်တော်ဒီလိုပဲ ပြောလိုက်တာပဲ"

"မနက်ဖြန်တော့ မလွယ်ဘူးထင်တယ်ရှင်၊ ရက်က နည်း သိပ်ကပ်နေတာပဲ၊ ပြီးတော့ ဒီလျှို့ဝှက်ခန်းဟာ ဘယ်နားမှန်း ကျွန်မမှ မသိသေးတာ"

တစ်ဖက်မှ စကားမပြန်ပဲ တိတ်ဆိတ်သွားသည်။ ငြိမ့်ညောင်းစွာ လွင့်ပျံ့နေသော ဂီတသံကို ကြားနေရသည်။

"ဒါဖြင့်ရင် ခင်ဗျားအချိန်ဘယ်လောက်လိုချင်လဲ"

"နည်းနည်းတော့ အချိန်ပေးပေါ့ရှင်၊ တစ်ပတ်အတွင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ့၊ ဒီအတွင်းမှာ ကျွန်မကြိုးစားပေးပါ့မယ်"

"အင်း. . . ဟင်း"

တစ်ဖက်မှ သက်ပြင်းချသံပေါ်လာသည်။ မေသော်သည် တစ်ဖက်မှ အသံရှင်၏ ဆုံးဖြတ်ချက်ကို ရင်တထိတ်ထိတ်နဲ့ နားစွင့်နေမိသည်။ စိတ်စောစွာ နားစွင့်နေမိပြီးမှ တစ်ဖက်မှ စကားက အတန်ကြာအောင် မပြောပဲရှိနေသည်။

"မေသော်"

"ပြောပါရှင်"

"ခင်ဗျားပြောတာကို သဘောတူလိုက်မယ်၊ ဒါပေမယ့် သိပ်တော့ အချိန်မဆွဲနဲ့နော်၊ ကျွန်တော်တို့လက်ထဲမှာ ခင်ဗျားအမေရှိနေတယ်ဆိုတာကို သတိရနေပေါ့. . ဟုတ်လား"

"ကျွန်. . ကျွန်မ. . ဒါကို မမေ့ပါဘူး၊ မေမေ့ကို ကျွန်မ သိပ်တွေ့ချင်ပါတယ်"

"အင်း. . မြန်မြန်တွေ့ချင်ရင် မြန်မြန်ပြီးအောင် ကြိုးစားပေးပေါ့၊ ဩော်. . တစ်ခုတော့ သတိပေးရဦးမယ်၊ ဒီကိစ္စ





ကို ဘယ်သူ့ကိုမှ ဖွင့်မပြောပါနဲ့၊ တစ်ယောက်ယောက် သိသွားတယ်ဆိုရင်တော့ ခင်ဗျားအမေ မစားသာဘူး၊ လူတစ်ယောက်ကို ကျွန်တော်တို့က သတ်လိုက်ရတာ လွယ်လွယ်လေး"

"အို. . ကျွန်. . ကျွန်မဘယ်သူ့ကိုမှ မပြောပါဘူးရှင်၊ စိတ်ချပါ၊ မေမေဒုက္ခရောက်အောင် ကျွန်မဘာမှမလုပ်ပါဘူး"

"ဒါဖြင့် ကောင်းပြီ၊ ခင်ဗျားအစွမ်းကုန်ကြိုးစားပါ"

"ဟုတ်ကဲ့"

"ဒီကြားထဲ ဖုန်းဆက်ပြီး အခြေအနေမေးမယ်နော်"

"ဟုတ်. . . ဟုတ်ကဲ့"

တစ်ဖက်မှ စကားကို အပြတ်ပြောပြီး ဖုန်းချသွား၏။ မေသော်သည် တယ်လီဖုန်းခွက်ကို ကိုင်ပြီး ငိုင်တွေနေမိသည်။ သူ့တစ်ကိုယ်လုံးသည် ကျောက်ရုပ်ကဲ့သို့ မလှုပ်မယှက် ရှိနေသော်လည်း သူ့ရင်ထဲမှာ လှုပ်ရှားနေလွန်းသည်။ ထိန်းသိမ်းရအောင် လှုပ်ရှားနေသည်။ မေသော်သည် သက်ပြင်းရှည်ကြီးချလိုက်ပြီး တယ်လီဖုန်းခွက်ကို ပုခက်ပေါ်သို့ ပြန်တင်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်သည်။ တယ်လီဖုန်းစင်ရှိရာသို့ ဧည့်ခန်းကုလားထိုင်များ ရှိရာသို့ လျှောက်လာခဲ့သည်။ မေသော်ရင်ထဲမှာ တနွံ့နွံ့နှင့်ခံစားနေရသည်။ တလှိုက်လှိုက် မောနေသည်။ မေသော့်မျက်ဝန်းအစုံတွင် မျက်ရည်စများ ရစ်ဝိုင်းလာသည်။

မေသော်သည် သက်ပြင်းအကြိမ်ကြိမ် ချမိပြီး ဧည့်ခန်းကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ မေသော့်အသွင်က နွမ်းနွမ်းလျလွန်းဟန်ရှိသည်။ စိတ်ထိခိုက်ကြေကွဲနေလွန်းဟန်ရှိသည်။ မေသော့်မျက်ဝန်းအစုံတွင် နာကျည်းစိတ်တို့ ယှက်သန်းနေသည်။

ဖုန်းဆက်ပြီး ခြိမ်းခြောက်သူသည် မည်သူဖြစ်နိုင်မည်နည်းဟု မေသော်စဉ်းစားကြည့်သည်။ စဉ်းစားရမလွယ်ပါ။ မေတ္တာစံအိမ်နှင့်ပတ်သက်ပြီး တစ်စုံတစ်ရာသော အတိုင်းအတာအထိ သိထားသူဖြစ်ရမည်။ ဦးဘက်၏ ရတနာပစ္စည်းများအပေါ် တပ်မက်နေသူဖြစ်ရမည်။ သည်လိုပဲ မေသော်တွေးမိသည်။ သူသည် မည်သူဖြစ်မည်လဲ။ မည်သို့မည်ပုံ မေမေ





နှင့်တွေ့ပြီး မေမေ့အား ချုပ်နှောင်ထားပါလိမ့်။

မေသော် စိတ်မောသွားရသည်။ ရှိုက်ကြီးတငင် ငိုလိုက်ချင်မိသည်။ သို့သော် မငိုသာပါ။ ဧည့်ခန်းထဲသို့ဝင်လာသော မိုးဟိန်းကို တွေ့လိုက်ရသောကြောင့် မေသော်၏မျက်နှာအမူအရာ ပြင်လိုက်ရသည်။

မိုးဟိန်းသည် မေသော့်ကို စူးစူးစိုက်စိုက် ကြည့်ရင်း ပြုံးပြလာသည်။ မိုးဟိန်း၏ အပြုံးသည် ညှို့ပြုံးမဟုတ်ပါ။ ရှင်လင်းရဲတင်းဟန်ရှိသည်။ အေးချမ်းသန့်စင်သည်။

"ဒီကနေ့ အလုပ်မရှိဘူးလား. . . မေသော်"

မိုးဟိန်းသည် မေသော်နှင့်မျက်နှာချင်းဆိုင်ထိုင်ခုံတွင် ဝင်ထိုင်ရင်း မေးလိုက်သည်။ မေသော်က မိုးဟိန်းအား အားယူပြုံးပြရင်း ခေါင်းကို ညင်သာစွာ ခါရမ်းပြလိုက်သည်။

"ဒီနေ့ မေသော်အလုပ်မရှိဘူး. . ကိုမိုးဟိန်း၊ အမှန်တကယ်လည်း မေသော်လုပ်ချင်မှ ထလုပ်ရတဲ့အလုပ်ပါ"

မိုးဟိန်းက ခေါင်းတဆတ်ဆတ်ညိတ်ရင်း မေသော့်ကို

www.burmeseclassic.com

www.burmeseclassic.com



စူးစိုက်ကြည့်နေသည်။ ဟန်လုပ်ပြုံးနေသော မေသော်၏ မျက်လုံးသူငယ်အိမ်တွင် မျက်ရည်ဝိုင်းနေသောအဖြစ်ကို မိုးဟိန်း မြင်တွေ့သွားသည်။

"မေသော်. . ဘာဖြစ်နေတာလဲ၊ ဘာစိတ်မချမ်းမသာစရာတွေနဲ့ တွေ့ထားလို့လဲ"

မေသော်သည် မျက်တောင်ပုတ်ခတ်ပုတ်ခတ်လုပ်ပြီး ပြုံးရင်း ခေါင်းခါပြလိုက်သည်။

"မေသော်. . ဘာမှမဖြစ်ပါဘူး. . ကိုမိုးဟိန်း၊ ဒီနေ့ နေရတာ စိတ်ထဲမှာ မချမ်းမသာဖြစ်နေလို့ပါ"

"ဘာများလဲ. . မေသော်ရယ်၊ ဘာများစိတ်မချမ်းမသာဖြစ်နေရတာလဲ"

မေသော့်ရင်ထဲတွင် နင့်ကနဲခံစားလိုက်ရသည်။ စိတ်ထားဖြူဖြူစင်စင်နဲ့ မေးလာသော မိုးဟိန်းကိုလည်း မော့ကြည့်မိသွားသည်။ မေသော့်ရင်ထဲမှာ တင်းကျပ်နေသည်။ စိုးရိမ်ထိတ်လန့်ခြင်းတို့ဖြင့် လှုပ်ခတ်နေသည်။ မေသော်သည် အ





သတ်တလော ကြုံတွေ့နေရသော ဖြစ်ရပ်ကို မိုးဟိန်းအား ဖွင့်ပြောလုနီးနီးဖြစ်သွားသည်။ အားကိုးတကြီး တိုင်ပင်လုနီးနီး ဖြစ်သွားသည်။

သို့သော် မေသော်မတိုင်ပင်မိပါ။ တစ်ဖက်ပြောထားသော 'မည်သူ့အားမျှ အသိမပေးရ' ဟူသော စကားကို ပြန်သတိရြားယောင်နေမိသည်။ မေသော် သက်ပြင်းချလိုက်မိ၏။ ခိုးမောစွာဖြင့် သက်ပြင်းချလိုက်မိခြင်းပါ။ ပြီး. . ခေါင်းကို ငြင်သာစွာ ခါရမ်းလိုက်သည်။

"အလကားပါ. . ကိုမိုးဟိန်းရယ်၊ မေသော်က မေမေ့ကိုသတိရနေမိလို့ပါ၊ ဒါကြောင့် စိတ်ထဲမှာ မချမ်းမသာဖြစ်နေမိတာ"

"ဪ. . မေသော်ရယ်"

မိုးဟိန်းသည် မေသော့်ကို စိတ်မကောင်းစွာဖြင့် ကြည့်သည်။ မိုးဟိန်းမျက်လုံးကို ကြည့်ရင်း မေသော့်စိတ်ထဲမှာ ငြိမ်းသွားမိသည်။ မိုးဟိန်းမျက်လုံးတို့သည် တစ်စုံတစ်ရာ



www.burmeseclassic.com

www.burmeseclassic.com



ကို တွေ့လိုက်မိသည်သို့ ရှိသည်။

တစ်စုံတစ်ရာ၊ ဟုတ်ပါရဲ့. . . တစ်စုံတစ်ရာ။

ထိုတစ်စုံတစ်ရာကား အခြားမဟုတ်ပါ။ မေတ္တာ မြတ်နိုးကြင်နာရိပ်များဟု မေသော်တွေးလိုက်မိ၏။

× × ×

## အခန်း-၉

မိုးဟိန်းနှင့်မေသော်တို့သည် မျက်နှာချင်းဆိုင်ထိုင်နေကြသည်။ အလယ်တွင် စားပွဲကြီးတစ်လုံး ခြားထား၏။ မေသော်သည် မိုးဟိန်း၏မျက်နှာကို စူးစူးစိုက်စိုက်ပင် ကြည့်မြဲကြည့်နေသည်။ မိုးဟိန်းမျက်နှာသည် တည်ကြည်နေ၏။ မိုးဟိန်း၏ မျက်လုံးအစုံတို့သည် အရောင်တဖျတ်ဖျတ်လက်နေကြည့်နှယ်ရှိသည်။ မိုးဟိန်းသည် သူသုတေသနပြုခဲ့သော ပို



www.burmeseclassic.com

www.burmeseclassic.com



သုကာလက်ရာများအကြောင်းကို မေသော်အား ပြောပြ
သည်။ မေသော်က ငြိမ်ငြိမ်နားထောင်နေ၏။ မေသော်မရောက်
ဖူးသေးသော အရပ်ဒေသမှ ပိသုကာလက်ရာများအကြောင်း
ကို မိုးဟိန်းက ပြောပြသောအခါ မေသော်က အမှတ်မထင်
သန်းဝေလိုက်သည်ကို မိုးဟိန်းကမြင်ပြီး ပြောလက်စစကားက
ရပ်လိုက်၏။

"အင်း. . . တို့ဘာတွေ လျှောက်ပြောနေမိပါလိမ့်ကျွ
ဒါတွေကို မေသော်မျက်မြင်တွေ့ရမှ ပိုကောင်းမှာ၊ ပြောတေ
မျက်စိထဲမှာမြင်ကြည့်၊ တွေးကြည့်ရမှာပေါ့ ဆောရီးနော်
မေသော်"

မိုးဟိန်းသည် သူ့ကိုယ်သူ သတိထားလိုက်မိဟန်ဖြ
မေသော်အား လှမ်းကြည့်ပြီး ပြောလိုက်သည်။ မိုးဟိန်းတော
ပန်းစကားကြောင့် မေသော်က ပြုံးလိုက်၏။ ဖွေးနေသောမျ
နှာလေး လှသွားအောင် ပြုံးလိုက်မိခြင်းဖြစ်သည်။

မေသော့်ကို ငေးကြည့်နေရင်းမှ လှပသော အပြုံးမျ
နှာကြောင့် မေသော့်ကို မိုးဟိန်းစွဲငြိသွားသည်။ ရှိန်းမြသော





အာရုံတစ်ရပ်ပေါ် လာသည်။ တခဏအတွင်းမှာပင် မိုးဟိန်း
မျက်နှာသည် ပီတိလွှမ်းသော သဘောဆောင်သွား၏။ သည့်
လောက်ချောမောလှပသော မိန်းကလေးနဲ့ ဆုံတွေ့ရခြင်းသည်
သူ့ဘဝအတွက် ကံကောင်းလေခြင်းဟု တွေးမိသွားသည်။ မိုး
ဟိန်းအကြည့်ကြောင့် မေသော့်ရင်ထဲတွင် သိမ့်သိမ့်ကလေး
ခုန်သွားသည်။ သိသာရုံ ညင်ညင်သာသာကလေး ရင်ခုန်မိ
ခြင်းမျိုးပါ။ မေသော်သည် ကပျာကယာ မျက်တောင်ကော့များ
မွေးယှက်သွားအောင် မျက်လွှာချလိုက်မိသည်။

မိုးဟိန်းသည် မေသော့်မျက်နှာကို စူးနစ်စွာ ကြည့်နေ
သည်။ မေသော်က မျက်လွှာချထားသည်မို့ လွတ်လပ်စွာ
ကြည့်ခွင့်ရနေသည်။ မိုးဟိန်း၏ ရွှန်းလက်သော မျက်လုံးအ
တွင် ချစ်ရည်ချစ်ရိပ်တို့ လွှမ်းနေသည်။ မြတ်နိုးရိပ်တို့ ရွှန်း
နေ၏။

မိုးဟိန်း၏ရင်တွေ ခုန်နေမိသည်။ ရိုင်းစိုင်းစွာပင် ခုန်
နေသည်။ မိုးဟိန်း၏ နှုတ်ခမ်းအစုံတို့သည် တဆတ်ဆတ်တုန်
ယင်နေသည်။ မိုးဟိန်းသည် တစ်စုံတစ်ရာကို ပြောချင်နေလှ



www.burmeseclassic.com

www.burmeseclassic.com



မိသော်လည်း တစ်စုံတစ်ရာမှ မပြောမိပဲ အတန်ကြာအောင် နေပြီးမှ မေသော့်ကို ငေးကြည့်နေမိသည်။ မြတ်နိုးလွန်းစွာ ကြည့်နေမိသည်။

မေသော်သည် မျက်လွှာချထားရာမှ မိုးဟိန်းကို ဆတ် ကနဲမော့ကြည့်လိုက်မိသည်။ ထိုအခါ တောက်ပရွှန်းလဲ့သော မိုးဟိန်း၏ မျက်လုံးအစုံနှဲ့ ဆုံမိသွားသည်။ ထိုစဉ်ခဏ မေသော် ၏ ရင်ခုန်သံတွေ သောသောညံသွားသည်။

"မေသော်"

မထိန်းနိုင်၊ မသိမ်းနိုင်ခေါ်မိသွားသော မိုးဟိန်း၏ခေါ် သံက တုန်တုန်ရီရီရှိလှသည်။ ရယ်မောသံပါနေ၏။ မေသော် က ထူးသံမပြုပဲ မိုးဟိန်းကို ကြည့်မြဲကြည့်နေသည်။ မိုးဟိန်းကို မဝံ့မရဲကြည့်နေရင်းမှ ပီတာ၏ မျက်လုံးအစုံကို ဖျတ်ကနဲသတိ ရလိုက်သည်။ ကွာခြားလွန်းပါသည်။ ကွာခြားလွန်းလှပါသည်။ ရွှန်းလက်သော အကြည့်ချင်းတူသော်လည်း မိုးဟိန်း၏ အ ကြည့်သည် အခိုးအငွေ့တို့မသန်း။ ပူလောင်ခြင်းမရှိ။ တစ်စုံ တစ်ရာကို ဖွင့်ဟနေသယောင်ရှိသော်လည်း အေးမြနေပါ၏။



နှစ်စင်နေပါ၏။ ကြည်လင်နေပါ၏။

"မေသော်"

မိုးဟိန်းက တုန်ရီနေသော အသံဖြင့် ခေါ်လိုက်ပြန် သည်။

"ဟင်. . . ကိုမိုးဟိန်း"

မေသော်သည် မော့မော့လေးကြည့်ရင်း ထူးသံပြု၏။ သော်၏ ထူးသံကြောင့် မိုးဟိန်းဆတ်ကနဲဖြစ်သွားသည်။ န်တုန်လှုပ်လှုပ် ဖြစ်သွားဟန်ပေါ်သည်။ သူ့မျက်နှာသည် လောမြို့ ဘက်သို့လှည့်သွားသည်။ မှုန်ပျပျ ရှုမျှော်ခင်းကို ကြည့်သွားသည်။

"ကြည့်စမ်း. . . မေသော်၊ ကလောမြို့လေးဟာ ဘယ် ပဲကြည့်ကြည့် လှမြဲလှနေတာပဲ၊ ရောင်စုံပန်းတွေ ဖြာနေဝါ တာဝေနေတာရယ်၊ နှင်းမြူတွေမြူနေတာ၊ ဘယ်လောက် ည်နူးစရာကောင်းတဲ့ အလှလဲ၊ ဒီအလှကြောင့် ရင်ထဲမှာ အေးချမ်းသွားတာ အမှန်ပဲ"

မိုးဟိန်းသည် စကားကိုဖြတ်ပြီး သက်ပြင်းချလိုက်၏။

www.burmeseclassic.com

www.burmeseclassic.com



မေသော်က မိုးဟိန်းဆက်ပြောလာမည့် စကားကို ကြားချင်နေ မိသည်။

"အလှအပဆိုတာ ဘယ်လိုအလှအပမျိုး ဖြစ်ပါစေ နှလုံးသားကို ကြည်နူးချမ်းမြေ့သွားစေချင်တာ အမှန်ပဲ. . မေသော်၊ ရင်ထဲမှာ အေးမြသွားစေတာ အမှန်ပဲ၊ တို့အနေနဲ့ လောကကြီးကို လှစေချင်တယ်၊ သာယာစေချင်တယ်၊ ငြိမ်းချမ်းစေချင်တယ်၊ ဒီဆန္ဒမျိုး လူသားတိုင်းမှာ ရှိနေစေချင်တယ်. . . မေသော်၊ လောကရဲ့ အလှကိုလည်း မြင်စေချင်တယ်"

"နားထောင်စမ်း. . မေသော်၊ လောကဟာ အမြင် တင် လှနေတာမဟုတ်ဘူး၊ အသံအားဖြင့်လည်း သာယာ တယ်၊ ငှက်ကလေးတွေ တေးဆိုနေတာကို ကြားတယ်မဟုတ် လား"

မေသော်သည် သက်ပြင်းငွေ့ငွေ့ ချမိသွားသည်။ မိုးဟိန်းကိုလည်း နားမလည်နိုင်စွာ ကြည့်နေမိသည်။ မိုးဟိန်းတွင် မည်သို့ရည်ရွယ်ချက်မျိုးရှိမှန်း မေသော်မသိပါ။ မိုးဟိန်း၏ ဆိုလိုရင်းသည် မည်သို့ရှိမှန်း မေသော်ရိပ်စားမိခြင်းမရှိပါ မေသော်စိတ်မှာ တွေဝေနေမိသည်။ အတွေးများ ဝေလည်





သည်။

"လှပတဲ့ သဘာဝအလှကိုလည်း မြင်နေရတယ်၊ သာယာတဲ့ အသံကိုလည်း ကြားနေရတယ်၊ ဒီတော့ စိတ်ထဲမှာ ကြည်နူးနေမိတယ်. . မေသော်၊ ဒီလိုအချိန်မျိုးမှာ မေသော်ပါ နေတော့ ပိုလို့ကြည်နူးမိတယ်၊ ရင်ခုန်နေမိတာ အမှန်ပဲ"

မေသော်သည် မိုးဟိန်းကို ပြုံးစစလေးကြည့်မိသည်။ းဟိန်းက မေသော့်ကို မကြည့်ပဲ အဝေးသို့ ငေးမောကြည့်နေသည်။ မိုးဟိန်းမျက်နှာ တည်ကြည်နေသည်ကို မေသော်သတိ မိသည်။ တည်ကြည်နေသည်မှာ အတော်ပင် တည်နေသည့် က်နှာထား။

"ကိုမိုးဟိန်း. . ဘာတွေပြောနေတာလဲဟင်၊ ကိုမိုးဟိန်း ပြောနေတာတွေကို မေသော်နားမလည်ဘူး"

မိုးဟိန်းသည် မေသော်၏ ဘက်သို့ ဖျတ်ကနဲ လှည့် ကြည့်လာသည်။ မိုးဟိန်း၏ မျက်လုံးအစုံသည် အရည်လည် နေသည်။ တဖျတ်ဖျတ် အရောင်လက်နေသည်။

"တို့ပြောချင်တာက တို့. . မေသော့်ကို ချစ်နေမိပြီ"

"ရှင်"



www.burmeseclassic.com

www.burmeseclassic.com



မေသော်. . အံ့အားသင့်သွားရသည်။ အမှန်ပင် အံ့အားသင့်သွားမိခြင်းပါ။ မမျှော်လင့်ပါ။ မိုးဟိန်း၏အကြည့်တို့ မိန်းမသားပီပီ နားလည်သဘောပေါက်သော်လည်း သည့်နှယ် ဖြုန်းစားကြီးဖွင့်ပြောလိမ့်မည်ဟု မထင်ခဲ့မိပါ။

မေသော်ရင်ခုန်သွားမိသည်။ ရိုင်းစိုင်းစွာပင် ရင်ခုန်သွားရသည်။ မိုးဟိန်း၏ ဝင့်စားလွန်းသော မျက်လုံးအစုံကို ရင်ဆိုင်မကြည့်ဝံ့တော့သလို ဖြစ်သွားသည်။ ယင်းသို့ကြောင့်ပင် ကပျာကယာ မျက်လွှာချလိုက်မိသည်။

မိုးဟိန်းသည် မေသော့်ကို မြတ်နိုးစွာဖြင့် ကြည့်နေမိသည်။ မေသော်က အပြစ်မြင်သွားလေမလားဆိုသည့် စိုးရိမ်စိတ်ကလည်း ကြီးစိုးနေသည်။

"မေသော်"

မေသော်က ထူးသံမပြုပါ။ မော်မကြည့်ပါ။ မျက်လွှာချမြဲချထားသည်။ ခေါင်းကို ငုံ့မြဲငုံ့ထားသည်။

"တို့. . ဒီစကားကို ပြောလိုက်လို့ စိတ်ဆိုးသွားသလား မေသော်"

မေသော်သည် မော်မကြည့်သော်လည်း ခေါင်းကို





သွက်သွက်ခါအောင် ရမ်းပြလိုက်မိသည်။

"စိတ်မဆိုးဘူးနော်၊ တို့ကို မေသော်စိတ်မဆိုးဘူးနော်"

မေသော်သည် မိုးဟိန်းကို ရုတ်တရက်ကြည့်မိသွားသည်။ မိုးဟိန်း၏ မျက်လုံးအစုံသည် ရွှန်းလက်နေသည်နှင့်အမျှ မျက်နှာတွင်လည်း မျှော်လင့်ခြင်းဖြင့် တောက်ပသော အပြုံးတစ်ရပ်က ပေါ်နေသည်။

"ကိုမိုးဟိန်းကို မေသော်စိတ်မဆိုးပါဘူး။ ဒီစကားပြောရုံနဲ့ စိတ်ဆိုးမယ်ဆိုရင် မေသော်ဘယ်တရားပါ့မလဲ၊ အရွယ်ရောက်ပြီး အမျိုးသားတစ်ယောက်အနေနဲ့ လွတ်လပ်တဲ့ မိန်းကလေးတစ်ယောက်ကို မေတ္တာရှိကြောင်းပြောတာ စိတ်ဆိုးစရာမဟုတ်ပါဘူး၊ ဒီလို စိတ်ဆိုးစတမ်းဆိုရင် မေသော်စိတ်ဆိုးရမယ့်သူတွေ အများကြီးပေါ့"

မေသော်က မျက်နှာတည်တည်ကြည်ကြည်လေးနဲ့ ပြောသည်။ မိုးဟိန်း၏ မျက်နှာက ကွက်ကနဲပျက်သွားသည်။

"တို့ကိုလည်း အများတကာလို သဘောထားတယ်ပေါ့. . ဟုတ်လားမေသော်၊ မေသော့်ကို မေတ္တာစကားပြောဖူးတဲ့ လူတွေကို အလေးအနက်မထားဘူးပေါ့"



www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်းစကားကြောင့် မေသော်မျက်နှာအမူအရာပင် ပြောင်းလဲသွားသည်။ မိုးဟိန်းကိုလည်း အားတုံ့အားနာဖြစ် သွားသည်။

"လောလောဆယ်မှာ မေသော်ဘာကိုမှ မစဉ်းစားချင် သေးဘူး. . ကိုမိုးဟိန်း၊ စဉ်းစားရမယ့်အချိန်လည်း မဟုတ်ဘူး လို့ မေသော်ထင်တယ်၊ မေမေနှင့်ပတ်သက်တဲ့ ကိစ္စမပြီးမချင်း ဘာကိုမှ မစဉ်းစားချင်သေးဘူး၊ မဆုံးဖြတ်ချင်သေးဘူး. . . ကို မိုးဟိန်းရယ်"

မေသော်က ထိုသို့ပြောမှ မိုးဟိန်းမျက်နှာ ပြုံးရွှင်လာ လေသည်။

"မေသော့်အမေကိစ္စပြီးရင်တော့ တို့ကို စဉ်းစားပေး မယ်ပေါ့၊ ဒီသဘောလား. . . မေသော်"

မေသော်သည် မိုးဟိန်းကို ခဏမျှ တွေတွေကြီးကြည့် နေသည်။ ပြီးမှ ခေါင်းကို ဆတ်ကနဲညိတ်ပြလိုက်သည်။

"အဲဒီအခါကျရင် ကိုမိုးဟိန်းကို မေသော်ထိပ်ဆုံးက ထားပြီး စဉ်းစားပေးပါ့မယ်၊ ကိုမိုးဟိန်းဟာ မေသော့်အတွက် လက်ခံနိုင်မယ့်သူပါ၊ မေသော်ဟာ ငါက မိန်းကလေးပဲ၊ ဟန်





ဆောင်မယ်ဆိုတဲ့စိတ်မျိုး မမွေးပါဘူး၊ ဒီလို ပွင့်ပွင့်လင်းလင်း ပြောပြလို့ မေသော့်ကို တစ်မျိုးမြင်သွားရင်လည်း မတတ်နိုင် ပေါ့၊ မေသော့်အနေနဲ့ကတော့ ဒီသဘောမျိုးရှိတာပဲ၊ ကိုမိုး ဟိန်းဟာ မေသော့်အကဲခတ်မိသလောက်တော့ တည်ကြည် တယ်၊ ရိုးသားတယ်၊ ဟန်ဆောင်မှုကင်းတယ်၊ မေသော့်အနေ နဲ့ဒီလိုလူမျိုးကို အလွယ်တကူ မငြင်းပယ်ချင်ပါဘူး၊ ပြီးတော့ မေသော်ပြောခဲ့သလိုပဲ ကိုမိုးဟိန်းဟာ မေသော်လက်ခံနိုင်တဲ့ အရည်အချင်းရှိပါတယ်၊ ကိုမိုးဟိန်း. . ကျေနပ်နှစ်သိမ့်နေပါဦး"

မိုးဟိန်းမျက်နှာ ကြည်ကြည်လင်လင်ဖြစ်သွားသည်။ ဝမ်းသာကြည်နူးဟန်တို့ကို မျက်နှာတွင် ရုတ်ချည်းပေါ်လာ သည်။

"ကျေးဇူးတင်ပါတယ်. . မေသော်၊ ဝမ်းလည်းသာပါ တယ်၊ မေသော်ဟာ ပွင့်လင်းရိုးသားတဲ့ မိန်းကလေးမို့ တို့ကို ချည်နဲ့ ဝမ်းချတာမဟုတ်ဘူးဆိုတာ ယုံကြည်ထားမိပါတယ်၊ . . မေသော့်ဆီက အဖြေကို မျှော်လင့်နေပါ့မယ်၊ မေသော် အပေါ် ချစ်နိုင်သူအနေနဲ့ ချစ်သူလို သဘောထားလာနိုင် အထိ စောင့်နေပါ့မယ်"



www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်း၏ ဝမ်းသာကြည်နူးနေဟန်တို့သည် မေသေ
၏ ရင်သို့တိုင် ကူးစက်ပျံ့နှံ့သွားသည့်နှယ်ရှိသည်။

"သြော်. . ကိုမိုးဟိန်းကို တစ်ခုမေးရဦးမယ်"

"ဘာများလဲ. . မေသော်"

"အင်း. . မမေးတော့ပါဘူးလေ"

"ဟင်. . မေသော်က ဘာမှန်းလည်းမသိဘူး"

မေသော်က မိုးဟိန်းကို ပြုံးကြည့်လိုက်သည်။ 
သော့်အပြုံးကြောင့် မိုးဟိန်းရင်ခုန်ရပြန်သည်။ ရှိန်းမြသေ
အာ့ရုံကို ခံစားမိပြန်သည်။ ရင်မှာ မောမိသည်။

ချစ်မိပါပြီဟု ဖွင့်ဟပြောမည် ကြံစည်ကလည်း 
မောရသည်။ ဖွင့်ဟပြီးနောက်တွင်လည်း ရင်မောရသည်။ 
ဟိန်းသက်ပြင်းချမိသွားသည်။ ရင်ထဲတွင် ကြည်နူးခြင်းနှင့်မေ
လျှခြင်းတို့ ရောယှက်နေသည်။ ရောယှက်လှုပ်ခါနေသည်။

x x x



## အခန်း – ၁၀

မြို့အနောက်ဘက်မှာ ပွဲခင်းသာ။

ဆန်းသစ်ကျော် အငြိမ့်အဖွဲ့က ရွှေပွဲလာများကို ကပြ
သုံးတော်ခံနေပါသည်။ မြို့ထော်စည်ပင်သာယာရေးအဖွဲ့
 ကြီးမှူးကျင်းပသော ပွဲဇတ်မို့ စည်ကားလှသည်။ မေသော်
သည် စင်မြင့်ပေါ်တွင် မမောမပန်း ကခုန်နေသော အငြိမ့်မင်း
သမီးကို ငေးမောကြည့်ရှုနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အငြိမ့်စင်ပေါ်တွင် လျှပ်စစ်မီးရောင်တို့က ထိန်ထိန် ညီးနေသည်။ မီးရောင်အောက်တွင် ကခုန်နေသော အငြိမ့်မင်း သမီးသည် တောက်ပပြိုးပြက်သော အဝတ်အစားများကို ဝတ် ဆင်ထားသည်။ ကြွေရုပ်ကလေး တစ်ရုပ်နှယ် မျက်နှာအလှ ကို ပြုပြင်ထားသည်။

လှပါသည်။ ချောပါသည်။ မီးရောင်အောက်တွင် အ များတကာ နှစ်သိမ့်စေရန် မမောနိုင်၊ မပန်းနိုင် ကပြဖြေဖျော် နေသော အငြိမ့်မင်းသမီးလေးလှပါသည်။ ကကြိုးကကွက်က သွက်လက်လှပါပေသည်။

မေ့သော်သည် ကခုန်နေသူများကို ကြည့်နေရင်းမှပ နံနက်ခင်းက အကြောင်းအရာဆီကို အာရုံရောက်သွားမိသည် နံနက်ပိုင်းက မေသော်လမ်းလျှောက်ပြီး အပြန်တွင်ဖြစ်သည် မေသော် အပြင်မှပြန်ရောက်လာသောအခါ ဧည့်ခန်းတစ်ခုလုံး ရှင်းလင်းနေသည်။ ထိုစဉ် တယ်လီဖုန်းသံက တတီတီနှင့်မြည် လာသည်။ မေသော်သည် တယ်လီဖုန်းခွက်ကို ကောက်ယူနား ထောင်လိုက်သည်။





"ဟဲလို. . . အမိန့်ရှိပါရှင်"

"မေသော်လား"

"ဟုတ်ပါတယ်ရှင်"

"ခင်ဗျားကိုခိုင်းထားတာ ဘယ်အခြေအနေရောက်ပြီ လဲ"

"မထူးခြားသေးပါဘူး၊ ကျွန်မကြိုးစားနေပါတယ်"

"ကြိုးစားနေရုံနဲ့ မပြီးသေးဘူး. . သိလား၊ နေဦး၊ ဖုန်း ဆက်ရတာ သိပ်အချိန်မရဘူး၊ ညဘက်ကျရင် ခင်ဗျားပွဲခင်း ကို လာပါ"

"ရှင်. . . ပွဲခင်းဟုတ်လား"

"ဟုတ်တယ်၊ အဲဒီကိုလာပါ။ ညကိုးနာရီတိတိမှာ ဆန်း သစ်ကျော်အငြိမ့်စင်အနောက်ကို လျှောက်ခဲ့၊ ဟုတ်လား"

တစ်ဖက်မှ ဖုန်းကိုလျှင်မြန်စွာ ချသွားသည်။ မေသော် စိတ်ထဲမှာ မကျေမချမ်းဖြစ်သွားသည်။ မကျေမချမ်းဖြစ်သွား သော်လည်း ချိန်းဆိုထားသော အချိန်ကိုမူ မေသော်အလွဲမခံ နိုင်ပါ။ ထိုအချိန်တွင် တွေ့ဆုံနိုင်ရန်မူ ကြိုးစားရပါသည်။



www.burmeseclassic.com

www.burmeseclassic.com



အဦးဆုံး ပွဲကြည့်ရန် ကြိုးစားရသည်။ ပီတာနှင့်မပတ် သက်ချင်သော်လည်း သူ့အကူအညီကို ယူရပါသည်။ သူပါ လိုက်မည်ဆို၍ မေသော်နှင့်ဒေါ်သိန်းကို ဦးဘက်က ပွဲသွားခွင့် ပြုပါသည်။

ယခုတော့ ပွဲခင်းသို့ မေသော်ရောက်နေပါပြီ၊ ချိန်းဆို ထားသော အချိန်သို့ မရောက်သေးသော်လည်း ဆန်းသင် ကျော်အငြိမ့်ဇာတ်စင်အနီးသို့ ရောက်နေပါပြီ။ မေသော်သည် ပီတာနှင့်တွဲ၍ အခုလို ပွဲလမ်းသဘင်ကို သွားချင်လှသည်မ ဟုတ်ပါ။ သို့သော် အကြောင်းကရှိနေသည်မို့ ပီတာနှင့်တွဲနေ ရသည်။

မေသော်သည် အငြိမ့်စင်သို့ ငေးကြည့်နေမိလေ၏။ ဆိုင်းချက်ကျကျ ကခုန်နေသော အငြိမ့်မင်းသမီး၏ အကကို ငေးမောကြည့်နေမိ၏။ မီးရောင်အောက်တွင် လှနေသော အ လှကို ငေးသည်။ မင်းသမီးဘေးမှ တို့တော့မလို၊ ဆိတ်တော့ မလိုလုပ်နေသော လူရွှင်တော်များကိုကြည့်ပြီး ပြုံးမိ၏။

မေသော်၏ အကြည့်တို့သည် ငေးငေးငိုင်ငိုင်ရှိနေပါ





သော်လည်း မေသော့်ရင်မှာမူ လှုပ်ရှားနေသည်။ တုန်ရီနေ သည်။ ယင်းလှုပ်ရှားနေသော စိတ်နှင့်ပင် မေသော်လက်မှနာ ရီကို မြောက်ကြည့်လိုက်မိသည်။

"ဘုရား . . ဘုရား . . ကိုးနာရီထိုးနေပါပေါ့လား"

မေသော်သည် သူ့ဘေးပတ်ဝန်းကျင်ကို ကြည့်လိုက် သည်။ အနားတွင် ဒေါ်သိန်းရှိနေသည်။ ပီတာမရှိပါ။ ဘယ် နေရာသို့ သွားနေသည်မသိ။ ဒေါ်သိန်းသည် အငြိမ့်စင်ရှိရာ သို့ အာရုံစိုက်နေသည်။ လူရွှင်တော်များ၏ ပြက်လုံးများကို သဘောကျပြီး ရယ်နေသည်။

မေသော် အထွေအထူးမစဉ်းစားနိုင်ပါ။ ဒေါ်သိန်း၏ ဘေးတွင် ရပ်နေရာမှ အသာကလေး အပြင်သို့ထွက်လိုက်၏။ ကြပ်ညပ်နေသော လူအုပ်ကြီးကို တိုးထွက်လိုက်သည်။ လူအုပ် ကြီးကြားတွင် ရှိနေစဉ်က နွေးနွေးထွေးထွေး ရှိနေသော်လည်း အပြင်သို့ရောက်သွားသောအခါတွင်မူ အေးနေသည်။ မြူမြူက လေး အေးနေသည်။ ဆောင်းလေကလည်း တိုက်ခတ်မှုကြမ်း သည်။ ရမ်းသည်။



www.burmeseclassic.com

www.burmeseclassic.com



မေသော်သည် လူအုပ်ကြီး၏ အပြင်သို့ ရောက်သည်နှင့်အငြိမ့်စင်အနောက်ဘက်သို့ ခပ်သုတ်သုတ်လျှောက်လာခဲ့သည်။ အမှောင်ရိပ်ကျနေသော အငြိမ့်စင်၏ နောက်ဘက်တွင် ကားတစ်စီးရပ်ထားသည်ကို လှမ်းမြင်လိုက်ရသည်။ မေသော်သည် မဝံ့မရဲခြေလှမ်းများဖြင့် ရပ်ထားသော ကားအနီးဆီသို့ အရောက်တွင် ကားနောက်ခန်းတံခါးက ဖွင့်ကနဲပွင့်လာလေသည်။

"ကားပေါ်တက်ပါ. . မေသော်"

မေသော်သည် မဝံ့မရဲခြေလှမ်းများဖြင့် ကားပေါ်သို့ တက်လိုက်သည်။

"ကားတံခါးပိတ်လိုက်"

ကားမောင်းသူနေရာတွင် ထိုင်နေသူက မေသော့်ကို အမိန့်ပေးဟန်ပြောလိုက်ပြီး ကားကို စက်နှိုးလိုက်သည်။ မေသော်က ကားတံခါးကို ပိတ်လိုက်မိသည်နှင့် ကားကို မောင်းထွက်သွားသည်။

"ဘယ်သွားမလို့လဲ"

မေသော်က တုန်လှုပ်စွာ မေးလိုက်သည်။





"ကားစီးရင်း စကားပြောကြတာပေါ့ ခင်ဗျား. . အခုလို ပေါ့နေရင် ခင်ဗျားအမေအတွက် တာဝန်မခံနိုင်ဘူးနော်"

"ကျွန်မ. . ပေါ့ပေါ့မနေပါဘူး၊ ကြိုးစားနေပါတယ်၊ ဒါပေမယ့် ရှင်ပဲစဉ်းစားကြည့်၊ ဦးဘဂ်ဟာ မနေ့တစ်နေ့ကမှ သူ့အိမ်ကိုရောက်လာတဲ့ ကျွန်မကို ဘယ်လောက်ယုံကြည်ဦးမလဲ"

ထိုသူ့ထံမှ သက်ပြင်းချသံကို မေသော်ကြားရသည်။

"ဒါက မင်းရဲ့ အရည်အချင်းပဲလေ၊ အမေအတွက်ဆိုတော့ ကြိုးစားရမှာပေါ့၊ စွန့်စားရမှာပေါ့၊ ဦးဘဂ်ရဲ့ လျှို့ဝှက်ချက်ကို ရအောင်ယူနိုင်ရမှာပေါ့"

သည်တစ်ခါ သက်ပြင်းချမိသူက မေသော်ပါ။ အခြေအနေက အကျပ်အတည်းသို့ရောက်နေသည်။ မလူးသာ၊ မလွန့်သာအောင် ရှိနေသည်။ ဘေးကျပ်နံကျပ်ဖြစ်နေသည်။

"ကျွန်မပြောပြီးပါပကော၊ ကြိုးစားနေပါတယ်လို့၊ ကျွန်မအနေနဲ့ ရှင့်ကို လျှို့ဝှက်ခန်းပုံစံအစုကြီး ဆွဲပေးလိုက်လို့ ရပါတယ်၊ ဒါပေမယ့်လို့ ဒီလိုလုပ်ရင် မေမေ့အတွက် ဒုက္ခရောက်အောင် ဖန်တီးပေးသလို ဖြစ်သွားမှာမို့ ကျွန်မပုံစံအမှန် ကို မရ,ရအောင် ကြိုးစားနေတာပါ"



www.burmeseclassic.com

www.burmeseclassic.com

ထိုသူသည် ကားမောင်းနေရင်းမှ နောက်ကြည့်မှန်မှ မေသော့်ကို ကြည့်ကာ ခနဲ့တဲ့တဲ့ ရယ်လိုက်သည်။

"ဒီလိုဆိုတော့လည်း မင်းက လိမ္မာသားပဲ၊ ကိုယ့်အမေအတွက်ပဲကွာ၊ လိမ္မာပေါ့. . ဟုတ်လား၊ မင်းဘာလုပ်နေတယ်၊ ဘာကိုင်နေတယ်၊ ဘယ်သွားနေတယ်ဆိုတာကို ငါတို့အားလုံးသိတယ်၊ မင်းကို စောင့်ကြည့်နေတယ်ဆိုတာ မင်းသဘောပေါက်ပါ. . ဟုတ်လား"

"မနေ့ညကပဲကြည့်၊ မင်းဦးဘင်ရဲ့ စာကြည့်ခန်းထဲမှာ ညကိုးနာရီအထိ ရှိနေတယ်၊ ကိုးနာရီထိုးမှ မင်းအခန်းရှိရာကို မင်းပြန်လာတယ်၊ အဝတ်အစားလဲပြီး ပန်းတစ်ပွင့်ကို နမ်းတယ်ပြီးတော့ မီးပိတ်ပြီး အိပ်တယ်၊ ဒါ. . ဟုတ်တယ်မဟုတ်လား"

မေသော်ရင်ထိတ်သွားရသည်။ သည်လူတွေ တကယ်ပဲ သူ့ကို စောင့်ကြည့်နေပါလားဟု သိလိုက်သည်။

"ကျွန်မ. . မစိုးရိမ်ပါဘူး၊ ရှင်တို့ စောင့်ကြည့်နေမယ့် ကျွန်မမဟုတ်တာ ဘာမှမလုပ်တော့ မစိုးရိမ်ပါဘူး၊ ကျွန်မစိတ်ထဲမှာ မေမေ့ကို ရှင်တို့လွှတ်ပေးအောင် ရှင်တို့ခိုင်းတာလုပ်ဖို့အတွက်ပဲ စဉ်းစားထားတယ်၊ အချိန်ပြည့် ဒီအတွက်စဉ်းစားနေမိတယ်"

"ကောင်းပါတယ်လေ၊ မြန်မြန်ကိစ္စပြီးတော့ မင်းလည်း မြန်မြန်စိတ်အေးရ၊ ငါတို့လည်း မြန်မြန်အေးချမ်းတာပေါ့၊ ငါတို့ သတင်းကြားထားတယ်၊ ဦးဘင်ဟာ သူ့ရတနာတွေကို သူ့ဗိုက်ခန်းထဲမှာ ထားတယ်ဆိုတာပဲ. . ဟုတ်လား"

"အဲဒါတော့ ကျွန်မမသိဘူး"

"မသိဘူးဆိုလို့မရဘူး၊ သိအောင်စုံစမ်း"

ထိုသူသည် ကားကို ရပ်တန့်ပြီး နောက်ကြောင်းသို့ ပြန်လှည့်လိုက်သည်။ ကားလေးသည် တက္ကသိုလ်ရိပ်သာလမ်းမှနေ၍ ပွဲခင်းရှိရာသို့ ဦးတည်လာနေသည်။

"ငါပြောတာတွေ အားလုံးကို မင်းမှတ်မိတယ်နော်. . မေသော်"

"ကျွန်မ. . ကလေးမဟုတ်ပါဘူး"

ထိုသူက ကားမောင်းနေရင်းမှ ဟက်ဟက်ပက်ပက် ရယ်မောနေသည်။

"မင်းတို့ မိန်းကလေးတွေဟာ တစ်ခါတစ်ခါမှာ အကြောင်းမဲ့ တင်းမာချင်တာကိုး၊ ကဲ. . ရှိပါစေ၊ ဒါကို ငါအမှတ်




www.burmeseclassic.com

www.burmeseclassic.com



မထားပါဘူး၊ ဒီနေ့ကစပြီး နောက်နေ့တွေမှာ မနက်(၁၀)နာရီ နဲ့ (၁၁)နာရီကြားမှာ တယ်လီဖုန်းခေါ်တာကိုစောင့်ပေါ့. . . ဟုတ်လား၊ ကဲ. . ဆင်းတော့၊ ပွဲခင်းရောက်လာပြီ"

ကားကတုန့်ကနဲ ရပ်သည်နှင့် မေသော် ကားပေါ်မှ ဆင်းလိုက်သည်။ မေသော် ကားပေါ်မှ ဆင်းသည်နှင့်ထိုသူက ကားကို မောင်းထွက်သွားသည်။ ကားထွက်သွားသည်နှင့် မေသော်က ဝန်းကျင်ကိုကြည့်မိသည်။ မေသော်သည် ပွဲခင်းဘက်သို့ ဆက်လျှောက်လာခဲ့သည်။ မေသော်၏ ခြေလှမ်းတို့ လေးလံနေသည်။ အတွေးစတို့လည်း ရှုပ်ထွေးနေသည်။

မေသော့်စိတ်မှာ မကြည်လင်ပါ။ မငြိမ်းချမ်းပါ။ ပင်လယ်ပြာလို လှိုင်းကြမ်းထပြီး လှုပ်ရှားနေသည်။ မေသော်က လူအုပ်ထဲသို့ မတိုးချင်ပဲ တိုးလာခဲ့သည်။ အငြိမ့်စင်ရှေ့သို့ အရောက်တွင် ပြည့်ကျပ်နေသော လူအုပ်ကြီးကို သည်းခံပြီး တိုးလာခဲ့သည်။ ယင်းသို့ လူအုပ်ထဲသို့ အတိုးတွင် အခွင့်အရေးသမားများ၏ အတို့အဆိတ်ကို ခံခဲ့ရသေးသည်။ ကိုယ့်အကြောင်းနှင့်ကိုယ်မို့ ခံပြင်းစရာတော့ ကောင်းလှ၏။ မေသော်သည် စိတ်သောကများစွာဖြင့် စောစောက ရပ်ခဲ့သော နေရာ



သို့ရောက်လာသည်။ ထိုနေရာတွင် ဒေါ်သိန်းမရှိပါ။ မေတ္တာအိမ်မှ မည်သူမှမရှိတော့ပါ။ မေသော်စိတ်ညစ်သွားရပြန်၏။ ထိုနေရာတွင် တွေဝေစွာ ရပ်နေမိသည်။ အငြိမ့်စင်ပေါ်မှ ကနေသမျှကို ငေးကြည့်နေသော်လည်း စိတ်မဝင်စား။

အတန်ကြာအောင် ရပ်နေမိမှ လူမရှိတော့သည့် အကြောင့် လိုက်ရှာကြဟန်တူသည်ဟု မေသော်တွေးမိသွား၏။ ထိုအတွေးကြောင့် လူအုပ်ကြားမှ ပြန်၍တိုးဝှေ့ထွက်လာသည်။ တိုးတိုးဝှေ့ဝှေ့။ ကြပ်ကြပ်ညပ်ညပ်။ တိုက်တိုက်ခိုက်တ်။

မေသော်သည် ဒေါသကြောင့် နီမြန်းနေသော မျက်ဖြင့် အပြင်သို့ရောက်လာသည်။ လူတွေ. . ကြည့်စမ်းပါ။ လူတွေတဲ့။ ဒီလောက်အောက်တန်းကျသည့် စိတ်တွေ မွေးရလား။

လူအုပ်ကြီးအပြင်ဘက်သို့ အရောက်တွင် မေသော်သည် ပီတာ့ကို ဘွားကနဲတွေ့လိုက်ရသည်။ ပီတာက လဲကျလုယိုင်သွားသော မေသော့်လက်ကို ဆုပ်ကိုင်ထားလိုက်၏။

"ဘယ်ထွက်သွားတာလဲ. . မေသော်၊ ကိုယ်တို့ဖြင့် ရှာ

www.burmeseclassic.com



လိုက်ရတာ မောနေတာပဲ၊ လာ. . လာ. . ဒေါ်သိန်းက အ
ကြော်ဆိုင်မှာ စောင့်နေတယ်"

ပီတာက မေသော့်လက်ကို ပိုင်စိုးပိုင်နင်း ဆွဲခေါ်၏
မေသော်သည် ငေးကြောင်ကြောင်ဖြင့် လိုက်ပါလာခဲ့သည်
အကြော်ဆိုင်တွင် ဒေါ်သိန်းက အကြော်စားနေသည်။

"လာ. . မေသော်၊ အကြော်စားဦး"

"ကျွန်မမစားချင်သေးဘူး. . ဒေါ်လေး"

"ကလေးမ. . ပွဲခင်းထဲက ပျောက်သွားလို့ လိုက်ရှာ
နေတာ၊ ဘယ်သွားနေတာလဲ"

"အပြင်ခဏသွားတာ၊ လူအုပ်ထဲ တိုးရတာ အန္တရာယ်
များလို့၊ ဟိုဘက်ဒီဘက်က လှည့်တိုးနေရတာနဲ့ အချိန်ကြာ
သွားတာ၊ ဒီကြားထဲ အခွင့်အရေးသမားတွေက. . ."

မေသော်ဆက်မပြောမိ။ ပီတာက မေသော်၏ မျက်
နှာကို အကဲခတ်နေသည်။ မေသော်က မသိချင်ယောင်ဆောင်
နေလိုက်သည်။

x x x



## အခန်း- ၁၁

"ဒီမှာကြည့်စမ်း. . . ကလေးမ"

မေသော်၏ မျက်လုံးအစုံသည် အရောင်တဖျတ်ဖျတ်
တက်သွားသည်။ စားပွဲပေါ်မှ ပြောင်လက်သော စိန်တုံးများ
ကို ကြည့်မိသွားသည်။

"ဒါဟာ ဘကြီးတို့ ဘိုးစဉ်ဘောက်ဆက်ကတည်းက
. . .မွေပစ္စည်းတွေပဲ၊ ဒီရတနာပစ္စည်းတွေကို တန်ဖိုးထားပြီး



www.burmeseclassic.com

www.burmeseclassic.com



အားလုံးက ထိန်းသိမ်းခဲ့ကြတယ်၊ ဂုဏ်ယူဝင့်ကြွားခဲ့ကြတယ်၊ ဘကြီးပစ္စည်းဟောင်းတွေကို လေ့လတင်ရောင်းမယ်ဆိုတာ ဒီပစ္စည်းတွေကို မထုခွဲချင်လို့ပဲကွယ့်"

"ဪ. . ဟုတ်ကဲ့. . . ဘကြီး"

မေသော်သည် မက်မောဖွယ်ရာကောင်းသော စိန်တုံး များကို ကြည့်နေရာမှ မျက်နှာလွှဲလိုက်သည်။ အမှန်စင်စစ် သည်ပစ္စည်းများသည် မိမိလည်း သက်ဆိုင်ပါလားဆိုသည့်အ သိက ဝင်လာသည်။

မေသော်သည် ပုထုဇဉ်လူသားတစ်ဦး ဖြစ်ပါသည်။ သာမန်မိန်းကလေးတစ်ယောက်မျှသာ ဖြစ်သည်။ မွေးသော ရန်ကို ရှုရှိုက်လိုသော စိတ်ရှိသည်။ လှသောအရာကို ကြည့် မြင်ချင်ပါသည်။ သာမန်လူတစ်ယောက်၏ ဆန္ဒမျိုး မေသော် တွင် ရှိပါသည်။

သည်ပစ္စည်းများကို မြင်ရသောအခါ လိုချင်သော လောဘသည် မေသော့်ရင်မှာ ပေါ်လာသည်။ တဆက်တည်း မှာပင် ဖေဖေဦးသော်က၏ မျက်နှာကို မြင်ယောင်မိသွားသည်။





ဖေဖေဦးသော်ကသည် ဤမျှတန်ဖိုးရှိသော ရတနာပစ္စည်းများ ကိုပင် စွန့်လွှတ်ခဲ့ပါလား။ မမက်မောခဲ့ပါလား။

မေသော်သည် သက်ပြင်းချလိုက်မိသည်။ စိတ်ပင်ပန်း မှုဖြင့် သက်ပြင်းချလိုက်မိခြင်းပါ။ စိတ်က ရုတ်တရက်ဖြစ် ပေါ်လာသော လောဘစိတ်ကို ဖြေဖျောက်ပစ်လိုက်သည်။ မိမိကိုယ်မိမိ ဆုံးမလိုက်မိသည်။

မိမိသည် သည်ပစ္စည်းလောက်ဖြင့် မေမေ၏ ဂုဏ် သိက္ခာကို မဖျက်ဆီးလိုပါ။ အမည်းကွက်မစွန်းထင်းစေလိုပါ။

"ဒါတွေကို ကလေးမကိုပြတာ ဘကြီးမှာ အကြောင်း ရှိပါတယ်၊ ဘကြီးဟာ ဘယ်လောက်ထိအောင် ကိုယ့်မျိုးရိုးအ ပေါ်မှာ ဂုဏ်သိက္ခာထိခိုက်မှာကို စိုးရိမ်သလဲဆိုတာကို သိစေ ချင်တာပဲ၊ လာ. . . ကလေးမ"

မေသော်သည် ထိုင်နေရာမှ ထလိုက်သည်။ ဦးဘင် က စိန်ထုပ်ကိုယူပြီး စာကြည့်ခန်းထောင့်တစ်နေရာသို့လျှောက် သွားပါသည်။ အဘိဓာန်များထားသေ ဘီဒိုအနီးသို့ လျှောက် သွားခြင်းဖြစ်ပါသည်။ ထိုဘီဒိုရှေ့တွင် တုန့်ကနဲရပ်လိုက်၏။

"အခု. . ဘကြီးပြမှာက ဒီအိမ်ကြီးရဲ့ လျှို့ဝှက်ချက်ကို



www.burmeseclassic.com

www.burmeseclassic.com



ကလေးမ သိထားဖို့ပဲ၊ အခုလို ပြတာဟာ ကလေးမကို ဘကြီ
က ယုံကြည်လွန်းလို့ပါ၊ ပြီးတော့ ပြင်မယ့်အခန်းတွေ ပုံစံ
ရာမှာလည်း အထောက်အကူရစေချင်လို့ပဲ"

ဦးဘဂ်သည် ပြောပြောဆိုဆို ဘီဒိုအတွင်းသို့ လက်
နှိုက်လိုက်သည်။ အလယ်ဆင့်တွင် တင်ထားသော စာအုပ်မျာ
ကို ရွေးချယ်ပြီး အဘိဓာန်စာအုပ်တစ်အုပ်ကို ထုတ်ယူလိုက်
လေသည်။

အဘိဓာန်စာအုပ်နေရာသည် ကွက်လပ်ကလေးဖြစ်
နေ၏။ ထိုကွက်လပ်ကလေးနောက်တွင် သံချောင်းလေးတစ်
ချောင်းသည် မောင်းတံလေးတစ်ချောင်းသဖွယ် ရှိနေသည်
ဦးဘဂ်က ထိုသံချောင်းကလေးကို ဆွဲလိုက်ပြီး နောက်သို့
တစ်လှမ်း ဆုတ်လိုက်သည်။ နံရံတွင် ကပ်နေသော စာအု
ဘီဒိုသည် ဆုံလည်တစ်ခုအလား လည်ထွက်လာ၏။ နံရံဘ
လည်ထွက်လာသော နေရာတွင် တံခါးပေါက်ဖြစ်သွားသည်
ကို မေသော်တအံ့တဩ မြင်တွေ့လိုက်ရလေသည်။

လျှို့ဝှက်ခန်း။

ဟုတ်ပါရဲ့ . . လျှို့ဝှက်ခန်း။ သည်လျှို့ဝှက်ခန်း





မေ့ကို ဖမ်းဆီးထားသူတွေ သိချင်နေကြတယ်။ သည်လျှို့
ဝှက်ခန်းရှိ ပစ္စည်းတို့ကို တပ်မက်နေကြသည်။

"လာ. . ကလေးမ"

ဦးဘဂ်က ရှေ့ဆောင်ပြီး လျှို့ဝှက်ခန်းထဲသို့ ဝင်သွား
သည်။ ဒီလျှို့ဝှက်ခန်းသည် ဘာမှမကျယ်ဝန်းလှပါ။ ခြောက်
ပေတ်လည်ခန့်သာ ရှိမည်ထင်သည်။ အပြင်ဘက်မှနေ၍
ကြည့်လျှင် သည်အခန်းကို လျှို့ဝှက်ခန်းဟု ထင်ဖွယ်မရှိ။ စာ
ကြည့်ခန်းဟုပင် ထင်ရသည်။ အခန်းထဲတွင် စာအုပ်ဘီဒိုတစ်
ရှိပြီး မှန်ပြတင်းပေါက်နဲ့ ကပ်လျက်တွင် စာရေးစားပွဲတစ်
ရှိသည်။ မှန်ပြတင်းတွင် သံတိုင်များအပြည့်စိုက်ထားသည်။
ခင်းရောင်ဝင်ရုံသာ ရှိနေသည်။ အခန်းထောင့်တွင် စားပွဲ
ခင်းတစ်လုံးရှိနေသည်။ နံရံတွင် ကပ်ထားသည်။

ဦးဘဂ်သည် ထိုစားပွဲရှိရာသို့ လျှောက်သွားသည်။
ဝှဲယ်ကို အနည်းငယ်မပြီးရွှေ့လိုက်သည်။ တကျွီကျွီဆိုသည့်
သံအော်လာပြီး အုတ်နံရံအက်ကွဲသွား၏။ တံခါးပေါက်
ဖြစ်သွားပြီး အတွင်းတွင် မီးခံသေတ္တာတစ်လုံးကို တွေ့
ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဘက်မီးခံသေတ္တာဖွင့်နေစဉ်တွင် မေသော်က စာ
စားပွဲရှိရာသို့ လျှောက်လာခဲ့သည်။ မှန်ပြတင်းမှတဆင့် အ
သို့ လှမ်းကြည့်သည်။ နေခြည်သည် ရွှေရည်ဝင်းနေပါသ
ပန်းခြံထဲမှ ရောင်စုံပန်းများသည် လေအလာတွင် ကခုန်
တူးနေကြသည်။

"ဒါဟာ ဘကြီးတို့ရဲ့ အဘိုး ဦးဘသိန်းရဲ့ စာကြည့်
ပဲကွယ်၊ ဒီမီးခံသေတ္တာအခန်းကိုတော့ ဘကြီးကိုယ်တိုင်
ထားတာပါ၊ ဒီအိမ်ကြီးမှာ ဒီလိုလျှို့ဝှက်ခန်းတွေ အများကြ
ဘကြီးတောင် အားလုံးကုန်အောင် မသိပါဘူး"

"ဒီအခန်းလေးကိုတော့ မေသော်သဘောကျ
အပြင်ဘက်က ကြည့်နေရင် စာကြည့်ခန်းလို့ထင်ရပြီး အ
ရောက်ရင်လည်း ဒီအခန်းသပ်သပ်ရပ်ရပ်ရှိတယ်ဆိုတာ
သိရဘူး၊ ဒါပေမယ့် ဟောဒီမှန်ပြတင်းတပ်ထားတာက
မလုံခြုံဘူးထင်တယ်. . . ဘကြီး"

ဦးဘက်က မေသော့်ကို နှစ်ခြိုက်ကျေနပ်စွာ ပြုံး
လိုက်ပါသည်။

"လုံခြုံပါတယ်ကွယ်၊ ဒီပြတင်းကိုသာ အပြင်





တစ်ယောက်က ဖွင့်ဖို့ကြိုးစားရင် လျှို့ဝှက်ခန်းမှာ တပ်ဆင်
ထားတဲ့ ကြိုးကနေပြီး ဘကြီးအခန်းထဲမှာရှိတဲ့ အချက်ပေးခ
လတ်မှာ လာမြည်တယ်၊ ကနေ့အထိတော့ ဒီနားကို သူခိုးကပ်
တာ မကြုံသေးပါဘူး"

ဦးဘက်စကားကြောင့် မေသော်အံ့ဩကျေနပ်သွားမိ
သည်။ ဦးဘက်သည် ပေါ့ပေါ့ဆဆမနေပါလားဟု တွေးလိုက်
သည်။

"ဒီလိုဆိုရင်တော့ ကောင်းပါတယ်. . ဘကြီး၊ ဒါပေ
မယ့် ဒီအခန်းကို မေသော့်ကိုပြတာတော့ မှားတယ်ထင်တယ်"

"ဘာဖြစ်လို့လဲ. . ကလေးမရဲ့"

"ဩော်. . မေသော်က ပုထုဇဉ်မဟုတ်လား၊ ဒီအခန်း
ထဲမှာ ဘကြီးက အဘိုးတန်ပစ္စည်းတွေထားတော့ မေသော်က
စိတ်မဖောက်ပြန်ဘူးလို့ ဘယ်ပြောနိုင်မှာလဲ"

ဦးဘက်သည် သဘောကျနှစ်ခြိုက်စွာ ရယ်မောလိုက်
သ၏။

"ဒါကိုလည်း ဘကြီးတွေးမိပါတယ်ကွယ်၊ ဒါပေမယ့်
ကြောက်စရာမလိုပါဘူး၊ ဒီမီးခံသေတ္တာက နံပါတ်စဉ်နဲ့ဖွင့်ရတာ၊ တစ်ခုခု



www.burmeseclassic.com

www.burmeseclassic.com



မှားသွားရင် ပေါက်ကွဲသွားအောင် စီစဉ်ထားတယ်”

ဒီတစ်ခါမှာတော့ မေသော်ဝမ်းသာအံ့သြသွားရပြန်

သည်။ ဦးဘက်၏ ဉာဏ်ရည်ဉာဏ်သွေးကိုလည်း ချီးကျူး

စားသွားမိပါသည်။

ဦးဘက်သည် စိန်များကို ထားသိုပြီးသည်နှင့် အ

ထဲမှ ထွက်သည်။ မေသော်သည် ဦးဘက်နောက်မှ လိုက်ထွ

လာခဲ့၏။ မေသော့်ရင်ထဲမှာ မရှင်းမလင်းနိုင်အောင် ဖြစ်

သည်။ ယင်းသို့ ဖြစ်နေမိသည်နှင့်အမျှ စိတ်မှာ လေးလံ

သည်။

အပြင်ဘက်သို့ အရောက်တွင် ဦးဘက်သည် ဘီ

ပြန်ပိတ်သည်။ ခလုတ်နေရာ ကွက်လပ်တွင် အဘိဓာန်စာ

တစ်အုပ်ကို ပြန်ထည့်လိုက်သည်။ ဦးဘက်သည် လျှို့ဝှက်

တံခါးကိုပိတ်ပြီးသည်နှင့်စာကြည့်ခန်းမှ ပြန်ထွက်လိုက်သ

ဦးဘက်နှင့်အတူ မေသော်ပါလိုက်လာခဲ့သည်။ သည်အချိ

နေ့လည်လက်ဖက်ရည်သောက်ချိန်မို့ ဦးဘက်သည် ထမင်း

ခန်းဘက်သို့ လျှောက်သွားပါသည်။ မေသော်သည် ဦးဘ

နောက်မှ လိုက်လာရင်း ဧည့်သည်များနှင့် ပတ်သ





ဉ်းစားနေမိသည်။

လျှို့ဝှက်ခန်းနေရာကိုတော့ မိမိသိရပြီ။ ဒီအခန်းနေ

ကို မြေပုံဆွဲပြီး မေမေ့အသက်ကို ကယ်တင်ဖို့ပဲ ရှိတော့

သည်။ မေသော်တို့ အပေါ်ထပ်မှ ဆင်းပြီး ဧည့်ခန်းသို့ရောက်

င် အပြင်ဘက်မှ မောပန်းနေသည့်အသွင်ဖြင့် ရောက်လာ

သာ မိုးဟိန်းကို တွေ့လိုက်ရသည်။ မိုးဟိန်း၏ တစ်ကိုယ်လုံး

သည် မြေနီမှုန့်များ ပေကျံနေပါသည်။

“ဘယ်လိုဖြစ်လာတာလဲ. . မောင်မိုးဟိန်းရယ်၊ ကဲ. .

. . လာ. . ဘကြီးတို့ ထမင်းစားခန်းကို သွားကြရအောင်၊

ရောက်မှ လက်ဖက်ရည်သောက်ရင်း စကားပြောကြတာပေါ့

ဦးဘက်က မိုးဟိန်းကို အကဲခတ်သလို ကြည့်ရင်းမှ

မင်းစားခန်းထဲသို့ ခေါ်လာသည်။ မိုးဟိန်းက မေသော့်ကို

စ်ချက်ပြုံးပြပြီး ထမင်းစားခန်းထဲသို့ လိုက်လာသည်။ ထမင်း

ခန်းသို့ ရောက်သောအခါ ဦးဘက်က ဘဲဥပုံသဏ္ဌာန်စားပွဲ

၏ ထိပ်တွင် နေရာယူလိုက်သည်။ မေသော်နှင့်မိုးဟိန်းတို့

မျက်နှာချင်းဆိုင် ထိုင်လိုက်ကြသည်။

မေသော်တို့ နေရာအသီးသီးတွင် ထိုင်မိကြလျှင် ခေါ်



www.burmeseclassic.com

www.burmeseclassic.com



သိန်းသည် စားပွဲပေါ် မှောက်ထားသော ပန်းကန်ပြားထဲမှ ပန်းကန်လုံးများကို လှန်ပြီး ကရားထဲမှ လက်ဖက်ရည်များအား လောင်းထည့်ပေးသည်။ ဦးဘင်္ဂက လက်ဖက်ရည်ကို ချက်ချင်း မသောက်သေးပဲ စားပွဲပေါ်ရှိ ရွှေငှက်ပျောသီးမှ ငှက်ပျောသီး တစ်လုံးကို ဖဲ့ယူစားလိုက်ပါသည်။

"မောင်မိုးဟိန်း. . ဘယ်ကလာတာလဲ၊ တစ်ကိုယ်လုံး မှာလည်း ပေကျံနေတာပဲ၊ ဘာဖြစ်လာတာလဲ"

မိုးဟိန်းသည် ဦးဘင်္ဂ၏ အမေးစကားကို ချက်ချင်း ဖြေသေးပဲ လက်ဖြင်းရှည်ကြီးတစ်ချက်ကို မှုတ်ထုတ်လိုက်၏။

"မှိုင်းလုံးတောင်ချောက်ထဲမှာ အလောင်းတစ်လောင်း တွေ့လို့ပါ. . . ဘကြီး"

"ဟင်"

မေသော်အံ့ဩသွားသည်။ ဦးဘင်္ဂ၏ မျက်လုံးများ လည်း ပြူးကျယ်သွားသည်။

"အလောင်းတစ်လောင်း. . . ဟုတ်လား"

"ဟုတ်ပါတယ်၊ စိတ္တဇဝေဒနာသည်မိန်းမကြီးဒေါ်မြ စိမ်း၊ ချောက်ထဲမှာကျပြီး သေနေတာတွေ့လို့ ရဲတွေနှင့်အတူ





ပြီး အလောင်းကို အပေါ်ရောက်အောင် ပြန်တင်ရင်း မြေ မှုန့်တွေ ပေရေသွားရတာပါ"

မိုးဟိန်းစကားကြောင့် မေသော်သည် သောက်မည့် ဆဲဆဲ လက်ဖက်ရည်ကို ပြန်ချထားလိုက်သည်။ မေသော့်မျက် နှာတွင် တုန်လှုပ်ချောက်ချားသည့်အသွင် ပေါ်သွားသည်။

"အင်း. . ဒီမိန်းမက တောထဲတောင်ထဲမှာ လျှောက် သွားနေတာကိုး၊ အခုလို တစ်နေ့နေ့တော့ ဖြစ်လိမ့်မယ်လို့အ ောင်သား၊ ချောက်ထဲကို မထိန်းနိုင်မသိမ်းနိုင် ကျပြီးသေသွား တာ ထင်ပါရဲ့ကွယ်"

ဦးဘင်္ဂက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောသည်။ ဟိန်းက မျက်နှာကို မချိုပြုံးပြုံးရင်း ခေါင်းကို ခါရမ်းပြလိုက် သသည်။

"အဲဒီလိုမဟုတ်ပါဘူး. . ဘကြီး၊ အခုကိစ္စက လူသတ် ပါ၊ တစ်စုံတစ်ဦးက ဒေါ်မြစိမ်းကို ချောက်ထဲတွန်းချတာပါ၊ ဒေါ်မြစိမ်းမှာ ရှုန်းကန်ထားလို့ ပွန်းပဲ့ဒဏ်ရာတွေ တွေ့တယ်၊ တော့ သူလိမ့်ကျတဲ့ တောင်ထိပ်မှာလည်း ခြေရာတွေ ရှုပ် နေတာပဲ၊ ဘုရားဖူးတွေရဲ့ ပြောစကားအရဆိုရင် ဒေါ်မြစိမ်း



www.burmeseclassic.com

www.burmeseclassic.com



ရဲ့ အော်သံပေါ် လာတဲ့အချိန်မှာ လူတစ်ယောက် တောင်ခြေ
အောက်ကို ဆင်းပြေးသွားတာ မြင်လိုက်ရတယ်တဲ့”

“ဟင်”

မေသော့်ရင်ထဲတွင် ကျင်ကနဲ နာသွားမိသည်။ စိတ်
ကောင်းခြင်းများစွာ ဖြစ်သွားရသည်။ ဒေါ်မြစိမ်းသည် သူ့
ကြောက်ရွံ့သော တစ်စုံတစ်ယောက်သောသူ၏ အသတ်
ခံလိုက်ရခြင်းဖြစ်မည်ဟု မေသော်တွေးလိုက်မိသည်။ မေသော်
ငေးငိုင်သွားမိ၏။

“ဒါဆို လူသတ်မှုနဲ့ အမှုဖွင့်မှာပေါ့”

“ဖွင့်မှာပေါ့. . ဘကြီးရယ်၊ လူတစ်ယောက်လုံး ရ
ရက်စက်စက် အသတ်ခံရတာပဲ”

“အင်း. . ဟုတ်ပါရဲ့ ကွယ်၊ ရက်စက်လိုက်ကြတာ”

ဦးဘဂ်၏ မျက်နှာက တည်ငြိမ်နေသည်။ မိုးဟိန်းက
ဦးဘဂ်၏ မျက်နှာကို သေချာစွာ အကဲခတ်နေသည်။

x x x



## အခန်း – ၁၂

ဒေါ်မြစိမ်းအတွက် စိတ်မကောင်းဖြစ်နေမိသည်နှင့်
အမှု ထိုမှိုင်းလုံးတောင်နေရာသို့ မေသော်သွားကြည့်ချင်သည့်
ဆန္ဒများက ပြင်းပျနေမိသည်။ သို့သော် ရုတ်တရက်တော့ အ
ခြေအနေက မပေးသေးပါ။ ထိုနေရာတစ်ဝိုက်တွင် ရဲတပ်ဖွဲ့
ဝင်များက သဲလွန်စရှာဖွေခြင်း၊ သတင်းစုံစမ်းခြင်းများ ပြုလုပ်
နေသည်ဟု သတင်းထွက်နေသည်။ ထိုနေရာသို့ မိမိသွားပြီး



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လျှင် ရဲတပ်ဖွဲ့ဝင်များက မိမိအား စစ်ဆေးမေးမြန်းမည်ကို မေသော်ကြောက်နေသည်။

ဒေါ်မြစိမ်းသေဆုံးပြီး လေးရက်မြောက်သောနေ့တွင် ထိုနေရာသို့ မေသော်ထွက်လာခဲ့သည်။ မည်သည့်အနှောက်အယှက်မျိုးမဆိုရှိနေပါစေ ရောက်အောင်သွားမည်ဟုမေသော်ဆုံးဖြတ်ချက်ချထားသည်လေ။

မေသော်သည် တောင်ပေါ်လမ်းအတိုင်း မကြောက်မရွံ့ တစ်ယောက်တည်း တက်လာမိပါသည်။ မေမေနှင့်အဆက်အစပ်ရှိမည်ဖြစ်သော ဒေါ်မြစိမ်းအသတ်ခံရသော နေရာတွင် တစ်စုံတစ်ရာ ထူးခြားမှု တွေ့နိုင်မည်ဟု မေသော်မျှော်လင့်ထားမိသည်။

လူသတ်မှုဖြစ်ပွားထားသည့်နေရာမို့ သည်နေရာတွင် လူသွားလူလာ ကင်းရှင်းနေသည်။ တစ်လမ်းလုံး မေသော်တစ်ယောက်တည်းသာ ရှိနေသည်။ သူတစ်ယောက်တည်းဆိုသော အသိကြောင့် မေသော်သည် အနည်းငယ်တော့ တုန်တုန်လှုပ်လှုပ်ဖြစ်နေမိ၏။ သို့သော် စိတ်တင်းပြီး တောင်ထိပ်သို့ရောက်





အောင် တက်လာမိသည်။ ဒေါ်မြစိမ်းအသတ်ခံရသောနေရာကို မေသော်သိပါသည်။ ထိုနေရာဝန်းကျင်သို့ မေသော်ရောက်ပါသည်။ ထိုနေရာသည် တောင်ထိပ်ကျပြီး အောက်မှလည်း ချောက်ကမ်းပါးက နက်ရှိုင်းသည်။ အပေါ်မှငုံ့ကြည့်လျှင်ပင် ကြောက်ခမန်းလိလိ။ ကျောထဲတွင် ကြက်သီးမွေးညင်းထသွားလေ၏။

မနှေးမမြန်လေး လျှောက်နေသော မေသော်သည် သူ့နောက်မှ လူတစ်ယောက် တိတ်တဆိတ်လိုက်လာသည်ကို သတိမထားမိ။ လျှောက်မြဲအတိုင်းသာ လျှောက်လှမ်းနေသည်။ မေသော့်နောက်မှ လိုက်လာသူသည် မေသော်နှင့်တစ်စထက်တစ်စ နီးလာသည်။ အနီးသို့ရောက်သောအခါ ဖြုန်းစားကြီး မေသော့်ကို နောက်မှနေ၍ သိုင်းဖက်ပြီး ပါးစပ်ပိတ်လိုက်၏။

မေသော်မွှန်ထူသွားသည်။ ထိုသိုင်းဖက်ထားသူ့လက်မှ လွတ်မြောက်အောင် ရုန်းကန်နေမိသည်။ သို့သော် အားချင်းမမျှသည်ကြောင့် ထိုသူ့လက်ထဲတွင် ယက်ကန်ယက်ကန်ဖြစ်



www.burmeseclassic.com

www.burmeseclassic.com



နေပါသည်။

ထိုသူသည် မေသော်ကို တောင်စောင်းရှိရာသို့ ဒရွတ်တိုက်ဆွဲခေါ်သွားပါသည်။ မေသော်ကို အတင်းဆွဲခေါ်ရင်း ကျယ်လောင်စွာ ရယ်မောနေသည်။ ထိတ်လန့်ခြောက်ချားခြင်းကြောင့် မေသော့်တစ်ကိုယ်လုံးသည် တဆတ်ဆတ်တုန်နေ၏။ ပါးစပ်ကို အတင်းပိတ်ထားသည်မို့ အသက်ရှူမဝအောင်ဖြစ်နေပါသည်။

တောင်စောင်းသို့ ရောက်သောအခါ ထိုသူသည် မေသော့်အား ချောက်ထဲသို့ တွန်းချလိုက်သည်။ မေသော်သည် ကိုယ်ကို ဟန်နိုင်အောင် ကြိုးစားသော်လည်း မထိန်းနိုင်တော့ပဲ ချောက်ထဲသို့ ထိုးကျသွားသည်။ ချောက်သည် နက်ရှိုင်းလှသည့် နေရာမဟုတ်သဖြင့် မေသော်သည် ဒလိမ့်ခေါက်ကွေးကျသွားသည်။ မျက်လုံးအစုံသည် မီးဝင်းဝင်းတောက်သွားသည့်နှယ်ရှိ၏။ တောင်အပေါ်ဘက်မှ အော်ဟစ်ရယ်မောနေသံကိုလည်း မေသော်ကြားနေရသည်။





တစ်နေရာသို့အရောက်တွင် ဦးခေါင်းနှင့်တစ်စုံတစ်ရာဝင်ဆောင့်မိပြီး မိုက်ကနဲ ဖြစ်သွားသည်။ အမှောင်ထုသည် သူ့အပေါ်သို့ လျှင်မြန်စွာ တိုးကပ်လာသည့်နှယ် ခံစားရသည်။ တခဏတာအတွင်းမှာပင် သူ့တစ်ကိုယ်လုံး အမှောင်ထုတွင်းသို့ စုန်းစုန်းမြုပ်သွားသည့်နှယ်ရှိပါသည်။

မေသော်သည် သူ့ကိုယ်သူ ပိန်းပိတ်အောင်မှောင်နေသော အမှောင်ထုအတွင်းသို့ တရှိန်ထိုး ကျဆင်းသွားသည့်နှယ် ထင်မှတ်နေမိသည်။ သူ့ရင်ထဲမှာ ဟာလာဟင်းလင်းဖြစ်နေသည့်နှယ် ခံစားနေရသည်။ အားပြုစရာ တစ်စုံတစ်ရာကိုရှာဖွေရင်း အမှောင်ထုထဲတွင် မျောနေသည့်ပမာဖြစ်နေသည်။

အမှောင်ထုသည် နက်ရှိုင်းလှပါသည်။ ပိန်းပိတ်လွန်းလှ၏။ ပြီးတော့ တိတ်ဆိတ်ငြိမ်သက်လွန်းလှပါသည်။ မေသော်သည် အမှောင်ထုထဲတွင် ကျဆင်းနေရာမှ အလင်းရောင်ကိုတွေ့လိုက်ရသလိုရှိသည်။ အလှမ်းဝေးဝေးမှနေ၍ ခေါ်သံသဲ့သဲ့ကို ကြားနေရသည်။ မေသော်သည် သူ့ကိုသူထိန်းလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



အမှောင်ထုထဲတွင် ကျဆင်းနေရာမှ ရုတ်တရက် ရပ်တန့်သွားသလိုရှိသည်။ အဝေးမှ ခေါ်သံသဲ့သဲ့သည် အနားမှာကပ်၍ ပေါ်လာသည်။

"အင်း . . ဟင်း . . ဟင်း"

မသော်သည် လူးလွန့်ရင်း ညည်းညူလိုက်မိသည်။

"မသော် . . သတိရပြီလား၊ ဟင် . . မသော်"

မသော့်နားထဲတွင် ခေါ်သံကို ပီပီသသ ကြားလာသည်။ စိတ်အာရုံတို့ကို စုစည်းမိသွားသည်။

"မသော် . . မသော်"

အသံကို စူးစိုက်စွာ နားထောင်ရင်း မိုးဟိန်းအသံမှန်းသိလိုက်သည်။ မသော်သည် မျက်လုံးအစုံကို အားယူ၍ဖွင့်ကြည့်လိုက်သည်။ ဝါကျင်ကျင်မီးလုံး၏ စူးရှသော အလင်းရောင်ကြောင့် မသော်သည် မျက်လုံးအစုံကို ကပျာကယာ ပြန်မှိတ်လိုက်သည်။ အတန်ကြာတော့မှ တဖြည်းဖြည်းချင်း ပြန်ဖွင့်သည်။





အစမြင်ကွင်းသည် ဝေဝါးနေသည်။ ပျောက်သွား၏။ မသော်သည် သူ့အနားတွင် ရပ်နေသော မိုးဟိန်းကို လှမ်းမြင်သွားသည်။

"ဟင် . . ကိုမိုးဟိန်း"

မသော်သည် မိုးဟိန်းကို မြင်တွေ့လိုက်ရလျှင် အံ့အားသင့်သွားပြီး ခြောက်ကပ်အက်ကွဲသော အသံဖြင့် ခေါ်လိုက်မိသည်။

"မသော် . . သတိရလာပြီနော်၊ ဝမ်းသာလိုက်တာ မသော်ရယ်၊ ဝမ်းသာလိုက်တာ"

မသော်သည် ပြုံးပြနေသော မိုးဟိန်းကို အားနည်းစွာဖြင့် ကြိုးစားပြီး ပြုံးပြလိုက်မိသည်။

"မသော် . . အခုဘယ်ရောက်နေတာလဲ ကိုမိုးဟိန်း"

မသော်က ဝန်းကျင်ကို ငဲ့ကြည့်ရင်း မေးလိုက်သည်။

"ဒါ . . ဆေးရုံပေါ်မှာ . . မသော်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"မေသော်တောင်ပေါ်က လိမ့်ကျပြီး သတိမေ့နေတာ တွေ့လို့ ဒီကို ခေါ်လာတာပါ။ မေသော်တော်တော်လေး ကံကောင်းတယ်နော်၊ ချောက်ကြီးထဲကို ကျလုဆဲဆဲမှာ ကျောက်တုံးကြီးနဲ့တိုက်မိပြီး တောင်စောင်းပေါ်မှာ တင်နေတာ၊ ကိုယ် မေသော်မေ့မျောနေတာတွေ့တော့ အတော်ကလေး စိုးရိမ်မိသွားတယ်၊ မေသော်ကလည်း ဘာဖြစ်လို့ အဲဒီဘက်ကို သွားရတာလဲ"

မေသော်က မိုးဟိန်းကို အားတင်းပြီး ပြုံးပြလိုက်၏။ မေသော့်မျက်နှာလေးသည် နွမ်းလျနေဟန်ပေါ်သည်။

"မေသော်. . ဘယ်လိုဖြစ်တာလဲ၊ အဲဒီဘက်ကို ဘာသွားလုပ်တာလဲ၊ မသေကောင်းမပျောက်ကောင်း"

"မေသော်. . ဒေါ်မြစိမ်းကျတဲ့နေရာကို ကြည့်ချင်လို့ပါ၊ အခုဟာက တောင်အောက်ကို ငုံ့ကြည့်ရင်း ချော်ကျသွားတာ"

"ချော်ကျသွားတာ၊ ကိုယ်ကတော့ မဟုတ်ဘူးလို့ထင်တယ်၊ အခုကိစ္စဟာ ဒေါ်မြစိမ်းကိစ္စနဲ့ ပတ်သက်နေလိမ့်မယ်လို့ ကိုယ်ထင်နေတယ်"

မေသော်. . မျက်မှောင်ကြုံ့သွားမိသည်။ အနားတွင်ရပ်နေသော မိုးဟိန်းကို မော့ကြည့်လိုက်မိသည်။

"ကိုမိုးဟိန်းကလည်းလေ. . မေသော် ကိုယ့်ဘာသာ သိမ့်ကျသွားပါတယ်ဆိုတဲ့စကားကို သက်မကင်းဖြစ်နေတယ်"

မိုးဟိန်းက မေသော့်ကို အားပေးဟန်ဖြင့် ပြုံးပြနေ၏။

"ဘာပဲဖြစ်ဖြစ်လေ၊ တစ်ခါတော့ မသေကောင်း မပျောက်ကောင်း လွတ်လာခဲ့ပြီ၊ ဒီအတွက် ကိုယ်ဝမ်းသာတယ်၊ ကိုယ်အဲဒီဘက်ကို လမ်းလျှောက်ထွက်လာမိတာ အခန့်သင့်ဖြစ်သွားသလိုပဲ"

မေသော်သည် ရွှန်းလက်သော မျက်လုံးအစုံဖြင့် မိုးဟိန်းကို လှမ်းကြည့်လိုက်သည်။ ထိုအကြည့်ကြောင့် မိုးဟိန်း၏ ရင်ထဲတွင် တဒိန်းဒိန်းခုန်သွားမိသည်။

မိုးဟိန်းရင်ထဲမှာ ဝမ်းနည်းဝမ်းသာဖြစ်နေသည်။ မေ




မြတ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သော်အတွက်လည်း စိတ်မကောင်းဖြစ်နေမိသည်။ ချစ်မိပြီး
တော့ ချစ်ရသူအတွက် စိုးရိမ်ပူပန်မိသော ဝေဒနာတို့ ပေါ်
ပေါက်လာရသည်။ ထိုဝေဒနာ၏ အရင်းအမြစ်သည် ချစ်ခြင်း
မေတ္တာဖြစ်ပါသည်။

မိုးဟိန်းသည် သက်ပြင်းကို လေးပင်စွာချလိုက်မိပြီး . . တုန်ရီသော လက်များဖြင့် မေသော်၏ လက်ကလေးများကို ဆုပ်ကိုင်လိုက်သည်။ မေသော့်ရင်ထဲတွင် လှုပ်ခါသွားသည်။ လှိုက်ဖိုသွားသည်။

× × ×

အခန်း – ၁၃

မေမေနှင့်ပတ်သက်သော လွမ်းဆွတ်တသစိတ်ဖြင့် ရင်မှာ လှုပ်ခါနေသည်။ မေသော် နေမထိပါ။ နေမချိပါ။ ရင်ထဲမှာ နာနေသည်။ တမြေ့မြေ့။ ဆာကျင်ကျင်။တဆွတ်ပျံ့ပျံ့

မေမေသည် အမှန်ပဲ အပုပ်နံ့ ထောင်းထောင်းထခဲ့လေသူလား။ သို့မဟုတ် မေမေနှင့်ပတ်သက်၍ တစ်စုံတစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက်ကများ သည်အပုပ်နံ့မျိုးကို ထစေခဲ့သည်လား။ ယင်း
သို့ဆိုလျှင် မည်သည့်အတွက်လဲ။ မည်သူက မှားသလဲ။

မသိ။ မသိ။ မေသော်ဘာမှမသိ။

အမှန်စင်စစ် ဖေဖေနှင့်ဘိုးဘိုးသည် အတွင်းကျကျ အကြောင်းချင်းရာများကို ပြောပြသင့်သည်။ ယခုတော့ မေ မေ့အပေါ် နာကျည်းစိတ်ဖြင့် ထိုအကြောင်းအရာများကို မေ သော့်အား သိခွင့်မပေးပဲ သိုဝှက်ဖုံးကွယ်ထားခဲ့ကြလေသည်

ခုတော့ မေသော့်မှာ ခက်နေပြီ။

ဖေဖေ့ကို လွမ်းပါသည်။

နေ့စဉ်နှင့်အမျှ လွမ်းဆွတ်တသစိတ်က ပေါ်နေခဲ့ သည်။ သို့သော် ထိုစိတ်ကို မေမေနှင့်ပတ်သက်၍ နာကျင်စိတ် က လွှမ်းမိုးနေဟန်ရှိပါသည်။ ထိုနာကျင်စိတ်က အတွေး သိတို့ကို အခါမလပ် စိုးမိုးနေသည့်နှယ်ရှိပါသည်။

မေသော့်အနေနဲ့ မေမေ့အပေါ် တင်ခဲ့သော ဘဝ ကြွေးတို့ကို ရှင်းလိုက်ချင်ပါဘိ။ မေမေ့ဘဝတွင် အမဲကွက် ထင်းစေခဲ့သည်တို့ကို ဆေးကြောလိုက်ချင်ပါဘိသည်။





သို့သော် . . . မလွယ်ပါ။

သည်အရေးက စေ့စေ့တွေးလေ မလွယ်လေပါ။

မေမေ၏ အကျည်းတန်ပုံပြင်ကို မိမိအနေနဲ့ ကြားဖူး နားဝရှိခဲ့ပါသည်။ ထိုအကြောင်းအရာနှင့် ပတ်သက်၍ ရှင်း လင်းနိုင်ရန် လျှောက်လဲနိုင်ရန် ထုချေနိုင်ရန် တစ်စုံတစ်ရာမျှ သော အထောက်အထားကိုမျှ မရခဲ့ပါ။

ရင်မောရပါသည်။

မေသော့်ရင်ထဲမှာ မောလျှနေပါသည်။ ပင်ပန်းနေရ ပါသည်။

သည်အကြောင်းအရာတို့ကို မေ့ပျောက်ထားနိုင်လျှင် လည်း အကောင်းလေသား။ ယခုတော့ မိမိအနေနဲ့ မေမေနှင့် စပ်လျဉ်း၍ အလေးအနက်ထားနေမိလွန်းပြီ။ ထိုအတွက် ဖြေ ရှင်းလိုစိတ်က ထက်သန်နေလွန်းပြီ။

မေမေသည် စိတ်ဓာတ်အရာတွင် အောက်တန်းကျသူ ဖြစ်မည်ဟု မေသော်မထင်ပါ။ ဖေဖေ့ကိုစွန့်၍ ရင်ခွင်သစ်ကို ခိုဝင်ရနိုင်လောက်အောင် ယုတ်ညံ့သူဟုလည်း မထင်ရက်ပါ။



www.burmeseclassic.com

www.burmeseclassic.com

မထင်ရက်ပါပြီ။

ဘဝင်မကျနိုင်လွန်းသောအခါ ရင်မောရ၍ သောက ထုကြွယ်ရပါသည်။ နှလုံးသည်းပွတ်တို့က ဆတ်ဆတ်ခါ၍ နာ ကျင်ရပါသည်။

ဩော်. . . မမေရယ်။

မျက်ရည်များဝေ့နေသော မျက်လုံးအစုံဖြင့် မေသော် သည် ပြတင်းမှနေ၍ အပြင်ဘက်သို့ ငေးမိသည်။ အပြင်ဘက် တွင် နေရောင်ခြည်တောက်ပပူနွေးစွာ ကျရောက်နေသည်။ စိမ်းသောတော၊ ပြာမှောင်သော တောင်တို့ကို ထင်လင်းစွာ အလင်းရောင်ပေးလျက်ရှိသည်။

ဟိုး. . ဝေးဝေးရှိ တောင်ပြာလှိုင်းတို့တွင် နှင်းမှုန်မြူ တို့ ဝေ့နေ၏။ ထိုမြူတို့ကြောင့် တောင်ပြာလှိုင်းသည် ပြာမှိုင်း မှုန်ဝေနေပါသည်။ လွမ်းဆွတ်စဖွယ်ကောင်းနေပါသည်။

မေသော်သည် သက်ပြင်းရှည်ကြီး ချမိသွားပါသည်။

ဩော်. . လောကသည် ကျယ်ဝန်းလွတ်လပ်လှပါလား။ တင့် တယ်လှပါလား။ မိမိဘဝမှာမူ ကျဉ်းကြပ်လှသည်နှင့်အမျှ အ





ကျည်းတန်လွန်းလှပါလား။

မေသော် ပြတင်းဝမှ ခွာလိုက်သည်။ လေးလံသော ခြေလှမ်းနှင့်အခန်းထဲမှ ထွက်ခဲ့သည်။ ဖြည်းညှင်းစွာလျှောက် ခဲ့သည်။

မေသော်၏ အတွေးစိတ်တို့သည် ဆူဝေနေလျက်ရှိ ၏။ ထိုအတွေးတို့သည် မဆုံးနိုင်။ မပြတ်နိုင်။ အတွေးစရှည် သည်။

မေသော် မျက်တောင်တဖျတ်ဖျတ် ခတ်လိုက်၏။ ကျ လုဆဲဆဲ မျက်ရည်တို့ကို ထိန်းသိမ်းလိုက်၏။ ကြေကွဲလွမ်းဆွတ် သောစိတ်ကို ထိန်းသိမ်း၍ ဆုံးမ၏။ ကွပ်ညှပ်၏။ ပဲ့ပြင်၏။

သို့သော်. . . မလွယ်လှပါ။

နှလုံးသည်းပွတ်မှ အရာထင်နေသည်ကို အလွယ်တ ကူ ဖြေရှင်း၍မရနိုင်ပါ။ ဖယ်ရှား၍ မရနိုင်ပါ။ ဒါကို မေသော် သဘောပေါက်မိပါသည်။ နားလည်မိပါသည်။ မိမိဘာသာမိမိ ခံခဲ့ရမည်သို့ ရှိပါသည်။

နှလုံးသား၏ ဆန္ဒကို တားဆီး၍မရ။ မည်သည့်အာ



www.burmeseclassic.com

www.burmeseclassic.com



ဏာ၊ မည်သည့်လက်နက်နှင့်မျှ တားဆီး၍မရ။ လက်နက်ပြ
လျှင် လူကသာငြိမ်နေမည်။ နှလုံးသားတို့က မငြိမ်။ လှုပ်နေ
မည်။ ခါနေမည်။ ခံစားနေရမည်က အမှန်ပဲဖြစ်ပါသည်။

အာဏာနှင့်တားလျှင်ကော။ ပိတ်ပင်လျှင်ကော ငြိမ်
နေပါမည်။ အင်း. . လူကတော့ ငြိမ်နေပါမည်။ သို့သော် နှ
လုံးသားတို့က်မှုကား ငြင်းဆန်နေမည်ဖြစ်၏။

မေသော်၏ ခြေလှမ်းအစုံ စာကြည့်ခန်းဆီသို့ ဦးတည်
လိုက်ပါသည်။ ထိုစာကြည့်ခန်းတွင် သူ့အလုပ်ခန်းရှိသည်။
ပြီးဆုံးနိုင်အောင် အချိန်ဆွဲလုပ်နေသော အလုပ်ခန်းရှိသည်။

စာကြည့်ခန်းအနားသို့အရောက်တွင် မေသော်၏ ခြေ
လှမ်းအစုံ အလိုလိုရပ်သွားသည်။ အတွေးစတို့ တိကနဲပြတ်
သွားသည်။ မရည်ရွယ်ပါပဲလျက် စာကြည့်ခန်းအတွင်းဘက်မှ
ပျံ့လွင့်လာသော စကားသံကို နားစွင့်မိသွားသည်။

အသံက မိန်းမတစ်ယောက်နဲ့ယောက်ျားတစ်ယောက်
တို့ စကားပြောနေသံပါ။ ယောက်ျားသံကို မေသော်နှင့်ရင်းနှီး
ဖူးပြီး ကျွမ်းဝင်ဖူးပြီးထင်သည်။ ထိုအသံသည် ဦးဘက်၏အသံ





ပဲဖြစ်မည်။

မိန်းမအသံကမူ. . .။

ဟုတ်ပါရဲ့။ ထိုမိန်းမအသံက မေသော့်နားထဲမှာ စိမ်း
နေသည်။ သည်အသံကို ကြားဖူးခြင်းမရှိပါ။ သည်အသံကို
မသိဘူး၊ မကြားဘူး၊ မကျွမ်းဝင်၊ မပတ်သက်ခဲ့ဖူးပါ။

ခြေလှမ်းတုန့်ကနဲရပ်သွားရာမှ မေသော်တံခါးပေါက်
အနီးသို့ တိုးကပ်လိုက်သည်။ မိန်းမ၏ ညုသံ၊ ခရာသံ၊ တာသံ
လီသံတို့ကု အတိုင်းသားကြားလိုက်ရတော့သည်။

"ကိုကိုကလည်း ရှယ်လီ့အပေါ် သိပ်စိမ်းတာပဲ၊ ဘာ
လဲ. . ကိုကိုက ရှယ်လီ့ကို မတူဘူး၊ မတန်ဘူးထင်လို့လား"

"ဟာ. . မထင်ပါဘူး ရှယ်လီ"

"ဒါနဲ့များ ဘာပြုလို့ ရှယ်လီ့ကို ရှောင်ဖယ်ရှောင်ဖယ်
လုပ်နေတာလဲ"

"ကိုယ်မရှောင်ရပါလား. . ရှယ်လီ"

"မရှောင်ဘူး. . ဟုတ်လား၊ ရှယ်လီလာတိုင်း မအား
တာနဲ့၊ အလုပ်များနေတာနဲ့၊ စကားပြောချိန်တောင် ကောင်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမရှိဘူးမဟုတ်လားဟင်၊ ရှယ်လီသိပါတယ်”

“မဟုတ်တာပဲ. . ရှယ်လီရယ်”

“မဟုတ်တာပဲလုပ်မနေပါနဲ့၊ ဟုတ်ပါတယ်”

“ခက်ပါလား. . ရှယ်လီ”

“မခက်ပါဘူး၊ ခက်တာက ကိုကိုပါ”

“အင်း. . ကိုယ် ရှယ်လီ့ကို ဘာပြောရမှန်းမသိတော့ပါဘူး၊ ဘာမှလည်း ပြောဖို့ဖြစ်တော့မှာ မဟုတ်တော့ပါဘူး”

မေသော် နေရာမှခွာလိုက်သည်။ ဆက်နားမထောင်သင့်တော့ဟုလည်း အထင်ရောက်မိသွားသည်။ ဦးဘဂ်နှင့်[illegible] ကားပြောနေသူသည် မည်သူမှန်းတော့ မေသော်မသိပါ။ [illegible] သော် ထိုမိန်းမ၏ ညုလုံးတို့ကို နားထောင်ရသည်မှာ ရင်[illegible] တစ်မျိုးကြီးဖြစ်နေသည်။

မေသော်သည် စာကြည့်ခန်းတံခါးပေါက်အနီးမှ [illegible] ပြီး နောက်ဖေးခန်းဘက်သို့ လှည့်ထွက်ခဲ့သည်။ စိတ်တွင် ရှ[illegible] ရှယ်ချက်တစ်စုံတစ်ရာမရှိပါ။ အပျင်းပြေသဘောမျှသာဖြစ်[illegible]

မေသော်သည် အိမ်နောက်ဖေး မီးဖိုဆောင်တွင် ဒေါ်[illegible]





သိန်းကို တွေ့လိုက်ရသည်။ ဒေါ်သိန်းက တစ်စုံတစ်ရာကိုချက်ပြုတ်နေရာမှ ဝင်လာသော မေသော့်ကို အကဲခတ်ဟန်တစ်ချက် လှမ်းကြည့်လိုက်သည်။

“ဘာတွေကြားခဲ့သလဲ. . ကလေးမ”

“ရှင်. . . ဒေါ်ဒေါ်”

မေသော်က ဒေါ်သိန်း၏ ဆိုလိုချက်ကို သဘောမပေါက်ပဲ ငေးကြောင်ကြောင်လေးကြည့်ရင်း မေးလိုက်သည်။

“ဩော်. . စာကြည့်ခန်းထဲက အသံတွေကြားသလားလို့ပါ”

“ဩော်. . ဟုတ်ကဲ့၊ အဲဒါ ဘယ်သူလဲဟင်”

“ပီတာ့အမေပေါ့”

“ရှင်”

မေသော်အံ့အားသင့်သွားသည်။ ဒေါ်သိန်းက မျက်နှာကို ရှုံ့မဲ့လိုက်လေသည်။

“ပီတာရဲ့ အမေလေ၊ အစ်ကိုကြီးကို လာပိုးနေတာပေါ့ဟင်း. . ဟင်း၊ ကာလပြောင်းပြန်ဆိုတာ ဒါမျိုးပဲနဲ့တူတယ်”



www.burmeseclassic.com

www.burmeseclassic.com



"သူတို့ချင်း ပြောဆိုနေတာက တစ်မျိုးပဲနော်. . . .ဒေါ်ဒေါ်"

"ဘယ်လိုတစ်မျိုးလဲကွယ့်"

"ဪ. . မိန်းမသံက ညုနေသလိုပဲ"

"ဟား. . ဟား. . ဟား. . ဟား. . "

ဒေါ်သိန်းသည် မေသော်၏ အပြောကို သဘောကျသွားဟန်ဖြင့် ခပ်ကျယ်ကျယ်လေး ရယ်လိုက်လေသည်။ မေသော်က ဒေါ်သိန်းကို ပြုံးကြောင်ကြောင်လေး ကြည့်လိုက်လေ၏။

"ဒီလိုပဲကွယ့်၊ တို့များကတော့ ရိုးနေပါပြီ၊ ဒီမိန်းမဟာ အခုလိုပဲ အစ်ကိုကြီးဆီကို မကြာခဏလာနေကျ၊ အေးကွယ် ဒါတွေဟာ တကယ်တော့ တို့အရေးမဟုတ်ပါဘူး"

ဒေါ်သိန်းက စကားကို ပိတ်ပြောလိုက်လေသည်။ မေသော်တစ်စုံတစ်ရာ ဆက်မပြောတော့ပဲ အတွေးနက်နေမိလေတော့သည်။

× × ×



## အခန်း - ၁၄

"မေသော်လား"

"ဟုတ်ပါတယ်"

"ခဏလောက် လမ်းလျှောက်ထွက်ခဲ့စမ်းပါ"

"ရှင်. . ဘာကိုဆိုလိုတာလဲ"

"အထက်တန်းကျောင်း အရှေ့ဘက်က စိန်ပန်းပင်အောက်မှာ စောင့်နေမယ်၊ ဖုန်းထဲကပြောလို့မဖြစ်တဲ့ ကိစ္စ



www.burmeseclassic.com

www.burmeseclassic.com



ဆက်ဆက်လာပါ”

“အိုး. . ဖုန်းထဲကပဲ ပြောလိုက်ပါလားရှင်၊ ကျွန်မအ လုပ်နည်းနည်းရှိနေလို့ပါ”

“မင်းအလုပ်က မင်းအမေထက် အရေးကြီးနေလို့လား ဒါဖြင့်ရင်လည်း ကောင်းပြီလေ”

“နေပါဦးရှင်၊ နေပါဦး၊ ကျွန်မဘယ်တော့လာရမှာလဲ”

“အခုချက်ချင်း ထွက်ခဲ့ပေါ့၊ ဆယ့်ငါးမိနစ်လောက် လမ်းလျှောက်ရင် ရောက်တာပဲဟာ”

“ထူးထူးခြားခြား ဘာပြောစရာရှိနေလို့လဲ”

“ဟုတ်တယ်၊ ဖုန်းထဲကပြောရတာ စိတ်မချရဘူး၊ အခြေအနေက သိပ်ကောင်းတာမဟုတ်ဘူး”

“ကောင်းပြီလေ၊ ကျွန်မလာခဲ့ပါ့မယ်”

“ဆက်ဆက်နော်၊ စောင့်နေမယ်. . ဟုတ်လား”

တစ်ဖက်မှ စကားပြောခွက်ကို ချသွားသည်။ မေသော်ကလည်း စကားပြောခွက်ကို ချလိုက်လေသည်။

မေသော့်စိတ်ထဲမှာ မကျေမချမ်းဖြစ်နေမိသည်။ ဒေါ်





ဖွနေမိသည်။ တစ်ဖက်လူက မိမိကို တစ်ချိန်းထဲချိန်းနေသည်။ မေမေ့ကို အနိုင်ကိုင်ပြီး ခြိမ်းခြောက်နေသည်။ မိမိအနေနှင့် သည်အတိုင်းငြိမ်ခံနေရမည်လား။ လောလောဆယ်မှာ မည်သို့ပြုရမည်မှန်း မေသော်မသိသေးပါ။ မေမေ့အတွက် စိုးရိမ်နေမိသည်ကား အမှန်ပဲဖြစ်ပါ၏။

မိမိအနေနဲ့ တင်းတင်းမာမာ ဆက်ဆံလိုက်လျှင် မေမေဒုက္ခရောက်ရမည်ကို စိုးရိမ်နေမိသည်။ မေမေသည် ဖေဖေနှင့်မိမိအပေါ် မည်မျှပဲ မကောင်းဘူးထား၊ မွေးကျေးဇူးကရှိနေသည်။ ထိုကျေးဇူးကိုတော့ မေသော်ဆပ်ချင်နေမိသည်။

မေသော် ဖုန်းဘေးမှခွာသည်။ ဧည့်ခန်းမှထွက်ပြီး အပေါ်ထပ်သို့ တက်ခဲ့လေသည်။ အပေါ်ထပ်ရှိ သူ့အတွက်ပေးထားသော အခန်းသို့ရောက်သောအခါ မှန်နံ့သာ,သလိုက်ပြီး ပိုက်ဆံအိတ်ကလေး ချိုင်းကြားညှပ်၍ အောက်သို့ဆင်းခဲ့ပြန်လေသည်။

လှေကားအကျယ်ကြီးအတိုင်း ဆင်းခဲ့၍ အောက်သို့အရောက်တွင် ဧည့်ခန်းမှာ ပီတာနှင့်ဆုံမိသည်။ ထိုသို့ဆုံမိခြင်း



www.burmeseclassic.com

www.burmeseclassic.com



အတွက် မေသော့်မျက်နှာတွင် စိတ်ပျက်လက်ပျက် ဖြစ်သွား ဟန်တို့ အထင်းသားပေါ်လွင်လေ၏။

သို့သော် မတတ်နိုင်ပါ။ သည်လမ်းက မသွား၍ ဖြစ် သည်လည်းမဟုတ်ပါ။ မေသော် မျက်နှာထားတည်တည်ဖြင့် ဧည့်ခန်းသို့ဆင်းခဲ့သည်။

“ဘယ်သွားမလို့လဲ . . မေသော်”

ဧည့်ခန်းသို့ အရောက်တွင် ပီတာက ဆီးကြိုနှုတ်ဆက် လိုက်သည်။

“ဒီနားတင်ပါ။ အသိတစ်ယောက်နဲ့ တွေ့စရာရှိလို့”

“ကိုယ်လိုက်ပို့ပေးမယ်လေ”

မေသော့်ခြေလှမ်းများ တုန့်သွားသည်။ ဒေါသစိတ်က ဝုန်းကနဲထလာသည်။

“ကျွန်မသွားမယ့်နေရာကို ရှင်လိုက်ပို့ပေးမယ်ဆိုရင် ကျွန်မအတွက် ဘယ်လောက်အနှောက်အယှက်ဖြစ်သွားမယ် ထင်သလဲ . . ကိုပီတာ၊ ဒူးနေရာဒူး၊ တော်နေရာတော်ဆိုတဲ့ စကားရှိသွားပဲရှင်၊ ကိုယ့်နေရာနှင့်ကိုယ်၊ ကိုယ့်လွတ်လပ်ခွင့်





နဲ့ကိုယ်ပေါ့”

ပီတာသည် မေသော်၏စကားကို နာကျင်စရာဟု မ မှတ်ယူပဲ ပြုံးဖြီးဖြီးနှင့်အနားသို့ကပ်လာသည်။ မေသော်ကမူ မျက်နှာထားကို တင်းတင်းထားပြီး တည်ကြည်တင်းမာသော မျက်လုံးအစုံဖြင့် ပီတာကို ကြည့်နေမိသည်။

“ကိုယ်က စေတနာနဲ့ မေးတာပါ . . မေသော်၊ တစ်နေ့ ကလို ဖြစ်နေမှာစိုးလို့ပါ”

“ကျေးဇူးတင်ပါတယ် . . ကိုပီတာ၊ ကျွန်မအန္တရာယ်ရှိ တဲ့ဘက်ကို မသွားတော့ပါဘူး၊ ခုဟာက မြို့ထဲကိုသွားမှာပါ၊ ရှင်လိုက်ပို့မယ်ဆိုတာဟာ ကျွန်မကို ကူညီရာမရောက်ပဲနှင့် နှောက်ယှက်ရာသာ ရောက်ပါလိမ့်မယ်”

“ကောင်းပါပြီဗျာ၊ ဒီလိုဆိုရင်ဖြင့်လည်း ကျွန်တော်မ နှောက်ယှက်တော့ပါဘူး၊ မေသော်ရဲ့လမ်းကို မေသော့်ဘာသာ သွားပါ”

မေသော်သည် ပီတာ့ကို ချေပပြောဆိုခြင်းမပြုတော့ ပဲ ဧည့်ခန်းမှနေ၍ တံခါးပေါက်ရှိရာသို့ လျှောက်လာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သုတ်သုတ်သွက်သွက်နိုင်လှသော ခြေလှမ်းတို့ဖြင့် အိမ်ထဲ လှမ်းထွက်လိုက်လေသည်။

အပြင်ဘက်ရှိ နေခြည်သည် ရွှေရည်ဝင်းနေသည် သစ်ပင်ပန်းမာလ်အလုံးစုံတို့အပေါ် ရွှေရည်တို့ ကြဲဖြန့်ကျဆင်း နေသည်။ လောကကြီးကို အလှဆင်နေချေပြီ။

မေသော်သည် မေတ္တာစံအိမ်ခြံဝင်းကြီးထဲမှနေ သုတ် တီးသုတ်ပျာ ထွက်သွားသည်။ မေသော့်စိတ်ထဲတွင် မကြည် လင်ပါ။ တောင်ပေါ်မှ လိမ့်ကျထားသော ဒဏ်ရာကလည် အကင်းမသေချင်သေးပဲရှိသည်။

ယခုလို သုတ်သုတ်သွက်သွက်လျှောက်ပြီဆိုသည်နှ ထိုဒဏ်ရာက နာလာသည်။ ကျဉ်လာသည်။

ထိုအခါမျိုးတွင် မေသော်သည် စိတ်အားငယ်စွာဖြ နေရာတွင်သာ ထိုင်ချလိုက်ချင်မိသည်။ မျက်ရည်လည်ရွဲ အော်ဟစ်ငိုယိုလိုက်ချင်မိသည်။

သို့ပေမယ့် တကယ်တမ်းကျလျှင်မလွယ်။ လူမှုရေး ရှိနေသည်။ သင့်မသင့်၊ တော်မတော်ဆိုသည့် စည်းကမ်းကာ





ားက ရှိနေသေးသည်။

မေသော် ငိုချင်ရှိုက်ချင်လာမိသော်လည်း မငိုဖြစ်ပါ။ ိန်းထားရာသို့ရောက်ရန် သုတ်ခြေတင်နေမိသည်။ နေပူက ကျဲကျဲတောက် ပူနေသည်မဟုတ်ပါ။ သို့သော် အနည်းငယ် လျှောက်မိရုံမျှဖြင့် ချွေးစို့လာမိသည်။ မောလာမိသည်။

နေအိမ်နှင့်အထက်တန်းကျောင်းသည် စင်စစ်နီးစပ် သည်မဟုတ်ပါ။ ခရီးက ဝေးပါသည်။ အတန်လှမ်းပါသည်။ င်းသို့ကြောင့် မေသော်သုတ်သုတ်လျှောက်နေမိခြင်းဖြစ်ပါ သည်။

ခပ်သုတ်သုတ်လျှောက်နေမိသော မေသော်သည်သာ နောက်လှည့်ကြည့်လိုက်မိမည်ဆိုက သူ့ခြေလှမ်းကို ရုတ်သိမ်း မိမည်ထင်သည်။

သူနှင့်နောက်ပါး မလှမ်းမကမ်းတွင် ပီတာပါလာ၏။ ိုးလျှိုးကွယ်လျှိုးနဲ့ မေသော်နောက်သို့ လိုက်လာသည်။ မေ သော်ကမူ ပီတာလိုက်လာသည်ကို မလျှဉ်းမသိ။ သူ့လမ်းကို သူလျှောက်နေမိသည်။ တစ်စတစ်စ ကလောဘူတာရုံနဲ့ နီးလာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထိုမှ အထက်တန်းကျောင်းဘက်သို့ ဖြတ်မည်ဟု မေ သော်စိတ်ကူးမိသည်။

ဘူတာရုံတွင် ရထားဆိုက်ချိန်မို့ လူသူထူထပ်စည်ကား နေသည်။ ထို့ကြောင့် နောက်လှည့်ကြည့်လိုက်မိသော မေသော် သည် လူအုပ်ကြားမှ ပီတာ့ကို မမြင်လိုက်မိခြင်းဖြစ်သည်။

ဘူတာရုံသို့ အရောက်တွင် ခြေလှမ်းနှေးသွားသော မေသော်သည် ဘူတာရုံကျော်သည်နှင့် သုတ်သုတ်သွက်သွ လျှောက်ခဲ့သည်။

အထက်တန်းကျောင်းအရှေ့ဘက် စိန်ပန်းပြာပင် အလွယ်တကူပင် တွေ့ရသည်။ ထိုစိန်ပန်းပြာပင်အောက်တွ မေသော်ရပ်လိုက်သည်။ ထိုအချိန်မှာပင် သူနှင့်မလှမ်းမကမ်း သို့ ပီတာရောက်လာသည်။

မေသော်က ပီတာ့ကိုမမြင်။ သူ့မျက်လုံးအစုံသည် ခ လှမ်းလှမ်းမှ မောင်းလာသော ကားလေးဆီသို့ ရောက်နေ သည်။ ဖုန်းဆက်ချိန်းသူ၏ ကားများဖြစ်နေမလားဟု မျှေ လင့်နေမိ၏။





ပီတာသည် မေသော်နှင့်အလွန်နီးကပ်စွာ ရှိနေသည်။ မေသော်ကြည့်နေရာကို လိုက်ကြည့်ရင်း ပီတာ၏ မျက်နှာတွင် သရော်ပြုံးလေးပေါ်လာသည်။

ကားနက်ကလေးသည် အစတွင် ဘီးလှိမ့်ရုံမောင်းလာ ၏။ မေသော်ရပ်နေရာ မလှမ်းမကမ်းသို့ရောက်သောအခါ အ မြန်မြင့်ပြီး မောင်းထွက်သွားသည်။ မေသော်က လက်ပြလိုက် သော်လည်း တုန့်ရပ်ခြင်းမပြုတော့ချေ။

မေသော် အံကလေးကြိတ်လိုက်မိသည်။ မိမိက မော ကြီးပန်းကြီးလာပါလျက် သည့်နှယ်ပြုရပါမည်လားဟု ဒေါပွ သွားမိသည်။ မေသော်. . စိန်ပန်းပင်အောက်မှ ချာကနဲလှည့် လိုက်သည်။

“ဟင်. . ကိုပီတာ”

“ဟုတ်ပါတယ်. . မေသော်၊ ကျွန်တော်ပါ”

“ရှင်. . ဒါဘာလုပ်တာလဲဟင်၊ မေသော့်နောက်ကို သတ်သက်အနှောက်အယှက်ပေးရအောင် လိုက်လာတယ်ပေါ့ ဟုတ်လား”



www.burmeseclassic.com

www.burmeseclassic.com



ပီတာက ဒေါသဖြစ်သွားသော မေသော်ကို မျက်နှာချိုသွေးဟန် ကြည့်လိုက်သည်။ မေသော်ကမူ မီးထွက်မတတ်သော မျက်လုံးအစုံဖြင့် ပီတာ့ကိုကြည့်နေသည်။

"ရှင့်ကို ကျွန်မပြောခဲ့တယ်မဟုတ်လား၊ ဘယ့်နှယ်ကြောင့် ရှင်မိန်းမလို၊ မိန်းမရ လျှောက်လိုက်နေတာလဲဟင်"

ပီတာ၏ မျက်နှာတွင် အပြုံးတစ်ရပ်ပေါ်လာသည်။ လှောင်ပြောင်သရော်လိုသောဟန်ဖြင့် နှုတ်ခမ်းဒေါင့်ကွေးဝိုက်သွားရုံ ပြုံးလိုက်သည်။

"မေသော်. . ဘာလာလုပ်တယ်ဆိုတာ ကိုယ်သိပါတယ်. . မေသော်၊ သဘောပေါက်ပါပြီ၊ ကိုယ့်ကိုတော့ ဒါမျိုးတွေ စိတ်မဝင်စားသေးပါဘူးဆိုပြီး ခုတော့ မေသော့်အဆက်နဲ့ ချိန်းတွေ့တယ်ပေါ့. . . ဟုတ်လား၊ ဟိုကလည်း ကိုယ့်အနားမှာရှိနေတော့ မခေါ်ပဲထွက်သွားတာကို သိပ်ဒေါသဖြစ်နေတာပေါ့. . ဟုတ်လား"

"ရှင်. . ဘာတွေပြောနေတာလဲ. . ကိုပီတာ၊ ရှင်. . ကျွန်မကို ဘယ်လိုမိန်းမစားမျိုး အောက်မေ့လို့လဲ. . ဟင်"





"ကိုယ်ကတော့ မင်းကို မျက်နှာများတဲ့ မိန်းမတစ်ယောက်လို့ပဲ မြင်တယ်၊ ဒီထက်ပိုပြီး ထူးထူးခြားခြား မမြင်ပါဘူး"

ပီတာ၏စကားက မေသော့်ကို ဆတ်ဆတ်ခါ နာသွားစေပါသည်။

"ရှင့်စကားကို ပြန်ရုပ်သိမ်းပါ. . ပီတာ"

"ဟဲ. . ဟဲ. . ဟဲ"

"ကျွန်မပြောနေပါတယ်. . ကိုပီတာ"

"ဟဲ. . ဟဲ. . ဟဲ"

"ဘာလဲ၊ ရှင်က ကျွန်မကို သက်သက်အရှက်ခွဲနေတာလား၊ အနိုင်ယူနေတာလား"

"ဟဲ. . ဟဲ. . ဟဲ"

မေသော်သည် ပီတာ့အနီးသို့ ဆတ်ကနဲတိုးကပ်လိုက်ပြီး မေသော်၏ လက်တစ်ဖက် လေထဲသို့ဝဲ၍ မြောက်တက်သွားသည်။ သို့သော် မေသော်၏လက်သည် ပီတာ၏ ပါးပြင်ဆီသို့ မကျပါ။ ပီတာ၏ လက်ဖြင့် ဆုပ်ကိုင်ခြင်းခံလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



လေသည်။

“ပီတာကို ဒီလိုမစမ်းပါနဲ့. . မေသော်ရယ်၊ တော်ကြာ ကိုယ်ဒေါသဖြစ်လာရင် မေသော်ရဲ့ ပါးမို့မို့လေးတွေကို တအား နမ်းလိုက်မိမယ်နော်”

မေသော့်တစ်ကိုယ်လုံး ဒေါသကြောင့် တဆတ်ဆတ် တုန်သွားသည်။ ပီတာဆုပ်ကိုင်ထားသော လက်ကို ဆောင့် ရုန်း၍ စိန်ပန်းပြာပင်အောက်မှ ချာကနဲလှည့်ထွက်သွားလေ တော့သည်။

ပီတာကမူ ဟားတိုက်ရယ်ရင်း ကျန်ရစ်ခဲ့၏။

× × ×

## အခန်း – ၁၅

မေသော် ဧည့်ခန်းထဲသို့ ဝင်လိုက်သည်နှင့် တယ်လီ ဖုန်းစကားပြောနေသော ဦးအတွမ်က မေသော့်ကို လှမ်းခေါ် လိုက်သည်။

“ဘယ်ကဖုန်းလဲ. . ဦးအတွမ်”

မေသော်က သိလျက်နဲ့ ဦးအတွမ်ကို မေးလိုက်သည်။

“မသိဘူးကွယ့်၊ မေသော့်ကို ခေါ်ပေးပါလို့ပဲ ပြောရဲ့



www.burmeseclassic.com

www.burmeseclassic.com



တာပဲ၊ ဆက်နေတာ သုံးခါလောက်ရှိပြီ"

မေသော်က ဦးအတွမ်လက်ထဲမှ ဖုန်းခွက်ကို လှမ်းယူလိုက်ပြီး ထူးသံပြုလိုက်သည်။

"မေသော်လား"

"ဟုတ်ပါတယ်. . မေသော်ပါ"

"မင်း. . ဘယ်လိုလုပ်လိုက်တာလဲ၊ ဘာပြုလို့ အဖော်ခေါ်လာရတာလဲ"

မေသော်သည် စကားပြောခွက်ကိုင်ထားရင်းမှ ဦးအတွမ်၏ အရိပ်အကဲကို လှမ်းကြည့်လိုက်သည်။ ဦးအတွမ်ရှိမနေတော့။ နောက်ဖေးဘက်ဝင်သွားပြီထင်သည်။

"ကျွန်မအဖော်ခေါ်မလာပါဘူး၊ ရှင်သာ ကျွန်မကိုတွေ့လျက်နဲ့ ကားမရပ်ပဲ မောင်းထွက်သွားတာမဟုတ်လား"

"ကား. . ဟုတ်လား၊ ဘာကားလဲ"

"ရှင့်ကားနဲ့ လာတာမဟုတ်ဘူးလား"

"သြော်. . ဟား. . ဟား၊ မင်းက ဖြတ်သွားတဲ့ကားကိုပြောနေတာလား၊ အဲဒါ ငါနဲ့ ဘာမှမဆိုင်ဘူး၊ ငါက မင်းနှင့်မလှမ်းမကမ်းမှာ ရှိနေတာပဲ၊ မင်းနဲ့ မင်းနောက်က အမျိုးသားတို့ အချီအချပြောနေတာကို လှမ်းမြင်နေတာပဲ"

"အဲဒါ ကျွန်မကို လိုက်နှောင့်ယှက်နေတာရှင့်၊ အလကား. . ကျွန်မမှာ ဖတ်ဖတ်ကိုမောလို့"

"ကဲ. . မောမနေနဲ့၊ ဖြစ်လာမှ ဘာတတ်နိုင်ဦးမှာလဲ၊ ဒီမှာ မင်းကို ဖုန်းထဲကပဲ ပြောတော့မယ်၊ မင်းအတွက် မနက်ဖြန်ဟာ နောက်ဆုံးနေ့ပဲ"

"ရှင်"

"မရှင်နဲ့၊ မနက်ဖြန် မနက်စောစော အိမ်ရှေ့က ပန်းခြံထဲကို မြေပုံစာရွက်ပစ်ထည့်ထားလိုက်၊ ဟုတ်ပြီလား"

"နေပါဦး၊ ကျွန်မ. . ကျွန်မ. . ."

"မကျွန်မနဲ့၊ ဒါ. . နောက်ဆုံးပဲ၊ မင်းဘက်က မလိုက်လျောရင်တော့ မင်းအမေကို တို့တစ်ခုခုလုပ်ရလိမ့်မယ်"

"ခက်ပါလားရှင်၊ ရှင်တို့ဟာ သိပ်တဖွတ်ထိုးနိုင်တာပဲကိုး"

"နိုင်ရမယ်လေ၊ အရေးကကြီးလာပြီကိုး၊ ဒါပဲနော်.







www.burmeseclassic.com

www.burmeseclassic.com



မနက်အာရုဏ်မတက်ခင်. . ဟုတ်လား၊ စိတ်ချနေမယ်”

တစ်ဖက်မှ စကားပြောခွက်ကို ချသွားသည်။ မေသော့ရင်မှာ မောကျန်ရစ်ခဲ့၏။

မေသော်ဖုန်းခွက်ကို မချသေးပဲ ငိုင်နေမိစဉ်၌ နောက်နားမှ ခြေသံကြားလိုက်ရသလို ရှိသည်။ မေသော်သည် ဖုန်းခွက်ကိုချပြီး ကပျာကယာ လှည့်ကြည့်လိုက်သည်။

မည်သူမှ ရှိမနေပါ။ မည်သူတစ်စုံတစ်ယောက်ကိုမှ မတွေ့ရပါ။ မေသော့်စိတ်ထဲမှာ မအီမသာကြီးဖြစ်နေမိသည်။ တစ်စုံတစ်ယောက်က သူဖုန်းပြောနေစဉ်တွင် ချောင်းမြောင်းနားထောင်နေသည်ဟု အထင်ရောက်နေမိသည်။

မေသော်စိတ်မောလှစွာဖြင့် ဧည့်ခန်းမှခွာသည်။ လှေကားအတိုင်း အပေါ်ထပ်သို့ တက်ခဲ့လေသည်။ အပေါ်ထပ်ရှိ သူ့အတွက်ပေးထားသော အခန်းသို့ ရောက်သောအခါ အိပ်ယာပေါ်တွင် လှဲချလိုက်မိသည်။ နဖူးပေါ်လက်တင်၍ အပြန်ပြန်အလှန်လှန် စဉ်းစားကြည့်၊ ဆင်ခြင်ကြည့်သည်။





မည်သည့်နည်းနှင့်မျှ လျှို့ဝှက်ခန်းပုံကို ဆွဲပေး၍မဖြစ်ဟု မေသော်တွက်ဆသည်။ အကယ်၍ ပုံဆွဲပေးခဲ့လျှင် မိမိအပေါ် ယုံကြည်နေမှုကို ဖောက်ဖျက်ရာရောက်မည်။ ပုံမဆွဲပေးပြန်ကလည်း မေမေက သူတို့လက်ထဲမှာရှိနေသည်။

'မေမေသူတို့လက်ထဲမှာဟူသော စကားနှင့်ပတ်သက်၍ ယခုမှပင် မေသော်အလေးအနက် စဉ်းစားမိသည်။

မေမေနှင့်ပတ်သက်၍ မိမိတွင် အထောက်အထားတစ်စုံတစ်ရာကိုမှ မရပါ။ တစ်ဖက်မှအပြောကိုသာ ယုံနေရခြင်းဖြစ်သည်။ မေမေသည် အမှန်တကယ်ပင် သူတို့လက်ထဲမှာ ရှိနေလေသလား။ သို့မဟုတ် တစ်ဖက်က လီဆယ်နေသည်လား။ မသိပါ။ မေသော့်အနေနဲ့ ဘာကိုမှ ပိုင်ပိုင်နိုင်နိုင် မတွေးတတ်တော့ပါ။

မေမေသာ သူတို့လက်ထဲမှာ မရှိပဲနဲ့ သည်လူရဲတင်းခဲ့မည်လားဟု ပြန်စဉ်းစားကြည့်သည်။ တွေးကြည့်သည်။ အမြော်ကြည့်သည်။ ကြာတော့ မောပန်းနွမ်းနယ်လာတော့၏။



www.burmeseclassic.com

www.burmeseclassic.com



မေသော် သက်ပြင်းအကြိမ်ကြိမ်ချမိသည်။ ပင့်သက်အခါခါ ရှိုက်မိသည်။ သည်အတိုင်းဆိုလျှင် ခက်ချေပြီ။ မိမိအနေနဲ့ ဆုပ်ဆည်းစူး၊ စားလည်းရှုးမည်ဆိုသော ကိန်းမျိုးဆိုက်နေသည်။

မည်သို့လုပ်ရပါ့။

မေသော်မည်သို့ကြံရပါ့။ ရင်မောမောသည်။ စိတ်ထဲတွင် ကြည်လင်လန်းဆန်းမှုမရှိတော့ပဲ ရှုပ်ထွေးနောက်ကျိ မှုံဝေလာတော့သည်။

မေမေနှင့်ပတ်သက်၍ မည်မျှပြဿနာကြီးမည်ဟု အစက မထင်ခဲ့ရိုးအမှန်ဖြစ်သည်။ ယခုတော့ ပြဿနာကြီးထွားရှုပ်ထွေးလွန်းနေပြီ။ အမယ်ဘုတ်ကယ် သူချည်ခင်ဖြစ်နေချေလေပြီ။

မည်သူကများ လာလို့ရှင်းမည်နည်း။ မေသော်သက်ပြင်းအကြိမ်ကြိမ် ချသည်။ ပင့်သက်အခါခါရှိုက်သည်။

မိုးဟိန်းနှင့်တိုင်ပင်လျှင် ကောင်းမည်လားဟု ရုတ်တရက် အကြံဖြစ်မိသည်။ ထိုအကြံကြောင့် မေသော်အိပ်ယာပေါ်မှ ဖျတ်ကနဲထလိုက်သည်။ ပြေလျော့နေသော ဆံပင်တို့ကို မထုံးနှောင်တော့ပဲ အောက်ထပ်သို့ အပြေးအလွှား ဆင်းခဲ့သည်။

ဧည့်ခန်းတွင် ထုံးစံအတိုင်း လူရှင်းနေ၏။ မေသော်တယ်လီဖုန်းရှိရာသို့ လျှောက်သွားပြီး ကလောဟိုတယ်သို့ ဖုန်းဆက်လိုက်လေသည်။

"ကလောဟိုတယ်ကပါ"

"ဟုတ်ကဲ့. . ကျွန်မ အခန်း(၇)မှာ တည်းခိုနေတဲ့ ကိုမိုးဟိန်းနဲ့ စကားပြောချင်လို့ပါရှင်"

"ကိုမိုးဟိန်းနော်"

"ဟုတ်ပါတယ်ရှင်"

တခဏအကြာတွင် အသံရှည်မြည်သံပေါ်လာသည်။ ခဏစ်ဖက်မှ အသံပေါ်လာသည်။

"ဟဲလို. . အစ်ကိုလား၊ မေသော်ပါ"







www.burmeseclassic.com

www.burmeseclassic.com



"မေသော်. . ဟုတ်လား၊ ဘာများလဲ. . မေသော်၊ ဖုန်းမဆက်စဖူး အဆက်ထူးတာ ဘာပြဿနာ ပေါ်နေလို့လဲ"

စိုးရိမ်တကြီးနိုင်သော မိုးဟိန်း၏ အမေးကြောင့် အသိတစ်ခု ဖျတ်ကနဲ ဝင်လာမိသည်။ မည်သူ့ကိုမှ အသိမပေးရဟူသော စကားကို ပြန်လည်ကြားယောင်နေမိသည်။

"ဪ. . အစ်ကိုကလည်း အထိတ်တလန့် ရှိလိုက်တာ၊ ဘာကိစ္စမှ အထူးမရှိပါဘူး၊ သက်သက် အစ်ကို့ဆီ ဖုန်းဆက်တာပါ၊ ဒီနေ့ မလာတော့ဘူးလား. . အစ်ကို"

"မလာတော့ဘူး. . မေသော်၊ ဦးဘဂ်ပြောပြထားတာလေးကို ပြန်ရေးနေလို့ မလာဖြစ်တော့ဘူး. . မေသော်"

"ဒါဖြင့် မနက်ဖြန်ကော"

"မနက်ဖြန်တော့ လာမှာပေါ့. . မေသော်ရဲ့"

"အဲဒါမေးချင်လို့ပါ. . အစ်ကို၊ ဒါပဲနော်၊ မနက်ဖြန်ဆိုရင် မျှော်နေမယ်"

"ကောင်းပါပြီဗျာ၊ လာခဲ့ပါ့မယ်"





မေသော်က ဖုန်းခွက်ကို အလျင်ဦးစွာချလိုက်ပြီး စိတ်ပျက်လက်ပျက်နဲ့ သက်ပြင်းရှည်ကြီးကို ချလိုက်မိလေသည်။

မိုးဟိန်းကို ဖွင့်ဟပြောမည်ဟု ရည်ရွယ်သော်လည်း တစ်ကယ်တမ်းကျတော့ မထွက်အောင်ဖြစ်နေမိသည်။ တစ်ဖက်က တစ်နည်းနည်းသိသွားလျှင် မေမေ့ကံကြမ္မာသည် မစဉ်းစားရဲလောက်အောင် ပြောင်းလဲသွားနိုင်သည်။ အပျက်ပျက်နဲ့ နှာခေါင်းသွေးထွက်သွားနိုင်သည်။

မေသော် စိတ်ပျက်လက်ပျက်နဲ့ အပေါ်သို့ တက်ခဲ့လေသည်။ကုတင်ခေါင်းရင်းရှိ စာရေးစားပွဲတွင်ထိုင်ပြီး လျှို့ဝှက်စားပွဲတွင်ထိုင်ပြီး လျှို့ဝှက်အခန်းပုံစံကို ဆွဲနေမိသည်။

စင်စစ် ဆွဲပေးရမည်က မြေပုံပါ။ ဟုတ်ပါရဲ့ မြေပုံပါ။

မေသော် ဆွဲပြီးသားပုံကို လုံးချေပစ်လိုက်သည်။ ပြီးအခန်းပြမြေပုံကို ဆွဲနေမိသည်။ ပုံဆွဲနေရင်းက မသိုးမသန့်ဖြစ်လာမိသည်။ သည်ပုံကို အမှန်အတိုင်းပေးလျှင် ခက်မည်ဟု အတွေးဖြစ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



မေသော်သည် ဆွဲပြီးသားပုံကို လုံးချေပစ်လိုက်၊ မြေ
ပုံအသစ်ဆွဲလိုက်နဲ့ ဆုံးဖြတ်ရခက်နေသည်။ နောက်ဆုံးတော့
လျှို့ဝှက်အခန်းကို နေရာလွှဲ၍ ဆွဲလိုက်သည်။ သည်ပုံအတ
ကို ပေးလိုက်ပြီး ဦးဘက်နှင့်မိုးဟိန်းတို့ကို ယခုကိစ္စအား ဖွင့်ဟ
ပြောပြလျှင် ထိုခြိမ်းခြောက်သူတို့ကို တစ်နည်းနည်းတုန့်ပြ
နိုင်မည်ဟု မေသော်တွေးမိသွားသည်။

မေသော့်စိတ်ထဲတွင် မနက်ဖြန် မြေပုံပေးအပြီး မိုး
ဟိန်းရောက်လာလျှင် အကြောင်းစုံကို ပြောပြတော့မည်ဟု
အနိုင်အမာ ဆုံးဖြတ်လိုက်မိသည်။

အမှန်စင်စစ် ဤသို့ဆုံးဖြတ်ရခြင်းသည် မေသော့်အ
တွက် အရဲစွန့်ရခြင်းဖြစ်သည်။ စွန့်စားရခြင်းပင်ဖြစ်သည်။ စိတ်
ကူးဖြင့် စွန့်စားရခြင်းဖြစ်သော်လည်း သေချာလှသည်တော့
ဟုတ်ပါ။ ကံကြမ္မာကိုသာ အားကိုးရန်ရှိတော့သည်။

မေသော်သည် မေပုံဆွဲအပြီးတွင် စိတ်မောလူမော
အိပ်ယာပေါ်မှ လှဲချလိုက်မိသည်။ တစ်ဆက်တည်းတွင် မေမေ





နှင့်ပတ်သက်၍ အတွေးများ ဦးနှောက်ထဲဝင်လာပြန်သည်။
မေမေတစ်ယောက် မည်သို့များရှိနေပါလိမ့်။

မနက်ဖြန်ကျရင် မေမေနှင့်တွေ့ရတော့မည်မို့ မေသော့်
ရင်ထဲတွင် လှုပ်ရှားသွားရသည်။ ကြည်နူးနှစ်သိမ့်ခြင်းသည်ရင်း
ကျေနပ်နှစ်သိမ့်ခြင်းသည်လည်းကောင်း ရင်ထဲမှာ လှုပ်ခါနေ၏။

လှုပ်ရှားနေသော စိတ်ကြောင့် နေမင်းကြီးကို မြန်မြန်
ဆန်ဆန် တောင်စွယ်များနောက်သို့ ပို့လိုက်ချင်မိတော့သည်။
အရှေ့ဘက်တောင်တန်းများအောက်သို့ ဆွဲယူချင်မိတော့၏။

အမှန်မှာတော့ မေသော်တစ်ယောက် စိတ်စောနေ
ခြင်းရယ်ပါ။ ရင်မှာ လှုပ်ရှားနေသည်ပါ။

မေသော် လှဲအိပ်နေရာမှ ထလိုက်သည်။ အခန်းပြ
တင်းဝမှနေ၍ အပြင်ဘက်သို့ လှမ်းကြည့်လိုက်မိသည်။

နေညိုနေပြီ။ မကြာခင် နေဝင်တော့မည်။ ထိုအခါ
ဘူရာညအမှောင်သည် တစ်လောကလုံးကို လွှမ်းပတ်အုပ်မိုး
ချတော့မည်။ ပြီးလျှင် အာရုဏ်လာတော့မည်။ မိုးသောက်



www.burmeseclassic.com

www.burmeseclassic.com



တော့မည်။

မေသော်သည် အပြင်ဘက်သို့ ငေးနေရာမှ အတွင်းဘက်သို့ ပြန်လှည့်လိုက်၏။ ထိုအခါ ပန်းအိုးထဲမှ ပန်းတစ်ပွင့်ကို လှမ်းမြင်လိုက်ရသည်။

မြင်နေကျ နှင်းဆီတစ်ပွင့်။

တစ်စုံတစ်ယောက်က လာထားနေကျဖြစ်သော နှင်းဆီပန်းလေးတစ်ပွင့်။

× × ×

**အခန်း – ၁၆**

နေခြည်ကတော့ မပွင့်သေးပါ။ အရှေ့ဘက် ကောင်းကင်ပြင်တွင် ရောင်နီတို့ ဖျို့အန်နေလေပြီ။ အေးမြသော နံနက်ဦး၏ လေပြေက တသုန်သုန်၊ တညင်းညင်း တိုက်ခတ်နေသည်။

မေသော်သည် အခန်းပြတင်းတံခါးကို အသာအယာ ပြန်ပိတ်လိုက်သည်။ ပြီး. . မြေပုံစာရွက်ကလေးကို ကိုင်ပြီး

www.burmeseclassic.com



အခန်းတွင်းမှ ထွက်လိုက်သည်။ ညင်သာသော ခြေလှမ်းများဖြင့် လှေကားကျယ်ကြီးအတိုင်း အပေါ်ထပ်မှ ဆင်းလာခဲ့ပါသည်။

ရောင်နီပျို့ အန်နေပြီဖြစ်သော်လည်း နှင်းအကျများသည်မို့ အလင်းရောင်က မပီပြင်သေးပါ။ မှုန်ပျပျသာ လင်းနေပါသည်။ မသော်သည် အိမ်ထဲမှ လှမ်းထွက်လိုက်ပါသည်။ အိမ်ရှေ့ ပန်းခြံကလေးဆီသို့ ဦးတည်လျှောက်လာခဲ့ပါသည်။ ပန်းခြံအနီးသို့ရောက်သောအခါ မသော်သည် တုန့်ကနဲရပ်လိုက်၏။ မြေပုံစာရွက်ကလေးကိုဖြန့်ပြီး ပန်းခြံအတွင်းသို့ ထိုးသွင်းလိုက်၏။ ပန်းခြံအတွင်းမှ အေးစက်သော လက်တစ်ဖက်ဖြင့် သူ့လက်ကို ဆုပ်ကိုင်ခြင်းခံလိုက်ရသည်။ မသော်သည် ငယ်သံပါအောင် အော်လိုက်မိပါသည်။ သို့သော် ကြာရှည်မအော်နိုင်ပါ။ ပန်းခြံထဲကလူက ဆောင့်ဆွဲလိုက်သောကြောင့် ပုံလျက်လဲကျသွားသည်။ တစ်ဆက်တည်းမှာပင် မာကျောလှသော အရာဝတ္ထုတစ်ခုက ဦးခေါင်းပေါ် ကျလာပြီး မိုက်ကနဲဖြစ်သွားသည်။





သေဆုံးခြင်းနှင့်ဆင်ဆင်တူသော ဝေဒနာကို မသော်ခံစားလိုက်ရသည်။ သူ့တစ်ကိုယ်လုံးသည် လေဟာပြင်ထဲသို့ မြောက်တက်သွားသည့်နှယ် ခံစားလိုက်ရသည်။ မသော်သတိရလာသောအခါ အခန်းတစ်ခန်း၏ ကြမ်းပြင်ပေါ်၌ မှောက်လျက်လဲနေသည့် အနေအထားနှင့်ပင်။ မသော်က မျက်လုံးအစုံကို အားယူ၍ ဖွင့်လိုက်သည်။

ကြမ်းပြင်ပေါ်သို့ အရိပ်တစ်ခု ထိုးကျနေသည်ကို မသော်သတိပြုမိသည်။ ထိုအရိပ်သဏ္ဌာန်၏ အချို့တစ်ဝက်သည် မသော်၏ ကိုယ်ပေါ်သို့လည်း အုပ်မိုးထားသည်။

မသော်သည် ထိုအရိပ်သဏ္ဌာန်ကို ဖျတ်ကနဲ မော့ကြည့်လိုက်မိပါသည်။ မသော်တုန်လှုပ်သွားမိသည်။ ချောက်ချားသွားရသည်။ အသက်ရှူရန်ပင် မေ့သွားပါ၏။

"ဟင်. . . ဦးအတွမ်"

"အေး. . ဦးအတွမ်ပါကွယ်၊ ငါ. . ဦးအတွမ်ဟဲ့၊ ဟား ဟား. . ဟား. . ဟား၊ မင်းလေး တစ်ခါက ငါ့လက်ထဲကလွတ်သွားလို့ အခု ငါ့လက်ထဲ ပြန်ရောက်လာတာပဲကိုး၊ ဟား.



www.burmeseclassic.com

www.burmeseclassic.com



ဟား . . ဟား . . ဝမ်းသာသကွယ်၊ ဝမ်းသာတယ်”

“ရှင် . . ဘာတွေပြောနေတာလဲ . . ဦးအတွမ်၊ ရှင် . . ဘာတွေ လုပ်နေတယ်ဆိုတာကော ကိုယ့်ဘာသာကိုယ်သိရဲ့လား”

“ဟာ . . သိပြီလားကွယ်၊ သိတာပေါ့၊ သိပ်သိတာပေါ့ ဘယ့်နှယ်ပြောပါလိမ့်၊ ဒီမှာ . . ကလေးမ၊ ငါဟာ တစ်သက်လုံး အနစ်နာခံလာခဲ့တာကွယ်၊ သိလား . . ဟိုမှာကြည့်စမ်း ငါ့ကို မကြိုက်ချင်တဲ့မိန်းမနဲ့ ငါ့ကို နှိပ်စက်ချင်တဲ့ကောင်”

မေသော်သည် ဦးအတွမ်ညွှန်ပြရာသို့ လှမ်းကြည့်လိုက်၏။ ကြမ်းပြင်တွင် ယှဉ်လျက်ရှိနေသော အရိုးစုနှစ်ခုကို တွေ့လိုက်ရပါသည်။ အသားများ မရှိတော့သော်လည်း ဆံပင်များ ရှိနေပါသည်။ အရိုးစုတစ်ခုတွင် လည်ဆွဲလေးတစ်ခုကို မြင်တွေ့ရသည်။

“အဲ . . အဲဒါ မညိုပြာလေကွာ၊ မညိုပြာ၊ ဟိုဘက်က အရိုးစုက သူ့အဆက်ပေါ့၊ သူလင်သော်ကလည်း ပြေးသွားပြီ မညိုပြာက လင်ငယ်နောက်လိုက်သွားပြီဆိုပြီး ပြေးသွားတာ





လေ၊ မညိုပြာက ပျောက်ဆုံးသွားတာမဟုတ်ပါဘူး၊ သေဆုံးသွားတာ၊ ငါသတ်ပစ်လိုက်တာလေ . . အဟင်း . . ဟင်း၊ ဒါကို ဟိုစိတ္တဇဝေဒနာသည် မမြစိမ်းက သိတယ်၊ ဘာရမလဲ၊ သူ့ကိုလည်း နှုတ်ပိတ်ပစ်လိုက်တာပေါ့၊ အခု . . မင်းပဲ ကျန်တော့တယ် . . ကလေးမ”

မေသော်သည် လဲနေရာမှ ခြောက်ချားစွာထရပ်လိုက်သည်။ ဦးအတွမ်ကို ကြောက်ရွံ့သောစိတ်များဖြင့် စိုက်ကြည့်နေမိသည်။

“မင်းကလေးက ကျားခံတွင်းစံအိမ်ကို လာချင်တာကိုး၊ မင်းဘယ်သူလဲဆိုတာ ငါသိပါတယ်၊ မင်းဟာ မညိုပြာရဲ့ သမီး မင်းမျက်နှာဟာ မညိုပြာရဲ့ မျက်နှာနဲ့ တစ်ထေရာတည်းပဲ၊ ဒါကြောင့် မင်းကို ငါနေ့တိုင်း နှင်းဆီပန်းအနီတစ်ပွင့် လာလာပေးထားတာပေါ့”

“ဟင်”

မေသော်သည် ကြောက်ရွံ့စွာဖြင့် နောက်သို့ ခြေတစ်လှမ်းဆုတ်လိုက်သည်။ ပြုံးကြောင်ကြောင်နိုင်လှသော ဦးအ



www.burmeseclassic.com

www.burmeseclassic.com



တွမ်၏ မျက်လုံးအစုံကို ရင်ဆိုင်မကြည့်ရဲအောင် ဖြစ်နေမိ၏။

"ငါ့ကိုလည်း ဘယ်သူမှ မသိဘူး၊ ဒီနေရာကိုလည်း ဘယ်သူမှ မသိဘူး ဘယ်လောက်ဟန်ကျလိုက်သလဲ၊ ဘာလဲ မင်းကြောက်နေသလား၊ မကြောက်ပါနဲ့ကွယ်၊ ငါက ကြောက်စရာမဟုတ်ပါဘူး၊ ဟား. . ဟား. . ဟား. . ကြောက်စရာမဟုတ်ပါဘူး"

ဦးအတွမ်သည် သဘောကျစွာဖြင့် အော်ဟစ်ရယ်မောနေပါသည်။ ဦးအတွမ်၏ ရယ်မောသံက အခန်းထဲတွင် ပဲ့တင်ထပ်နေသည်။ မေသော်သည် ကြောက်ရွံ့စွာဖြင့် နောက်သို့ ခြေတစ်လှမ်းဆုတ်မိပြန်သည်။ ပြူးကျယ်ဝိုင်းစက်သော မျက်လုံးအစုံဖြင့် ဦးအတွမ်ကို လှမ်းကြည့်လိုက်မိသည်။

သည်အခန်းသည် မည်သည့်အခန်းပါလဲ။ သည်အိမ်ကြီးမှ လျှို့ဝှက်အခန်းတစ်ခန်းဖြစ်လိမ့်မည်ဟု မေသော်တွေးလိုက်မိသည်။ သည့်သူရူးကြီး၏ စားကျက်ဖြစ်မည်ဟု မေသော်ယူဆသည်။

"ရှင်. . ရှင်. . ဖုန်းထဲကပြောတော့ မမေသော်ဘူး။





သက်ရှိထင်ရှား ရှိနေတယ်ဆို"

"အဲဒါ ငါမဟုတ်ဘူး၊ ဘယ်ကကောင်လဲဆိုတာလည်း ငါမသိဘူး၊ ငါသိတာ နင့်ကိုပဲ၊ နင့်ကိုပဲ. . ကလေးမ၊ နင်သိပ်လှတယ်၊ နင်သိပ်လှတယ်. . ဟင်း. . ဟင်း. . ဟင်း"

ဦးအတွမ်သည် ရှေ့သို့ တဖြည်းဖြည်း တိုးလာသည်။ မေသော်က ကြောက်ရွံ့စွာဖြင့် နောက်ဆုတ်လိုက်ပါသည်။ သည်အခန်းလေးထဲတွင် ဦးအတွမ်ကို တာရှည်ရှောင်တိမ်း၍ ရမည်မဟုတ်မှန်း မေသော်သိပါသည်။ ဦးအတွမ်သည် စိတ်များဖောက်ပြန်နေပြီလားမပြောတတ်။ ပြူးကျယ်ဝိုင်းစက်နေသော ဦးအတွမ်၏ မျက်လုံးများသည် ကြောက်စရာကောင်းလှသည်။ မျက်နှာတွင် ရမ္မက်အခိုးအငွေ့တွေ သန်းနေသည်။ သမင်မလေးကို ကိုက်သတ်စားသောက်မည့် ကျားငစဉ်းလဲအသွင်ပေါက်နေသည်။

"ဦးအတွမ်. . ရှင်ဘာလုပ်မလို့လဲ၊ ဘာလုပ်မလို့လဲ"

မေသော်က ကြောက်ကြောက်လန့်လန့်နဲ့ မေးမိသည်။

"ငါ. . နင့်ကို ချစ်လို့ပါဟယ်၊ ချစ်လို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"အို. . . နွားကြီး. . သွား. . သွား. . ."

"ငါ. . နွားမဟုတ်ပါဘူး"

"ရှေ့မတိုးနဲ့၊ ရှေ့တိုးရင် အော်လိုက်မှာနော်"

"ဩော်. . ဟား. . ဟား. . ဟား. . မင်းအော်လို့များ ဘယ်သူက ကြားမှာလဲ၊ ဒီအခန်းက အလုံခန်း၊ မြေတိုက်ခန်း သိရဲ့လား"

"ကျွန်မကို သနားပါရှင်"

မေသော်က လက်အုပ်ကလေးချီကာ တောင်းပန်၏။

"သနားတယ်၊ သိပ်ကိုသနားတာ၊ သနားတာတင်မက ဘူး၊ ချစ်တယ်၊ ချစ်နေမိတာ. . ကလေးရဲ့"

ဦးအတွမ်က ရှေ့သို့တိုးလာပြီး မေသော်ကို လှမ်း၍ ဖက်လိုက်သည်။ မေသော်က ရှောင်တိမ်းသဖြင့် လွတ်သွား သည်။ မေသော်သည် အခန်းထောင့်တစ်နေရာတွင် သွားရပ် နေလိုက်သည်။ ဦးအတွမ်က မေသော်ရှိရာသို့ တစ်လှမ်းချင်း လျှောက်လာသည်။ မေသော်က ဦးအတွမ်ကို ရှောင်တိမ်းရင်း အကွက်ရှာနေသည်။ အခန်းလေးထဲတွင် တံခါးပေါက်ဟူ၍





မရှိပါ။ မတွေ့ရပါ။

သည်အခန်းသည် အလုံပိတ်အခန်းဖြစ်မှာ သေချာ ပါသည်။ မေသော့်နဖူးပြင်တွင် ချွေးသီးလေးများ စို့လာပါ၏။ မေသော့်ရင်သည် တုန်လှုပ်ခြင်းကြောင့် မောဟိုက်နေပါသည်။ ဦးအတွမ်၏ မျက်နှာက ခက်ထန်မာကြောနေသည်။

"မပြေးပါနဲ့. . အချစ်ကလေးရယ်၊ မပြေးပါနဲ့ကွယ်"

ဦးအတွမ်သည် မေသော့်အနီးသို့ ချဉ်းကပ်လာသည်။ မေသော်က ရှောင်လိုက်ပြီး ဦးအတွမ်ကို ခြေချိတ်လိုက်သည်။ မမျှော်လင့်ပဲ ခြေချိတ်ခံလိုက်ရသောကြောင့် ဦးအတွမ်သည် ကြမ်းပြင်ပေါ်သို့ ဘုန်းကနဲလဲကျသွားသည်။

"အား"

မေသော်သည် ကြမ်းပြင်ပေါ်တွင် လဲနေသော ဦးအ တွမ်အား စိုက်ကြည့်နေမိသည်။ ဦးအတွမ်သည် ငြိမ်သက်နေ သည်။ အနည်းငယ်မျှပင် လှုပ်မလာပါ။ မေသော်သည် ဦးအ တွမ်အနားသို့ တိုးကပ်စွာကြည့်သည်။ ဦးအတွမ်သည် ဦးခေါင်း နှင့်နံရံဆောင့်မိပြီး သတိမေ့မျောသွားဟန်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



မေသော်သည် အခန်းကလေးအတွင်း လှည့်ပတ်၍ ကြည့်ရှုရင်း ထွက်ပေါက်ရှာနေမိသည်။ သည်အခန်းကလေး သည်သာ အလုံခန်းလေးဖြစ်သည်မှာ သေချာသွားပြီ။ အခန်း နံရံလေးဖက်သည် ပကတိစေ့စေ့ပိတ်နေသည်။ မေသော်သည် တစ်ခန်းလုံး အနှံ့အပြားကြည့်ပြီး စိတ်ပျက်စွာဖြင့် အခန်း၏ ထောင့်တွင် ခြေပစ်လက်ပစ် ထိုင်ချလိုက်သည်။ မေမေအရိုး စုများကို မဝံ့မရဲကြည့်မိသည်။

"အဖြစ်ဆိုးလှချည်လား. . မေမေရယ်"

မေသော်သည် တီးတိုးရေရွတ်လိုက်မိ၏။ မေသော့် ရင်ထဲတွင် နာနာကျင်ကျင် ခံစားလိုက်ရသည်။ မေမေ့အတွက် ဝမ်းနည်းလွန်းသဖြင့် ရှိုက်ကြီးတငင် ငိုနေမိသည်။ ရင်ထဲမှာ ဗလောင်ဆူနေသည်။ မေသော်သည် ထိုင်နေရာမှ ထရပ်လိုက် သည်။ ဒယီးဒယိုင်နဲ့ နံရံကိုကိုင်ပြီး အရိုးစုများရှိရာသို့ လျှောက် လာ၏။ သူ့အမေ၏ အရိုးစုအား လက်အုပ်ချီပြီး ကန်တော့ နေမိသည်။

"မေမေဟာ ဖေဖေ့အပေါ်မှာ သစ္စာမဲ့ခဲ့လို့ အခုလို





အသေဆိုးနဲ့ သေရတာ၊ မေမေ့ကို အားလုံးက အသစ်နောက် ကို လိုက်သွားကြတယ်ပဲ ထင်ကြတယ်၊ မေမေ့ မကောင်းသ တင်းတွေဟာ ဒီနယ်မြေမှာ ပျံ့နှံ့နေခဲ့တယ်။

တကယ်တော့ ဦးအတွမ်ဟာ သမင်ယောင်ဆောင်နေ တဲ့ ကျား။ မင်းသားခေါင်းဆောင်းထားတဲ့ ဘီလူး။ တဏှာရူး ကြီး။ မေမေ့ကို သူသတ်ပစ်တာတဲ့လေ။ အခုလည်း သမီးကို အနိုင်ကျင့်စော်ကားဖို့ အားထုတ်သေးတယ်လေ။ ဥပဒေကို ကြောက်လို့ပါ။ ဒင်းကို အသေသတ်ပစ်ချင်တယ်"

မေသော်သည် တစ်ယောက်တည်း ပြောဆိုနေမိ၏။

"အင်း. . ဟင်း. . အား. . ကျွတ်. . ကျွတ်. . ."

ဦးအတွမ် သတိရလာသည်။ ခေါင်းကို ဘယ်ညာ လှည့်ရင်း မေသော့်ကို ရှာဖွေနေသည်။

"ဟား. . ဟား. . မင်းပြေးလို့ မလွတ်ပါဘူးကလေးမ"

"ဟင်"

ဦးအတွမ်က လဲနေရာမှ ဝုန်းကနဲထသည်။ မေသော် ရှိရာသို့ တဟုန်ထိုးပြေးလာသည်။ မေသော့်အား အတင်းပွေ



www.burmeseclassic.com

www.burmeseclassic.com



ဖက်သည်။ မေသော့်မျက်နှာကို နမ်းသည်။ မေသော်က ခေါင်းကို ဘယ်ညာခါရမ်းနေသည်။ ဦးအတွမ်၏ ရင်ခွင်ထဲမှ လွတ်မြောက်ရန် ရုန်းကန်နေသည်။ နှစ်ဦးသား ရုန်းရင်းဆန်ခတ်ဖြစ်နေရင်းမှ ကြမ်းပြင်ပေါ်သို့ လဲကျသွားသည်။

"ဝုန်း"

"ချစ်လို့ပါကွယ်၊ ချစ်လွန်းလို့ပါ"

"ဖယ်. . ဖယ်စမ်း၊ တဏှာရူးကြီး"

ထိုစဉ် အခန်းနံရံတစ်နေရာမှ တတီတီနဲ့ မြည်လာ၏။ တဆက်တည်းမှာပင် နံရံအက်ကွဲသွားပြီး အပေါက်ဖြစ်သွားကာ အခန်းထဲသို့ မိုးဟိန်းဝင်လာသည်။

"ဟင်. . . မေသော်"

"ကိုမိုးဟိန်း. . မေသော့်ကို ကယ်ပါဦး"

"ဟာ. . မင်း. . မင်း. . ."

"ဦးအတွမ်. . လူယုတ်မာကြီး"

မိုးဟိန်းက အပြေးလာပြီး ဦးအတွမ်မျက်နှာကို ခြေထောက်ဖြင့် တအားကန်လိုက်သည်။ ဦးအတွမ် နောက်ပက်လက်လှန်ကျသွားသည်။ မိုးဟိန်းက မေသော့်ကို ဆွဲထူပေးနေစဉ် ဦးအတွမ်က လူးလဲထလာသည်။





"အပြင်သွားတော့. . မေသော်"

မိုးဟိန်းက မေသော့်ကို တွန်းလွှတ်လိုက်သည်။ ဦးအတွမ်၏ မျက်နှာဆီသို့ လက်သီးများ ဆက်တိုက်ပစ်သွင်းလိုက်လေသည်။ ဦးအတွမ်သည် ကြမ်းပြင်ပေါ်သို့ အရုပ်ကြိုးပြတ်သည့်ပမာ လဲကျသွားသည်။ အခန်းထဲသို့ ရဲတပ်ဖွဲ့ဝင်များ ဝင်လာသည်။ ဦးအတွမ်အား လက်ထိပ်ခတ်ပြီး ခေါ်သွားကြ၏။

မိုးဟိန်းက မေသော့်အနီးသို့ လျှောက်လာသည်။ မေသော်က မိုးဟိန်း၏ ရင်ခွင်ထဲသို့ ပြေးဝင်လာပြီး ငိုနေသည်။

"ရှက်လိုက်တာ. . ကိုမိုးဟိန်းရယ်"

"လူယုတ်မာကြီးကို လက်ရဖမ်းမိပြီပဲ၊ ပြီးတော့ မေသော်ဘာမှမဖြစ်တာ"

"မေမေ့ကို ဦးအတွမ်သတ်ပစ်တာ၊ ပြီးတော့ ဒေါ်မြင်းကိုသတ်တာလည်း သူပဲ"

"ကိုယ်သိတယ်"



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

မေသော်က မျက်ရည်များကြားမှ မိုးဟိန်း၏မျက်နှာကို မော့ကြည့်သည်။

x x x

# နိဂုံး

နေဝန်းက ရဲရဲနီနေသည်။ ငိုထားသောမိန်းကလေး၏မျက်ဝန်းအစုံကဲ့သို့ ရဲရဲနီနေသည်။ ထိုနေလုံးနီနီမှ အနီရောင်ခြည်များ ဖြန့်လွှတ်နေသည်။ သို့သော်. . ထိုနေရောင်ခြည်ထိတွေ့သော တိမ်များကမူ မနီပါ။ ထိုနေရောင်ခြည်ကျရောက်သော သစ်ပင်၊ ပန်းမာလ်တို့သည် မနီပါ။

နေလုံးသည် ပုဇွန်ဆီရောင်သန်းနေသည်။ ထိုကြောင့်


www.burmeseclassic.com

www.burmeseclassic.com



တိမ်တောက်နေသည်ဟု ဆိုရမည်ဖြစ်ပါသည်။ မေသော်က တောင်ကုန်းပေါ်မှ ကလောမြို့ကွက်ကို လှမ်းကြည့်နေမိသည်။ ရွှေရောင်အနားကွပ်နှင့် တိမ်ဆိုင်များကိုကြည့်သည်။ အရောင် တဖျတ်ဖျတ်လက်နေသော သစ်ရွက်သစ်ခက်များကို ကြည့်သည်။ မေသော့်ရင်ထဲမှာ အမှန်ပင် ကြည်နူးနေမိသည်။

"အစ်ကို့ရဲ့ ဘဝအမှန်ကို မေသော့်ကို မပြောပဲ လျှို့ဝှက်ထားတာကိုတော့ မေသော်မကျေနပ်ဘူး"

မေသော်က နှုတ်ခမ်းကလေးစူကာ ပြောသည်။ ကယ်တော့ မိုးဟိန်းသည် အင်းစိန်မှုခင်းတပ်ဖွဲ့မှ ရဲအုပ်မိုး ဖြစ်ကြောင်း ဦးဘတွမ်ကို လက်ရဖမ်းမိသည့်နေ့မှ မေသော် ရသည်။ ဦးဘဂ်က အံ့ဩသွားသည်။ မေသော့်ကိုလည်း သားရင်းဖြစ်ကြောင်း ဦးဘဂ်သိသွားရသည်။ ထိုနေ့က ဦး မှာ ဝမ်းသာလွန်း၍ မျက်ဝန်းအိမ်ထဲတွင် မျက်ရည်တွေ သည်။ ဘကြီးဖြစ်သူနှင့် တူမဖြစ်သူတို့၏ ဝမ်းသာမှုမှာ ရည်ကိုယ်စီနှင့်။

"မေသော့်မေမေ ပျောက်ဆုံးသွားတဲ့သတင်းက





မြို့လုံးမှာ ပျံ့နှံ့နေတယ်၊ ခင်ပွန်းလက်ထဲက အခြားသူနောက်ကို လိုက်သွားတယ်လို့သာ သတင်းကထွက်နေတယ်၊ ဘယ်သူဘယ်ဝါနောက် လိုက်သွားတယ်ဆိုတာ ဘယ်သူမှမပြောနိုင်ဘူး၊ ဒါဟာ. . ကလောမြို့က ရဲတပ်ဖွဲ့ဝင်တွေအတွက် သံသယဖြစ်စရာပဲ။ ရဲတပ်ဖွဲ့ဝင်တွေက သဲလွန်စရှာကြည့်ကြတယ်။ ဘယ်လိုမှ စုံစမ်းမရဘူး။ ဒေါ်ညိုပြာပျောက်ဆုံးသွားတာဟာ သွေးရိုးသားရိုးမဟုတ်ဘူးလို့ ယူဆတယ်။

အဲဒါကြောင့် ကလောမြို့ ရဲစခန်းမှူးက ကိုယ်တို့မှုခင်းတပ်ဖွဲ့ကို ကူညီစုံစမ်းပေးဖို့ အကူအညီတောင်းတယ်။

(မှုခင်းတပ်ဖွဲ့မှ ရဲမှူးကြီး)က ကိုယ့်ကို တာဝန်ပေးခဲ့တယ်။ အဲဒီအခါ ဦးဘဂ်၊ ဦးအတွမ်၊ ပီတာ၊ ဒေါ်သိန်းတို့ရဲ့ အခြေအနေကို အမြဲစောင့်ကြည့်ပြီး လေ့လာနေမိတယ်။

နောက်ဆုံးမှာ ကိုယ်က အတွေ့အကြုံအရ ဦးအတွမ်ကို သံသယရှိသွားတယ်။ မေတ္တာစံအိမ်ကို ကိုယ်ရောက်လာတိုင်း ဦးအတွမ်ဟာ အိမ်ရှေ့ပျက်နေတတ်တယ်။ ကိုယ်တို့ပြောတဲ့ စကားတွေကို တစ်နေရာက ချောင်းပြီးနားထောင်နေတတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်။ သူ့မျက်လုံးတွေက မတည်ငြိမ်ဘူး။

ဒေါ်မြစိမ်းကျသေသွားတဲ့ ချောက်ကမ်းပါးကို ကိုယ် ဒုတိယအကြိမ် သွားကြည့်တော့ နောက်ကနေ ဓားမြှောင်နဲ့ အပစ်ခံရတယ်။ ကိုယ့်ကို လုပ်ကြံတာပေါ့။ ကိုယ်က အသံကြား ပြီး ရှောင်လိုက်လို့ လုံးဝမသိဘူး။ အဲဒီဓားမြှောင်ကို သိမ်းဆည်း ပြီး ကလောရဲစခန်းမှာ အပ်နှံထားတယ်။ မေသော့်ဆီအလည် လာရင်း အပြန်မှာ ဦးအတွမ်ပန်းစိုက်တဲ့အခါမှာ အမြဲကိုင်တဲ့ ခရင်းခွကို မသိအောင်ယူလာတယ်။ စောစောက ဓားမြှောင်နဲ့ ခရင်းခွကို မှုခင်းတပ်ဖွဲ့ကို ပို့ပြီး လက်ဗွေစစ်ဆေးခိုင်းတဲ့အခါ တူညီနေတာ သိလိုက်ရတယ်။ အဲဒါကြောင့် မေသော့်ကို ဦး အတွမ်အနိုင်ကျင့်ဖို့ ကြိုးစားနေတဲ့နေ့က လက်ဗွေအရ ဦးအ တွမ်ကို ဖမ်းဆီးစစ်ဆေးဖို့ ရဲတပ်ဖွဲ့ ဝင်တွေနဲ့အတူလာခဲ့တာ။

မေသော်ရဲ့ လှုပ်ရှားမှုတွေကိုလည်း သိထားတယ်။ အဲ ဒီနေ့က အိမ်ထဲမှာ ဘယ်သူမှမတွေ့ဘူး။ မေတ္တာစံအိမ်ကို အ မြဲစောင့်ကြည့်နေတဲ့ နယ်ထိန်းရဲတပ်ဖွဲ့ဝင်က ဦးဘင်္ဂ. . လမ်း လျှောက်သွားတယ်။ ဒေါ်သိန်းကို ဈေးဘက်သွားတယ်လို့ သ





တင်းပို့တော့ အိမ်ထဲမှာ မေသော်နှင့်ဦးအတွမ် နှစ်ဦးပဲရှိတာ သိလိုက်ရပြီ။ မေတ္တာစံအိမ်ရဲ့ အခန်းတိုင်းကို လိုက်ရှာရင်း မသင်္ကာစရာနံ့ရဲ့က ခလုတ်တစ်ခုကို တွေ့မိလို့ နှိပ်ကြည့်မိရာ က မေသော့်ကို ကယ်တင်မိသွားတာပဲ။ ကိုယ်သာ နံရံက ခ လုတ်ကို မတွေ့မိရင် မေသော့်ဘဝက မတွေးရဲစရာပဲ။ ကိုယ့် ကို နားလည်ခွင့်လွှတ်ပေးပါ. . . မေသော်။ ကိုယ်. . မနက်ဖြန် မြန်ရတော့မယ်”

“ရှင်”

“အဲဒါကြောင့် မေသော့်ကို ကိုယ်တောင်းထားတဲ့ အ ဖြေကို သိချင်လို့”

“မေသော်. . ဘာပြောရမလဲ”

“ကိုယ့်ကို ချစ်ပါတယ်လို့”

“ဟာ. . အစ်ကိုကလည်း”

“ဘာလဲ. . . မပြောဘူးလား”

“ဟင့်အင်း. . မပြောဘူး၊ ခေါင်းညိတ်ပြလိုက်မှာ”

“ဟာ”



www.burmeseclassic.com

www.burmeseclassic.com



မိုးဟိန်းက အသည်းယားသွားသည်။ မေသော်၏ ပခုံးလေးကို အတင်းဆွဲဖက်လိုက်သည်။ မေသော့်မျက်နှာပေါ်တွင် ရှက်သွေးဖြန်းသွားသည်။ မိုးဟိန်း၏ ရင်ခွင်ထဲတွင် မျက်နှာဝှက်ထားလိုက်သည်။

"အဖြေပေးလေ. . . မေသော်"

"လူတစ်ယောက်လုံး အစ်ကို့ရင်ခွင်ထဲရောက်နေမှပဲ အဖြေပေးဖို့ လိုသေးလို့လား"

"အင်း! ဟုတ်သားပဲ၊ ဝမ်းသာလိုက်တာ မေသော်"

မိုးဟိန်းသည် မေသော့်ကိုယ်လုံးလေးကို တင်းကျပ်စွာ ဖက်ထားလိုက်လေတော့သတည်း. . . . .။

ပြီးပါပြီ။



BURMESE CLASSIC
www.burmeseclassic.com